
www.linhtet.com
ဟာသ သရုပ်ဆောင်
ကျော်ရူး
၏
လုံး ချင်း ဝတ္ထု
မင်္ဂလာ
Actor
Bay Lu Wa
Design
Hein Mann Zaw
(TWMM)

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဟာသ သရုပ်ဆောင်၊ လူရွှင်တော်

ကျော်ကြူး

# ပိတ် တ

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၂၀၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၂၅၁၁၀၈

| | | |
|---|---|---|
| မျက်နှာဖုံးသရုပ်ဆောင် | - | ပေလု၀ |
| မျက်နှာဖုံး ဒီဇိုင်း | - | ဟိန်းမင်းဇော် (တော်ဝင်မြို့မ) |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ဒုထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/ခ၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းပပ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ခုနှစ်၊ မေလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

## ကျေးဇူးတင်လွှာ

အရာရာကို သိတတ်နားလည်ပြီး စေတနာ မေတ္တာတရားကို ရှေ့တန်းတင်ကာ သူ၏ ခတ်ပုံလေးကို အသုံးပြုခွင့် ပေးခဲ့သော 'ဗေလုဝ' အား များစွာ များစွာမှ ကျေးဇူးတင်မိပါသည်။

ငွေရေးကြေးရေးထက် လူမှုရေးကို ဦးစား ပေးပြီး အနုပညာသမားအချင်းချင်းအပေါ် နားလည် သိတတ်တဲ့ ခတ်ပုံဆရာလေး 'မိုးပိုင်စိုး' ကိုလည်း ကျေးဇူးတင်မိပါသည်။

စာရေးသူ

ကျော်ထူး

အထွေထွေ သရုပ်ဆောင်

www.linhtet.com

## အခန်းစဉ် (၁)

ကန်တော်ကြီးပန်းခြံထဲက ဗိုလ်ချုပ်ကြေးရုပ်ကြီးကို လှည့်ပတ်ပြီးကြည့်နေတာ ဘယ်နှခေါက်တောင်ရှိသွားပြီလဲ မသိ . . တချို့ကတော့ နယ်က၊ တောက လာလည်တဲ့ တောသူတောင်သားတွေလားဆိုပြီး ပြုံးသွားလေရဲ့ . . .

ပြုံးလည်း ပြုံးလောက်စရာ . . ဝတ်တာစားတာလည်းကြည့်ဦးလေး . . အင်တာနက် . . အီးမေးလ် . . ကွန်ပျူတာ . . လက်တော့ပ်တွေ ခေတ်စားနေချိန်မှာ ပင်နီရောင်ရှမ်းဘောင်းဘီရှည်၊ လည်ကတုံးရှပ်လက်ရှည် အဖြူရောင် . . ပြီးတော့ ဘိုဆံထောက်ကို အုန်းဆီတွေရွှဲနေအောင်ထည့်ပြီး နောက်ပြန်ဖြီးထားတာများ ပြောင်နေတာပဲ . . .

ဟတ်ရှူးကို ဖိနပ်တိုက်ဆေးနဲ့တိုက်ထားသလိုမျိုး ပုံစံက ဟိုးတုန်းက မင်းသားကြီး ဦးကျော်ဆွေလိုလို ဒီဘက်ခေတ်ဦးကျော်ဟိန်းလိုလို . . .

ခက်တာက သူ့အရုပ်အမောင်းက ပေမမီဒေါက်မမီဆို

တော့ ခုနက ရှမ်းဘောင်းဘီက အောက်မှာတော်တော်ကြီးပုံကျ နေတယ်။ ဂျင်းဘောင်းဘီလိုမျိုး ခေါက်ဝတ်လို့လည်း မရ။ အောက် ကခြေထောက်၊ ဖိနပ်တောင်စီးစရာမလိုတော့ဘူး . . ဘာမှမှ မမြင်ရတာ . . ရှပ်လည်ကတုံးအဖြူကလည်းလည်ပင်းပေါက်က အကျယ်ကြီး လက်ကရှည်နေတော့ လက်မောင်းဘက်မှာ မတရား ဖောင်းနေတယ် . . .

သူကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်ပုံမရဘူး . . တစ်စုံတစ် ခုကို လေးလေးနက်နက် တွေးနေပုံရတယ် . . လောကကြီးမှာ လူတစ်ကိုယ်အကြိုက်တစ်မျိုးဆိုတဲ့ စကားလည်း ရှိခဲ့ဖူးတယ်လေ . . ပြီးတော့ ဇီဇာကြောင်တယ် . . ပီစာမဟုတ်သလို . . နိုင်ငံကူး လက်မှတ် ဗီဇာလည်း မဟုတ်ပါ . . တချို့က အဝတ်အစား ဇီဇာ ကြောင်တယ် . . ဟိုဟာမကြိုက်ဘူး . . ဒီဟာ မကြိုက်ဘူး . . ဟိုအရောင်က ပြူးတူးပြဲတဲ . . ဒီအရောင်က ခပ်မွဲမွဲ . .

အဲ . . အချို့များကျတော့ အဝတ်အစားမဟုတ် အစား အသောက် . . ဥပမာ . . လက်ဖက်ထဲမှာ ကြက်သွန်ကြော်ထည့် တာမကြိုက်ဘူး . . ကန်စွန်းရွက်ကြော်ရင် အရမ်းနွမ်းပြီး ပျော့ဖတ် နေရင် မကြိုက်ဘူး . . မကျက်တကျက်လေးမှ . . . .

ပြီးတော့ ရှိသေးတယ် . . ဟိုထမင်းဆိုင် မကောင်းဘူး . . ဒီဆိုင်က ညစ်ပတ်တယ် . . အရာရာ ဈေးများတယ် . . ဈေး သည်က လက်သည်းရှည်တယ် . . ပန်းကန်ဆေးတာ မပြောင်ဘူး . . ဆေးတဲ့ရေက မလဲဘူး . . ရောင်းတဲ့ဈေးသည်ရဲ့ အဝတ် အစားက သန့်ပြန့်မှုမရှိဘူးတဲ့ . . .

ကဲ . . လူတွေစိတ်၊ လူတွေရဲ့ဇီဇာကြောင်မှုတွေကို ရေး ပြနေရရင် ပြီးတော့မှာ မှုတ်ဘူး . . ခု ကျွန်တော် တင်ပြချင်တာ

က ပုဏ္ဏားဘထွန်း . . ဆရာကြီးမင်းသိခ်ဝတ္ထုတွေထဲက ပုဏ္ဏားဘကွန်းမဟုတ်ပါဘူး . . ငါးတွေထဲမှာ ငါးပုဏ္ဏားကလွဲပြီး ဘာငါးမှ မစားဘဲ ဇီဇာကြောင်လို့ ပုဏ္ဏားဘထွန်းလို့ အရပ်ကခေါ်ကြတာပါ . . ဒါဆို သူရဲ့ဝတ်စားဆင်ယင်ပုံကို ရှင်းပြနေစရာလိုတော့မယ် မထင်ပါဘူး . .

အဲ . . သူ့ကိုမေးရင်တော့ မျိုးချစ်စိတ်ဓာတ်နဲ့ဝတ်တာလို့ ပြောလာပါလိမ့်မယ် . . ခုနကလည်း ဗိုလ်ချုပ်ကြေးရုပ်ကို ကြည့်ချင်လို့ ကြည့်နေတာမှုတ်ဘူး . . ဗိုလ်ချုပ်လို လူချစ်လူခင်ပေါပြီး အားလုံးရဲ့လေးစားခြင်းကို ခံယူချင်တယ် . . အထူးသဖြင့် လူချစ်လူခင်ပေါတဲ့အထဲမှာမှ မိန်းကလေးတွေ . . . မိန်းကလေးတွေရဲ့ ချစ်ခင်မှုကိုပိုပြီး လိုလားတဲ့ . . ပုဏ္ဏားဘထွန်းပါ . . .

ဒါပေမယ့်လို့ . . အရာရာဇီဇာကြောင်နေတဲ့ လူအဖို့ကတော့ ဘယ်အသက်အရွယ်အထိ . . စောင့်နေရဦးမယ် မသိပေါ့ဗျာ . . မိန်းမနဲ့ပတ်သက်လို့ ဇီဇာကြောင်သလားမှတ်တယ် . . ငွေရေးကြေးရေးမှာလည်း အင်္ကျီအိတ်ကပ်နဲ့လက် အင်မတန်ဝေးပါတယ် . . . သူ့ကိုယ်သူတောင် သဒ္ဓါတာမှုတ်ဘူး . . ဆိုတော့ ကမ်းကုန်ရောဗျာ . . ကမ်းကုန်ရော . . ဒါပေမယ့်လို့ . . သူကတော့ တစ်ချိန် ဖိတ်စာလှလှလေးထဲမှာ သူ့နာမည်ပါလာရမယ်လို့ . . နီးစပ်ရာ အပေါင်းအသင်းတွေကို ဟစ်ကြွေးထားလေရဲ့။

“ဒီမယ် ငါ့ညီ . . ငါပေးထားတဲ့ ပိုက်ဆံက အသစ်ကျပ်ချွတ်လေ . . ”

“ဟုတ်ပါတယ် အစ်ကိုရယ် . . ဒါပေမယ့် ခုဟာက တကယ်မရှိလို့ပါ . . . ”

“ဟ . . . တစ်နေ့ တစ်နေ့ လူပေါင်းများစွာ ဝင်ထွက်နေ

တာတောင် အသစ်မရှိဘူးပေါ့ . . အစုတ်ပြန်အမ်းရတယ်လို့ကွာ”

ဒါပါပဲ . . သူ့ရဲ့ ဇီဇာကြောင်မှု . . .

ပန်းခြံဂိတ်ဝက လူတွေကတော့ နားမလည်နိုင်သော ဝတ်စုံနဲ့လူ့ရဲ့ကျောပြင်ကိုကြည့်ရင်း ကျန်ရစ်ခဲ့ပါတော့တယ် . .။

# အခန်းစဉ် (၂)

"ဘထွန်း . . ထမင်းစားမယ်တဲ့ . . . "

"ဟုတ်ကဲ့ . . အစ်မ . . "

ကြည့်လက်စ ဖိတ်စာလေးတွေကို စနစ်တကျ ပြန်သိမ်းရင်း ထမင်းစားဖို့ ထလိုက်သည်။ ပြီးတော့ ပြန်ကြည့်လိုက်ပြန်သည်။ အစ်မဖြစ်သူက စိတ်မရှည်တော့ . . . .

"ဟဲ့ . . ဘထွန်း . . ပြီးရင် ထမင်းက အေးစက်နေသလေး . . ဟင်းချိုက ငန်သလေးမလုပ်နဲ့ . . တစ်နေ့ တစ်နေ့ အလုပ်လုပ်ဖို့ မစဉ်းစားဘူး . . တဏှာရူး . . အဲလေ . . ဖိတ်စာရူး ရူးနေတာနဲ့ အချိန်ကုန်တယ် . . မိန်းမကျတော့ လိုချင်လိုက်တာ . . တစ်ပိုင်းကိုသေလို့ . . အကုန်အကျတော့ တစ်စက်လေးမှ မခံချင်ဘူး . . ရပါလိမ့်မယ် . . ဒီတစ်သက် မိန်းမ . . "

ဘထွန်းက မျက်နှာကြီး နီမြန်းလာပြီး . . . အစ်မဖြစ်သူကို ကြည့်ကာ ပြောရက်လေခြင်းတည်းဟူသော မျက်နှာပေးနဲ့ . .

"အစ်မ . . မသိဘဲ ဝင်မပြောစမ်းပါနဲ့ . . ကျွန်တော်က

မလိုအပ်ဘဲ ငွေကုန်ကြေးကျများတာကို ဂရုစိုက်တာဗျ . . နှမြောတာ . . တွန့်တိုတာ . . ကပ်စေးနည်းတာ မှုတ်ဘူး . . ငွေဆိုတာ သူ့နေရာနဲ့သူ သုံးမှအဓိပ္ပါယ်ရှိတာ . . ကဲ . . မိန်းမတစ်ယောက် ရဖို့ . . ဘယ်လောက် အကုန်ခံရမလဲ . . ပြော . . ”

အစ်မဖြစ်သူ မဆယ်က အနည်းငယ်စဉ်းစားလိုက်ပြီး လက်ဖျစ်တစ်ချက်တီးကာ ဘထွန်းနားကပ်လာပြီး . . .

“ဒီလိုပြောလို့တော့ ဘယ်ရမလဲဟဲ့ . . အကြံဉာဏ်တောင်းခ . . . ဉာဏ်ပူဇော်ခဆိုတာ ရှိတယ်လေ . . . သဘောပေါက်လား . . . ”

“ကဲပြောဗျာ . . ဉာဏ်ပူဇော်ခက . . . ”

“သုံးထောင် . . . ”

“ဗျာ . . သုံးထောင် . . ဟုတ်လား . . . ”

“ဟုတ်တယ်လေ . . မိန်းမတစ်ယောက်ရဖို့ ဒီလောက်တော့ . . . ”

စကားတောင်မဆုံးလိုက်ရ သူ့ရှေ့က ဖြတ်ပြီး ဘထွန်း ထွက်သွားလေရဲ့ . . .

“တစ်သက်လုံး ငှက်ပျောတုံး ဖက်သေရမယ့်ကောင် . . ဟင်း . . . ”

ထမင်းဝိုင်းကိုရောက်တော့ မိခင်ဖြစ်သူက ပန်းကန်ပြားကိုင်ပြီး အထ . . .

“နေ . . နေ . . အမေ . . ကျွန်တော့်ဘာသာ ကျွန်တော်ခူးမယ် . . ပန်းကန်ထားခဲ့ . . . ”

“ထားခဲ့မှာပါတော် . . ငါ စားပြီးသားပန်းကန် . . နင်ပဲဆေးရမှာ . . . ”

"ဟင် . . အမေတောင် စားပြီးသွားပြီ . . ကျွန်တော့် တောင် မစောင့်ဘူး . ."

"နင်နဲ့ထမင်းတစ်ဝိုင်းတည်းစားရင် ဒီနေ့အဖို့ ထမင်းဝမှာ မှုတ်ဘူး . . အချိန်ဆိုတာ လူကိုမစောင့်ဘူးဟဲ့ . . ဦးနှောက်မရှိ တဲ့ကောင်ရဲ့ . . ."

လက်ဆေးပြီး လက်သုတ်ကာ ပြောလည်းပြော အိမ်ရှေ့ သို့ထွက်သွားပါတော့တယ် . . အစ်မဖြစ်သူကတော့ ဘာမှမပြော တော့ဘူး . . အမေ့ရဲ့ချိန်ခွင်တွေ အလေးတွေကို ဈေးတောင်းထဲ ထည့် . . ဟိုဟာလုပ် . . ဒီဟာလုပ်နဲ့ . . .

"ဘထွန်း ထမင်းအုပ်ဆောင်းကို မ,လိုက်တော့ ချဉ်ဟင်း ထဲမှာ ယင်ကောင်တစ်ကောင် . . ရင်ထဲကို ပျို့တက်လာပြီး အန်ချ လိုက်တာ . . ထမင်းစားပွဲတစ်ခုလုံး ဆန်ပြုတ်တွေ ဖြစ်ကုန်ရော။

"ဝေါ့ . ."

"သွားပြီ အမေရေ . . သမီးတို့တော့ ညစာပါငတ်ပြီ . ."

"ဘာလဲ . . ဟိုကောင် ဗိုက်ကြီးသည် အန်ပြန်ပြီလား . . ဒုက္ခပါပဲတော် . . ယောက်ျားတန်မဲ့ . . သူမရှာရတိုင်း . ."

ငါးရောင်းတဲ့ဈေးသည်ဆိုတော့ သိတဲ့အတိုင်း ပါးစပ်က ဗျစ်တောက် ဗျစ်တောက်နဲ့ ဈေးတောင်းခေါင်းပေါ် ရွက်လိုက်ပြီး

"ဟဲ့ . . ဟိုဟာမ . . မိငါးဖယ် . . မလုံးတင်ဆီက ငါး ကြွေး သွားတောင်းပြီးပြီလား . . ."

"မရသေးဘူး အမေ . . ."

"နက်ဖြန်မှမရရင် ပါးချလာခဲ့ . . ငါရှင်းမယ် . . ကြား လား . . ."

"ဟဲ့ . . ဟို . . ဘယ်သူ . . အကြီးမ . . ."

ငါးကျည်းရေသေတွေကိုကိုင်နေတဲ့ အကြီးမမိဆယ်က လှည့်ကြည့်လိုက်ပြီး ကပျာကယာနဲ့ . . .

"မိဆယ်ပါ အမေ . . . "

"ဘာ မိဆယ်လဲ . . ခေါင်းတိုမ . . ငါးတွေဆားနယ်ပြီး ကျောက်ပျဉ်နဲ့ဖိထားလိုက် . . ဟင်း . . "

"လူကိုများ ခေါင်းတိုမတဲ့ . . လုပ်ချလိုက်ပြန်ပြီ အမေ တို့က . . ဂဲလ်ဘဲ . . . "

## အခန်းစဉ် (၃)

လမ်းထိပ်ကင်းတဲမှ သံချောင်းခေါက်သံ သဲ့သဲ့ကိုကြားလိုက်ရသဖြင့် ဘထွန်း သူ့မျက်လုံးနှစ်လုံးကို အတင်းဖြဲကာ မီးဖိုချောင်ဘက် ခြေသံဖွဖွလေးနင်းပြီး ထွက်လိုက်သည်။ တစ်နေကုန်ငါးလျှောက်ရောင်းပြီး ပင်ပန်းကာ ခြေကုန်လက်ပမ်းကျ၍ အိပ်မောကျနေသော အမေ့ထံမှ ဟောက်သံက အဝီစိငရဲမှ ပွက်ပွက်ဆူနေသော ဆီပူအိုးသံ ပမာ . .

"ဟဲ့ . . ဒါက ဘယ်လဲ . . နင့်အချိုးတွေ မသိဘူး မှတ်နေလား . . ."

ဟိုက် . . ငါးခေါင်းတိုမရဲ့အသံ . . သူသိလို့မဖြစ်ဘူး . . နောက်ကြောင်းပြန်လှည့်ဖို့ ခြေလှမ်းအပြင် . . .

"အဲဒီ့လို မလုပ်ရဘူးလေ . . ငါ့အမေအကြောင်း သိရဲ့သားနဲ့ . ."

"နင် . . ဒီလိုချိုးပေါင်းများနေပြီ . . ဒီတစ်ခါတော့ မရဘူး . ."

မိသွားမှတော့ ဘယ်လာတတ်နိုင်မှာလဲ . . ရပ်နေမယ့် အတူ ထိုင်နေလိုက်တယ် . . ဘယ်လို ဉာဏ်နီဉာဏ်နက်သုံးရ မလဲသာ စဉ်းစားလိုက်မိတယ် . .

"ကဲ ပြော . . ငါးကြွေး ဘယ်တော့ပေးမလဲ . . မပေးလို့ ကတော့ နောက်ဘဝ ငါးပူတင်းမဖြစ်ပြီး ငါးရှဉ့်လေးမွေးပါစေ တော် . . . "

ဩော် . . ငါးကြွေးလိုက်တောင်းတာတွေကို စမြို့ပြန်ပြီး ယောင်နေတာကိုး . . တော်ပါသေးရဲ့ . . လုပ်ငန်းပြန်စမှ . . လက်နှိပ်ဓာတ်မီးတစ်ဖက်၊ သားရေလက်အိတ်တစ်ဖက်၊ ပလတ် စတစ်ရေပုံးလေးကို အသံမကြားအောင် အသာအယာမ,ပြီး သူခိုး ခြေလှမ်းနဲ့ . . ဒီလိုနည်းနဲ့မှ ငွေမရှာရင် ဘယ်လိုရှာမလဲ . . . အချိန်တန်ရင် အိမ်ထောင်ပြုရမယ် . . မိန်းမယူရမယ် . . သားသ သမီးတွေ မွေးရမယ် . . အိမ်ငှားဘဝမှ အိမ်ပိုင်ဘဝဖြစ်အောင် လုပ်ရမယ် . . ဒါတွေ အားလုံးဟာ ငွေဆိုတဲ့ပိုက်ဆံနဲ့တစ်ခုမှ ကင်းလို့မရဘူး . .

ဒီတော့ ခုထဲက ကြိုတင်စုဆောင်းထားရမယ် . . ချွေတာ စုဆောင်းသူခိုးလောင်းတဲ့ သူခိုးလောင်းမှသည် သတို့သားလောင်း သို့ ဆိုသကဲ့သို့ ခေတ်သစ်အဇာတသတ်ပဲ ဖြစ်ဖြစ် . . စောရပဲ ဖြစ်ဖြစ် အသုံးချခွင့်ပြုပါ မေမေရယ် . . . .

## အခန်းစဉ် (၄)

"ပလိန်းနှစ်ခွက် ရပြီ . . အစ်ကို . . . "

"အေး . . မင်းတို့ဆိုင်မှာ စျေးအသက်သာဆုံး မုန့် . . . ဘာရှိလဲ . . "

"ဗျာ . . . "

"စျေးအသက်သာဆုံးလို့ မေးနေတယ်လေ . . မင်းနားမကောင်းဘူးလား . . "

"ဟို . . ဟို . . နံပြားဖုတ်တဲ့ ပြာတော့ရှိပါတယ် . . "

"ဘာကွ . . . "

ထမယ်အလုပ် . . ဆိုင်ရှင်က ပြေးလာပြီး သူ့အလုပ်သမား ကုပ်ကိုဆွဲကာ . . .

"ကိုဘထွန်း . . သည်းခံပါ . . သူက လူသစ် . . ဟော့ကောင်လေးတွေ . . ဒီဝိုင်းကို စမူဆာနှစ်ခု လာချ . . "

တွံတေးကလာတဲ့ ဦးလေးဖြစ်သူ ဦးကံလန့်သွားတယ် . . ဘာလဲဟ . . ဒီကောင် ဒီရပ်ကွက်မှာ လူမိုက်ဖြစ်နေပြီလား . .



www.foreverspace.com.mm

www.foreverspace.com.mm

ဒါမှမဟုတ် လူမိုက်လုပ်ပြီး မိုက်ကြေးခွဲစားနေလား . . စသည်ဖြင့် အတွေးစုံ မျက်လုံးပေါင်းစုံနဲ့ အကဲခတ်ကြည့်နေလိုက်တယ် . . ပြီးမှ . . .

"မောင်ဘထွန်း . . စိတ်လျှော့လေကွာ . . ဟိုက တောင်း ပန်နေပြီပဲ . . ခုနက ဦးလေး ပြောတဲ့စကား ဘယ်လိုသဘော ရလဲ . ."

စကားလမ်းကြောင်း လွှဲလိုက်သည်။ ဘထွန်း ပြန်ထိုင် လိုက်ပြီး ဦးကံကို ကြည့်ကာ . . .

"ဘာစကားလဲ ဦးလေးရဲ့ . . မေ့သွားလို့ . . ဟာ . . လုပ်ပြန်ပြီကွာ . . ဟေ့ . . ဟေ့ . . ဒီအကြမ်းပန်းကန်လုံးတွေ ပြန်ဆေးပေး . . ဒါမှမဟုတ် အသစ် . . အသစ်လဲပေးကွာ"

ဦးကံကတော့ သူ့တူအကြောင်း သိပြီးသား . . ဘာမှမ ပြောတော့ဘူး . . ပလိန်းထုပ်ကိုဖောက်ပြီး ဇွန်းနဲ့မွှေနေလေရဲ့ . .

"လုပ်ပါဦး . . ဦးလေးရဲ့ . . ခုနက ဦးလေးစကား"

"မင်း . . ဒီလိုပဲ ရှေ့ဆက်လျှောက်နေတော့မှာလားလို့ မေးတာ . . ."

"ဘာလဲ ဦးလေးက လိုင်းကား . . ဒါမှမဟုတ် Taxi စီး ချင်သေးလို့လား . . နီးနီးလေး ဥစ္စာ . . လမ်းလျှောက်လာတော့ ဟော . . ရောက်နေပြီလေ . . ."

အင်း . . တွေးလွန်းတော့ချော် . . ချော်လွန်းတော့လဲ . . လဲလွန်းတော့ ကွဲ . . ကွဲလွန်းတော့ ပြဲ . . ပြဲလွန်းတော့ ချုပ် . . ရတယ်ဆိုတဲ့စကား တယ်မှန်ပါလား . . ဒါကြောင့်မို့လဲ . . လူပျိုကြီးစာရင်းထဲက ခွဲမထွက်သေးတာကိုး . . တစ်သက်လုံး အိမ်ထောင်စုစာရင်းမှာ ထိပ်ဆုံးကပါမယ့်အကောင် မှတ်ဘူး . . ။

www.foreverspace.com.mm

"ဒါကိုပြောတာ . . မှတ်ဘူးကွ . . ငါပြောတာက မင်း မိန်းမမယူတော့ဘူးလား . . မင်းအမေအိုကြီးအိုမ ငါးရောင်းကျွေး တာပဲ ထိုင်စားနေမှာလားလို့ မေးနေတာဟေ့ . . မေးနေတာ . . ရှင်းပြီလား . . . "

ဆိုင်ထဲက လူတွေလှည့်ကြည့်ကြတယ် . . ဒီတစ်ခါ ဒေါသဖြစ်သူက ဦးလေးဦးကံ . . စိတ်မရှည်တော့ဘူးနဲ့ တူပါတယ် . . အော်ပြောလိုက်တာများ . . ရပ်ကွက်ထိပ်မှာရုံက လော်စပီ ကာထက် ကျယ်သေး . . .

"ဩော် . . ဒါလား . . အဟီး . . ဒီလိုရှိတယ်လေ . . ဦးလေးရဲ့ . . . ကျွန်တော် . . ကျွန်တော်ကတော့ လိုချင်တာ ပေါ့ . . ဒါပေမယ့်လို့ . . အိမ်ထောင်ပြု စုတ်ထိုး . . ဘုရားတည်"

"ဟေ့ကောင် . . အိမ်ထောင်မှု ဘုရားတည် . . ဆေးမင် စုတ်ထိုးပါ . . . ဘာလဲ မင်းက အိမ်ထောင်ပြုပြီး ဘုရားရှေ့မှာ စုတ်ထိုးတဲ့ဆိုင်ဖွင့်မလို့ပေါ့ . . ကိုယ်နဲ့လိုက်မယ့် စကားသုံးစမ်းပါ . . လိုရင်းကို ပြော . . . "

ဘထွန်း ပတ်ဝန်းကျင်ကိုကြည့်လိုက်ပြီး . . .

"မရှက်ပါဘူး . . တော်တော်မှ တော်တော်လေးကို မိန်းမ လိုချင်နေတာပါ . . ဒါပေမယ့် ဦးဆောင်လမ်းပြ လမ်းညွှန်အောင် သွယ်ပေးမယ့် ဆရာကောင်း၊ အောင်သွယ်ကောင်းမရှိသေးလို့ . . အဲဒါ . . အဲဒါ . . "

"ရှိတော့ကော . . မင်းနဲ့ အဆင်မပြေတာက များတယ် . . ဇီဇာကြောင်တဲ့ကောင် . . ဘယ်လာရှာရမလဲ . . . "

"ဟာ . . ဦးလေးကလည်း ဒါက ဒီလိုရှိတယ်လေ . . သူတို့တွေက မူမှမမှန်တာ . . ခွင်တည့်တာနဲ့ ဆော်မယ်ဆိုတာကြီး

www.foreverspace.com.mm

ပဲ . . ဒီတော့ . . . . . ”

“မင်း ငါ့ကို ယုံလား . . ငါ လက်ရှိလုပ်နေတဲ့အလုပ်ကို ပြောတာ . . . ”

“ဟာ . . ကိုယ့်ဦးလေးပဲ ယုံတာပေါ့ . . အဟဲ . . ပြော”

“မင်းသိပါတယ် . . နာမည်တစ်လုံးနဲ့နေတာ . . ငါ့အိမ်ကငါ့သမီးတွေ ငါ့အစွမ်းနဲ့ လင်ရကုန်တာ . . . ”

တွံတေးမြို့တစ်မြို့လုံးမှာတော့ ရောင်းမထွက်သော ခြံ၊ အိမ်၊ မြေ . . စသည်ဖြင့် ဘယ်လူမှုရေးကိစ္စမဆို သူ့ကိုပဲ အားကိုးရသည်။

“အေး . . ဘယ်အလုပ်ကိစ္စမဆို . . မလုပ်ကိုင်မီ သူ့ရဲ့လုပ်ငန်းအပေါ်မှာ ယုံကြည်မှုအပြည့်အဝရှိရမယ် . . မိမိကိုယ်မှ မိမိ မယုံကြည်ဘူးဆိုရင် ဘာလုပ်လုပ်အောင်မြင်မှာ မဟုတ်ဘူး . . ပြီးတော့ . . . ”

သူ့စကားကို စိတ်ဝင်စား၏ မဝင်စား၏တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး . . .

“ယုံကြည်မှု၊ ယုံကြည်မှုကို ပါဠိလို ‘သဒ္ဓါ’ လို့ခေါ်တယ် . . သူတော်ကောင်းတွေရဲ့ ဥစ္စာရတနာခုနစ်ပါးမှာတစ်ပါးအပါအဝင်ဖြစ်တယ် . . အများအားဖြင့် အလှူအတန်းအပေးအကမ်းရက်ရောရင် သဒ္ဓါတရားကောင်းတယ်လို့ ပြောတတ်ကြတယ် . . အဓိပ္ပါယ်ကတော့ကွာ . . သဒ္ဓါဆိုတာ ရတနာသုံးပါးအပေါ် ယုံကြည်မှုလို့ ဆိုလိုတယ် . . ဒီလိုလှူရင် ဒီလိုလှူတဲ့ အကျိုးခံစားရမယ်လို့ ယုံကြည်ခြင်းဖြစ်တယ် . . . ”

နားတော့ မလည်ဘူး . . ဒါပေမယ့် အကူအညီပေးမယ့်လူဆိုတော့ သူ့စကားကို စိတ်ဝင်စားဟန်နဲ့ နားထောင်နေရတယ်

www.foreverspace.com.mm

. . ဘာများ ဆက်ပြောမလဲ . . ပေါ့ . . .

“ဒီတော့ နက်ဖြန် မင်းအိမ်မှာ လူရှင်းချိန် ငါ ကွမ်းယာမန်း စီရင်ပေးမယ် . . . ဘယ့်နှယ်လဲ . . ငါ့ကို ယုံလား . . ”

“ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . ယုံပါတယ် . . ”

“ဟုတ်ပြီ . . ယုံရင် နောက်ထပ်စီးကရက်တစ်ပွဲ၊ စမူဆာပွဲကြီးတစ်ပွဲ ထပ်မှာလိုက် . . မင်းတော့ မစားရဘူး . . စမူဆာခေတ်က မင်းအတွက် ကြိုတင်အဖျက်နိမိတ် . . ဒီတော့ ငါပဲစားမယ် . . ဟုတ်ပြီလား . . သဒ္ဒါတရားကို အာရုံပြု . . . ”

အဲဒီ့နေ့က ပုဏ္ဏားဘထွန်း ရှင်းလိုက်ရတာ သုံးထောင်နီးပါး . . အံမယ် . . ဘာဖြစ်လဲ . . တစ်သက်လုံး သုံးမယ့်မိန်းမရမယ့်ဥစ္စာ . . ဒါမှ ရပ်ကွက်တွေထဲ လူပုံအလယ်မှာ ဖိတ်စာကြီးကိုင်ပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ တစ်အိမ်တက်ဆင်း လိုက်ဝေပစ်လိုက်မယ် . . ဘာမှတ်လဲ . . .

သူများဖိတ်စာတွေထက် သာစေရမယ်လို့ ရင်ထဲမှာ ကြိတ်ပြီးပြောလိုက်သေးတယ်။

www.foreverspace.com.mm

# အခန်းစဉ် (၅)

"ဖယောင်းတိုင် နောက်ထပ်တစ်တိုင် ပေးဦးလေ . . ဝယ်လာတဲ့ ဖယောင်းတိုင်လေးတွေကလည်းကွာ မော်ဒယ် ကောင်မလေးတွေ ဝင်စားထားသလား မှတ်ရတယ် . . ဟေ့ ကောင် ဘထွန်း ဈေးပေါတာ ဝယ်လာတယ်မှတ်လား . . မင်းက တော့ကွာ . . ."

"ဈေးက ပေါတော့ မပေါပါဘူး . . သက်သာလို့ပါ . ."

"ကိုဘထွန်းရေ . . ဗျို့ ကိုဘထွန်း . . ."

အရေးထဲ အမေတို့ မသိတုန်း လုပ်ပါတယ်ဆိုမှ ဘယ်က ကောင်တွေ လာပြန်ပါလိမ့် . . ကမန်းကတန်း အိမ်ရှေ့ထွက်လိုက် တော့ . . . ငါးဖောက်သည် မြင့်အောင် . . .

"ဘယ်မလဲ . . ငါး . ."

"မခိုးရသေး . . အဲ . . မရသေးဘူး . . နက်ဖြန်မှရမယ် . . သွားတော့ဗျာ . . ."

"အေးပါ . . အေးပါ . . ဟာ ဟေ့ကောင် . . နက်ဖြန်

www.foreverspace.com.mm

ကျိန်းသေတယ်နော် . . ယတြာချေမယ့်လူက တစ်ပိဿာလောက် လိုချင်လို့တဲ့ . . ”

“စိတ်ချပါဗျာ . . စ . . စရံပေးခဲ့ဦးမလား . . ”

“ဟာ . . မင်းဟာကလည်း . . . . ”

ပြန်ထွက်သွားတော့မှ အခန်းထဲ ပြန်ပြေးဝင်ပြီး . . .

“ဦးလေး . . အစီအစဉ်စလို့ရပြီလား . . တောက် . . ဟိုကောင် စကားသွားပြောနေရတာနဲ့ . . ဖယောင်းတိုင်တွေ ကုန်ပြီ . . ထပ်ထွန်းရဦးမယ် . . ”

“ကဲ . . ဖယောင်းတိုင်ထွန်းပြီးရင် ကွမ်းယာကို လက်နှစ်ဖက်နဲ့ကိုင်လိုက် . . . ငါပြောသလိုမျိုး လိုက်ပြော . . . ”

“ဟုတ်ကဲ့ . . . ”

“ကျွန်ုပ်သည် မည်သည့်မိန်းကလေးအတွက် ကွမ်းယာကို မန်းလိုပါသောကြောင့် အရှင်နတ်မင်း ခွင့်ပြုတော်မူပါ . . အကြံအစည်အောင်မြင်လျှင် သစ္စာရှိစွာဖြင့် . . . အတည်တကျပေါင်းသင်းပါမည် . . နတ်မင်းလည်း စောင့်ရှောက်ပေးတော်မူပါ . . ”

“ဦးလေး မည်သည့်မိန်းကလေးဆိုတာက . . . ”

“မင်းဟာက ဘယ်မိန်းကလေးမှန်းမှ မသိသေးတာ . . နာမည်တပ်ပြောလို့မရသေးဘူးလေ . . ”

“ရတယ် . . ရတယ် . . တစ်လမ်းကျော်က သင်းသင်းယုလှိုင် . . ”

“ဟုတ်ပြီ . . ပေး . . ကွမ်းယာ . . ”

“ဟာ . . ကွမ်းယာက ကျွန်တော့်အတွက်လေ . . ”

“ဟာ . . ဒီအရူးနှယ် . . ငါမန်းပေးရဦးမယ်ကွ . . ပေး”

“ဉ် . . ဣ . . ပုရိသ . . . ”

www.foreverspace.com.mm

ဘာတွေရွတ်နေမှန်းတော့ မသိ။ ကြားရတာတော့ ဥုံတစ်ခုပဲ . . ပါးစပ်က ပွစိ ပွစိနဲ့ . . တော်တော်လေးကြာတော့မှ ဘထွန်းဘက် လှည့်လာပြီး . . .

"ရော့ . . ကွမ်းယာ . . ဒီဂါထာကို သုံးဆယ့်ခုနစ်ခေါက် ရွတ်ရတယ် . . ရွတ်နေတဲ့အချိန်မှာ ဂါထာမဆုံးမီ တံတွေး မထွေးရဘူး . . တံတွေးမမျို ချရဘူး . . စကားမပြောရဘူး . . လုပ်ဆောင်နေတဲ့ နေရာကို မရွှေ့ရဘူး . . ပြီးတော့ ဂါထာကို ဘယ်လိုအကြောင်းအရာနဲ့မှ ရပ်လိုက်လို့မရဘူး . . "

ဘထွန်းက ချက်ချင်းစားမည့်အလုပ် . . ဦးလေးဦးကံက ကမန်းကတန်း လက်နဲ့လှမ်းဆွဲလိုက်ပြီး . . . .

"ဟေ့ကောင် . . နေဦးလေ . . မင်းပြောတဲ့ကောင်မလေးဆီ သွားခါနီးမှစား . . ပြီးတော့ မင်း ကွမ်းစားထားတာကို သူမြင်ပစေ . . တတ်နိုင်ရင် အဲဒီ့မိန်းကလေးဖြတ်မယ့်လမ်းပေါ်မှာ ကွမ်းတံတွေးကို ထွေးလိုက် . . သူနင်းမိမယ် . . ကျော်မိမယ်ဆိုရင် ပွဲသိမ်းပဲ . . . "

"ဟင် . . ဟုတ်လား . . ပြီးတော့ရော . . ဦးလေး . . "

"မင်းပြောချင်တဲ့စကားတွေ ပြောပေတော့ . . မင်း အသံကြားတာနဲ့ . . ဣန္ဒြေပျက်လောက်အောင် ဖြစ်လာလိမ့်မယ် . . ကဲ . . ငါပြန်တော့မယ် . . နက်ဖြန်မှ . . ငါတစ်ခေါက်ပြန်လာခဲ့မယ် . . လမ်းစရိတ်နဲ့လက်ဖက်ရည်ဖိုး လုပ်ဦးလေ . . . "

"ဩော် . . ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . . "

ဖယောင်းတိုင်ရယ်၊ အမွှေးတိုင်ရယ်၊ ကွမ်းရွက်ဖိုး၊ ထုံးဖိုး၊ လမ်းစရိတ်၊ လက်ဖက်ရည်ဖိုး တွက်လိုက်တော့ မနည်းဘူးဟ . . ဒါတောင် တစ်ရက်တည်း . . ဘယ်နှရက်ကြီးများတောင် လုပ်ရ

www.foreverspace.com.mm



မလဲ မသိဘူး . . ဟယ် . . မတတ်နိုင်ပါဘူး . . မိန်းမရဖို့က အဓိက . . ဘယ်လောက်ကုန်ကုန် အရင်တုန်းက ပိုက်ဆံနှမြော နေလို့ . . ဘယ်ကောင်မလေးမှ စိတ်မဝင်စားတာ . . ခုတော့ မရတော့ဘူး . . ရပ်ကွက်ထဲမှာ မာနကြီးပါတယ်ဆိုတဲ့ သင်းသင်း ယုလှိုင်ရေ . . မကြာခင် ဘထွန်းရဲ့မင်္ဂလာဖိတ်စာထဲမှာ မင်းလေး ရဲ့နာမည်ပါလာရတော့မှာပါကွာ . . ညှင်း ညှင်း ညှင်း ညှင်း . .

စိတ်ကူးယဉ်အိပ်ရာထဲမှာ ဖိတ်စာလည်းပါပေါ့ . . . ကဒေါ်င်ချောင်နင် . . အဲလေ . . ခုတင်ခြင်ထောင် . . ဝါမဝင် ခင် ကြိုတင်ပြင်ဆင်ထားရတော့မယ် . . . .

www.foreverspace.com.mm

## အခန်းစဉ် (၆)

ထိုင်နေကျ သံယောဇဉ်ဆိုတဲ့ လက်ဖက်ရည်လေးကနေပြီး ဘထွန်းအလာကို စောင့်နေလိုက်တယ် . . ဘာမှတော့ မမှာရဲသေးဘူး . . အဆင်ပြေ၏ မပြေ၏ပေါ်မှာ မူတည်နေတယ်လေ။

"ဟောဒီက ငါးရစ် . . အဲလေ ငါးရှဉ့် . . ငါးခူ . . ငါးမြစ်ချင်း . . တော်ရေ . . ယူကြဦးမလား . . "

ကပျာကယာ ဟိုဟာရှာသလို . . ဒီဟာရှာသလိုနဲ့ စားပွဲခုံအောက်ကို ခေါင်းငုံ့နေလိုက်ရတယ် . . တွေ့သွားရင် ပြဿနာ . . . သူ့သားကပ်စေးနည်း . . ဇီဇာကြောင်နဲ့သူတို့အကြောင်းတွေပေါ်ကုန်မယ် . . ဒီကောင်ကလည်း ဒီနည်းနဲ့မှ သူ့အိတ်ကပ်ထဲက ပိုက်ဆံခုန်ထွက်တာ . . နို့မို့ဆို . . ဇစ်များတပ်ထားသလားအောက်မေ့ရတယ် . . မတတ်နိုင်ဘူး . . ဘယ်သူ့ကိုမှ မလိမ်ရရင် . . ကိုယ့်တူကိုယ့်သားပဲ လိမ်ရတော့မှာ . . ပြဿနာဖြစ်လည်း အမျိုးဆိုတော့ နည်းနည်းသက်သာမယ်လေ . . ဟော . .

www.foreverspace.com.mm

ပြောရင်းဆိုရင်း လာပါပြီဗျာ . . ပုဏ္ဏားဘထွန်း မန်ဒါလီကြီး ကားတိုက်လိုက်လို့ မသေမရှင်နဲ့ ထပြေးလာတဲ့ပုံစံ . . အခြေအနေမကောင်းတော့ဘူးဆိုတာ ဦးကံသိလိုက်ပြီ . . ဟန်ကိုယ့်ဖို့ပဲ . . ဘယ်ရမလဲ . . .

"ဘထွန်း ဘယ်လိုလဲကွာ . . . အချိန်နာရီဆိုတာ အောင်မြင်မှုကို ပေးစွမ်းနိုင်သလို အရှုံးဆိုတာကိုလည်း အားပေးတယ်ကွ . . . ဘာလို့ နောက်ကျနေရတာလဲ . . . "

ဘထွန်းပြောဖို့ဟန်ပြင်လိုက်သည်။ ဦးကံက လက်ကာပြလိုက်ပြီး လက်ခုပ်တီးကာ စားပွဲထိုးချာတိတ်အား . . .

"ပလိန်း မဟုတ်တော့ဘူး . . ပလိန်းဆိုတာ နိမိတ်မကောင်းဘူး . . လက်ဖက်ရည် ကျဆိမ့် . . မုန့်ကတော့ ထုံးစံအတိုင်း စမူဆာ . . . ကဲ . . မင်း အဆင်မပြေပုံလေး တင်ပြစမ်းပါဦး . . . ငါပြောသလို မလုပ်ဘူးလား . . "

"လုပ်ပါတယ် ဦးလေး . . ဒါပေမယ့် ကျွန်တော် ဆေးစွမ်းပိုပြအောင် ဦးလေးပေးတဲ့ ကွမ်းယာအပြင် နောက်ထပ် ကွမ်းတစ်ယာ . . ကုလားဆိုင်က ထပ်ဝယ်ပြီး နှစ်ယာစားလိုက်ပါတယ်"

"အဲဒီတော့ . . ပြောလေကွာ . . "

"တစ်ခါမှ ကွမ်းမစားဖူးတာရယ် . . ဝယ်တဲ့ကွမ်းယာထဲမှာ ဘာတွေထည့်ပေးလိုက်တယ် မသိပါဘူး . . ကွမ်းမူးပြီး ချွေးစေးတွေကထွက် . . ယိုင်တိုင် ယိုင်တိုင်နဲ့ကောင်မလေးနေတဲ့ လမ်းကိုသွားတော့ အရက်သမားထင်ပြီး ခွေးတွေက ဝိုင်းဆွဲတာ . . နီးစပ်ရာ သူ့ခြံထဲအဝင်မှာမူးလဲသွားပါတယ် . . "

"ကောင်းတာပေါ့ကွာ . . အေး အေး . . ဟင် . . ဘာကွ . . ဘာပြောတယ် . . . "

www.foreverspace.com.mm

"ကောင်မလေးအဖေကတောင် ပြောပါသေးတယ် . . . ငယ်ငယ်ရွယ်ရွယ်နဲ့ကွာတဲ့ . . "

"သွားပြီ . . သွားပြီ . . ငါ့ကွမ်းယာမန်း ပွဲပျက်ပြီပေါ့ ကွာ . . တောက် . . . နှမြောလိုက်တာ . . မင်းမို့ ကုလားဆိုင် က ကွမ်းယာသွားဝယ်ရတယ်လို့ကွာ . . ခါတ်ချင်းမတူဘူးလေ"

ဘထွန်းက မျက်နှာငယ်လေးနဲ့ ဦးကံကို ပြန်ပြောတာက

"ခါတ်ချင်းတူပါတယ် ဦးလေးရဲ့ . . တစ်ညလုံး သွား လိုက်တဲ့ခါတ်တွေ . . . ပုံစံမပြောင်းပါဘူး . . ဒလဟောပါပဲ . . ခုတောင် . . ခုတောင် . . . "

ဘထွန်း ထမယ်အလုပ် . . ဦးကံက လက်ဖမ်းဆွဲလိုက် ပြီး ပြန်ထိုင်ခိုင်းလိုက်တယ် . . မထိုင်ခိုင်းလို့မရဘူး . . သောက် ထားစားထားတာတွေ ဘာမှမရှင်းရသေးဘူး . . .

"ခါတ်သွား . . ဆိုတော့ သွားခါတ် . . သွားခါတ်ဆို တော့ ပညတ်သွားရာ ခါတ်သက်ပါဆိုသလို . . ခါတ်တစ်မျိုး . . ပြောင်းရမယ် . . မပြောင်းလို့မရတော့ဘူး . . မှတ်ထား. . လက်ဖွဲ့တို့၊ အဆောင်တို့ဆိုတာက သုံးစွဲသူကပေးသူအပေါ်မှာ ယုံကြည်မှုရှိမှုဖြစ်တယ် . . ငါပြောပြမယ် . . .

ရှေးအခါက စစ်သားတစ်ယောက်ပေါ့ကွာ . . ဆရာတစ် ယောက်ထံမှာ ကာယသိဒ္ဓိဆေးကို နားပူနားဆာနဲ့ ခဏ ခဏ တောင်းတော့ လက်ဖွဲ့တစ်ခုကို ပေးလိုက်ရော . . ပြီးတော့ မှာ လိုက်သေးတယ် . . ဒီလက်ဖွဲ့က ဓား၊ လှံ၊ သေနတ်အကုန်ပီး တယ် . . . ယုံကြည်စွာနဲ့ ရိုရိုသေသေဆောင်ထားပါတဲ့ . . .

သူကလည်း ယုံယုံကြည်ကြည်နဲ့ ဆောင်ထားတော့ တကယ်ဓား၊ လှံ၊ သေနတ်တွေ ပီးနေတော့ . . နာမည်တော်

www.foreverspace.com.mm



တော်ကြီးသွားတယ် . . တစ်နေ့ အားလပ်ခွင့်ရလို့ အိမ်ကိုပြန်တော့ ခုနကပေးတဲ့ အဆောင်လက်ဖွဲ့လေးကို ဖြေကြည့်လိုက်တော့ . . ဘာအင်း၊ အိုင်ကိုမှ ရေးထားတာ မတွေ့ဘဲ 'မင်းနှမငါ့ပေး' ကို ရေးထားတာပဲ တွေ့လိုက်ရတယ် . . လက်ဖွဲ့အပေါ် ယုံကြည်မှု ကင်းမဲ့သွားတယ် . . နောက်တစ်ကြိမ် တိုက်ပွဲမှာကျဆုံးသွားတယ် . .

အမှန်က သူတိုက်ပွဲတွေမှာ မကျဆုံးတာက သူ့ ကိုယ်သူ သတိဝီရိယရှိနေလို့ပဲ . . အဆောင်လက်ဖွဲ့ကြောင့် မှုတ်ဘူး . . ဒီလိုပဲ . . မိမိကိုယ်၌ကလည်း မိမိကိုယ်မိမိ ယုံကြည်နေဖို့ လိုတယ် . . . ဒီတော့ နောက်တစ်နည်း ပြောင်းပေးမယ် . . . စာရွက်နဲ့ ဘောလ်ပင် ငှားလိုက် . . . "

ဘထွန်းကရွှတ်တွနေသောမျက်နှာဖြင့် စားပွဲထိုးချာတိတ်ထံမှ ဘောလ်ပင်တစ်ချောင်းနှင့် စီးကရက်ဗူးခွံကို ဖြဲထားသော စာရွက်ကို ယူလိုက်ပြီး . . .

"ကဲ . . ဦးလေး ပြော . . လိုက်မှတ်မယ် . . . "

ဦးကံက သူ့ရဲ့မျက်မှန်ကို လက်ဖြင့် မ,တင်လိုက်ပြီး နှစ်ကိုယ်ကြားလေသံဖြင့် . . .

"တစ် . . မဟာဂီရိစင်၌ရေးထားသော ဆေးဒါန်း . . "

"ဗျာ . . မဟာဂီရိက ရေထမ်းတယ် . . "

"ကျွတ် . . မဟုတ်သေးပါဘူးကွာ . . ဆေးဒါန်းပါ . . ဘယ်က ရေထမ်းရမှာလဲ . . ရေးစရာရှိတာရေး . . နောက်မှ ရှင်းပြမယ် . . နှစ် . . ရေမျောလာတဲ့ သစ်ဆုံ . . "

"သစ်ဆုံ . . သစ်ဆုံဆိုတာ နာဂစ်မုန်တိုင်းတုန်းက မျောလာတဲ့ သစ်ပင်တွေပေါ့ . . ခုချိန်မှတော့ ဘယ်လာရှိတော့မလဲ

www.foreverspace.com.mm



. .  ဆယ်ပြီး ထင်းစိုက်တာနဲ့ ကုန်လောက်ပြီ . . . ”

“နေစမ်းပါဦးကွာ . . ငါပြောတာသာ ရေးစမ်းပါ . . သုံး . . မသာဆိုင်းတီးချိန်မှာ ကွာကျလာသော ပတ်စာ . . . ပြီးတော့”

“ဦးလေး . . ဒီခေတ်ကြီး ဘယ်မသာဆိုင်းတီးလို့လဲ . . ဒုက္ခပါပဲဗျာ . . ”

“နေဦးလို့ ငါပြောနေတယ် မှတ်လား . . ဘယ်ရောက်သွားပါလိမ့် . . . အဲ . . အဲလေ . . လေပွေ၌လွင့်၍သွားသော သစ်ရွက် . . အေး . . အဲဒီ့လေးမျိုးကို ကြိတ်ပြီးရင် ခုနကဆေးနဲ့ တံခွန်ဖျားပေါ်မှာ မိမိအလိုရှိနေသော မိန်းကလေးရုပ်ကိုရေးရမယ် . . သူ့နာမည် သူ့နေ့နံ . . အဲ . . ပြီးတော့ကာ . . . ”

ဦးလေးဦးကံ . . ဟိုးအဝေးသို့တစ်ချက်ကြည့်လိုက်ပြီး မျက်စိကိုတဖြည်းဖြည်းချင်း စုံမှိတ်ကာ . . စဉ်းစားခန်းဝင်လိုက်ပြီး ဘထွန်းကို ပြောရန်ပြင်လိုက်ရာ . . သူ့စားပွဲရှေ့တည့်တည့်၌

ကျွန်တော် မိန်းမရဖို့ ဖိတ်စာရိုက်ဖို့ထက်
ဖင်ပိတ်ဖို့က အရေးကြီးနေပါသဖြင့်
ခေတ္တ အိမ်ပြန်ပြေးပါပြီ ...

ဘထွန်း


တဲ့ . . . ။

“တောက် . . ဒီကောင်နှယ် အညွန်းလေးတောင် မပြောလိုက်ရဘူး . . ဗောဓိညောင်ပင်မြစ် . . . ”

“ဦးလေး . . ဘာကောင်းလဲ . . ဘာထိုးရမလဲဟင်”

စားပွဲထိုးချာတိတ်တွေ အုံလာတယ် . . ဘထွန်းကို ဂဏန်းပေးတယ် ထင်ပုံရသည်။

“လောလောဆယ် ဘာကောင်းလဲဆိုတော့ ဘာမှမကောင်းဘူး . . ဘာထိုးရမလဲဆိုတော့ . . ဘထွန်းဆိုတဲ့ ဟိုကောင် သောက်ရူးကို ထိုးချင်တယ်ဟေ့ . . သိပြီလား . .”



www.foreverspace.com.mm

## အခန်းစဉ် (၇)

ကွမ်းယာမန်းကြောင့်ပဲလား . . အစားအသောက်ပဲ မှား တာလားတော့ မသိဘူး . . ဘထွန်း ဆေးရုံတင်လိုက်ရသည်။ မင်္ဂလာဖိတ်စာနဲ့ နာရေးဖိတ်စာများ မှားချင်လို့လားတော့ မသိ။

ပထမဦးပိုင်းကတော့ လူနာလာမေးတဲ့လူတွေရဲ့စကားသံ တွေ တာဝန်ကျဒေါက်တာ၊ နာ့စ်တွေရဲ့ပြောဆို ဆူညံနေတဲ့ အသံ တွေ လမ်းမပေါ်က ကားသံတွေနဲ့ ဆူညံပွက်လောရိုက်ပြီး တ ဖြည်းဖြည်းနဲ့ ညဥ့်နက်လာသည်နှင့်အမျှ အသံတွေဟာ ဆိတ်သုဉ်း လာပါတော့တယ် . . နောက်ပိုင်း လုံးဝတိတ်ဆိတ်သွားပြီး တစ် ချက်တစ်ချက်မှ တစ်စီးတလေ ဖြတ်မောင်းသွားတဲ့ ကားသံမှလွဲ လို့ . . .

“ကျွီ . . ကျွီ . . ကျွီ . . . ”

ဆီမထည့်တာကြာပြီဖြစ်သော ပန်ကာကြီးမှ မြည်သံ . . ငါးဆယ်အားသာသာ နီကျင်ကျင်သမ်းနေသော မီးလုံးလေးတစ် လုံး။ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လဲလျောင်းနေသော လူသုံးဦး။

www.foreverspace.com.mm

ခုတင်သုံးလုံးမှလွဲ၍ အခန်းအတွင်း၌ မည်သူတစ်ဦးတစ်ယောက်မှ မရှိ။

"အား . . ကျွတ် . . ကျွတ် . . . "

ဟူသော ညည်းတွားသံကြောင့် ဘထွန်းမှိန်းနေရာမှ လန့်နိုးသွားသည်။ ကမန်းကတန်း ထမည်လုပ်ရာ ခေါင်းထဲ၌ မူးတူးတူး ဖြစ်သွားသဖြင့် ဖြည်းဖြည်းချင်း ခေါင်းအုံးပေါ် အသာအယာ ပြန်လှဲလိုက်သည်။ နာရီကိုကြည့်လိုက်တော့ သုံးနာရီကျော်စပြုနေပြီ။

"ရှပ် ရှပ် ရှပ် . . . "

သံမံတလင်းကို ဖိနပ်ဖြင့် ရှပ်တိုက်သွားနေသောအသံကြောင့် မရှိမဲ့ရှိမဲ့ဖြင့် ဆံပင်တွေ ဂျယ်မလိမ်းရဘဲ ထောင်သွားသည်။ မသိမသာငဲ့စောင်းကြည့်လိုက်တော့ ကုလားဒိန်ပိန်ပိန်ဘေးက လူဝဝမည်းမည်းကြီး ဗိုက်ကိုလက်ဖြင့် အသာအယာနှိပ်ပြီး ကုန်းကုန်းကွကွဖြင့် အိမ်သာဘက်ကို ထွက်သွားသည်။

သည်တော့မှ ဘထွန်း စိတ်ချလက်ချပြန်အိပ်လိုက်သည်။ ညနေက တွေ့လိုက်ရသော နှစ်မချော‌ချောလေးတွေ မျက်လုံးထဲက မထွက်။ ဒီလိုမှန်းသိရင် အစောကြီးထဲက တက်တာပေါ့ နော် . . ။

စိတ်ကူးတွေယဉ်ပြီး ဘယ်လောက်တောင် အိပ်ပျော်သွားသည်မသိ။ ဆေးရုံတစ်ခုလုံး ဝုန်းဒိုင်းကြဲ ဆူညံသံတွေ ကြားတော့မှ ကမန်းကတန်း . . .

"ဟင် . . ဘာဖြစ်တာလဲ . . ဘာဖြစ်ကြတာလဲ . . "

အော်မေးရင်း ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဘထွန်းတို့အခန်းထဲက လူနာဝဝမည်းမည်းကြီး မရှိသလို ကုလားဒိန်ပိန်ပိန်လည်းမရှိ။ တာဝန်ကျ နှစ်မတစ်ယောက်ပြေးလာပြီး. .

www.foreverspace.com.mm

"ကိုဘထွန်း . . စိတ်ချလက်ချအိပ် . . ဘာမှမဖြစ်ဘူး . . ဘာမှမဖြစ်ဘူး . ."

ဟု ပြောရာ ဘထွန်းက သွေးမရှိတော့သော မျက်လုံးနဲ့

"ဟို . . ဟို . . လူနှစ်ယောက်ကော ဆရာမ . ."

နာ့စ်မလေးက . .

"မနက်ကျတော့ အားလုံးရှင်းပြပါ့မယ် . . ဘာဆို ဘာမှ မဖြစ်ပါဘူး . ."

တဲ့ . . . ။ ဘုရား . . ဘုရား ငါကြည့်ဖူးတဲ့ သရဲကားတွေထဲကလို တစ်ယောက်ပြီးတစ်ယောက် လည်ချောင်းသွေးတွေများ ဖောက်စုပ်လို့ ဟိုလူနှစ်ယောက် သေပြီလား . . ဒီ . . ဒီ ဆရာမ နာ့စ်မကတော့ လူမှစစ်ရဲ့လား . . မှန်း . . ဇတ်ခနဲ သူ့လက်ကို ဆွဲလိုက်တော့ . . .

"ဘာလုပ်တာလဲ . . လူနာက လူနာလိုနေ . . အကြောမထောင်နဲ့ . . ဖြတ်ပစ်လိုက်မယ် . . ခြေတွေလက်တွေ . . ဟွန်း"

သူ . . သူကတော့ လူစစ်ပါတယ် . . အခန်းထဲမှာ ရှိတာမှ သုံးယောက် . . ခုတော့ ငါရယ် . . ခုတင်သုံးလုံးရယ် . . မြန်မြန်မိုးလင်းပါစေ . . ဆိုပြီး ခေါင်းကို စောင်ခေါင်းမြီးခြုံ . . ဖင်ဘူးတောင်းထောင်လိုက်ပြီး ရသရွေ့ မှတ်မိသရွေ့ဘုရားစာတွေ ရွတ်နေမိသည်။

သည်လိုနဲ့တဖြည်းဖြည်း မိုးလင်းလာပြီး လူနာတွေအတွက် မနက်စာဝယ်ပို့သည့် မိဘဆွေမျိုးတွေ အလျှိုလျှိုလာကြတော့ တိတ်ဆိတ်ငြိမ်သက်နေသော ဆေးရုံကြီးတစ်ခုလုံးပြန်လည်၍ အသက်ဝင်လာလေပြီ။ စိုစိုပြည်ပြည်နဲ့ စည်ကားစပြုလာသည်။

ဟိုလူတွေရှိတဲ့ ခုတင်ကိုလှမ်းကြည့်လိုက်တော့ တစ်

www.foreverspace.com.mm



ယောက်မှမရှိ။ ဘာများဖြစ်လို့လဲ . . ဆေးရုံက ဆင်းသွားပြီလား . . ဒါမှမဟုတ် အခန်းပြောင်းသွားပြီလား . . ဒါဆိုလည်း သူတို့ ပစ္စည်းတွေ ဘာတွေ ယူသွားရမှာပေါ့ . . ခုတော့ ဒီအတိုင်းပဲ . . အတွေးမျိုးစုံ ဝင်လာသည်။ မနေနိုင်သည့်အဆုံး ဖြတ်သွားသော တာဝန်ကျနာ့စ်မလေးကို မေးကြည့်ရာ သူက ပြုံးရယ်စွာဖြင့် . . .

"ဒီလို . . ကိုဘထွန်းရေ . . ဒီလို . . ဒီလို . . အသားမည်းမည်းဝဝ ဗိုက်ခွဲထားပြီး ပြန်ချုပ်ထားတဲ့ ချုပ်ရိုးမဖြည်ရသေးတဲ့ လူဝဝကြီးက ရေအိမ်၊ အိမ်သာကို သွားတယ်လေ . . သူ့ကိစ္စပြီးတော့ ပြန်အထမှာ တံခါးက လော့ခ်ကျသွားပြီး ဘယ်လိုမှ ပြန်ဖွင့်လို့မရဘူး ဖြစ်နေတယ် . . .

အတွင်းထဲက အော်ဟစ်ပြီး ပတ်ဝန်းကျင်ကို အကူအညီတောင်းတော့လည်း ညဥ့်နက်နေတော့ ဘယ်သူမှ မသိကြဘူး . . အဲဒီတော့ . . ."

"အဲဒီ့တော့ . . ဆက်ပြောစမ်းပါ ဆရာမရယ် စိတ်ဝင်စားလို့ပါ . . ."

"အဲဒါနဲ့ ဘေးအုတ်နံရံကို ခြေထောက်နဲ့နှစ်ဖက်ကန်ပြီး အပေါ်ကိုတက်လာတယ် . . အပေါ်ထုပ်တန်းပေါ်ရောက်တော့ အပြင်တစ်ဖက်ကို ပြန်ဆင်းဖို့ အခက်အခဲဖြစ်နေပြန်ရော . . . အတွင်းထဲ တက်တုန်းကခြေကန်စရာရှိတယ်လေ . . တစ်ဖက်အပြင်ကျတော့ ပြောင်ကြီးဖြစ်နေလို့ . . သူ ဘယ်လိုဆင်းရမှန်း မသိဘူး ဖြစ်နေတယ် . . ."

"ဟုတ်ကဲ့ . . ."

"ဒီကြားထဲ သူထိုင်နေတဲ့တည့်တည့်မှာ မီးလုံးအသေး

www.foreverspace.com.mm



လေးတစ်လုံးရှိတယ်ရှင့် . . သူက ကုပ်ခြစ်တက်လာတော့ သူ ဝတ်ထားတဲ့ စွပ်ကျယ်ချိုင်းပြတ်က အပေါ်လိပ်တက်သွားပြီး ပူနေတဲ့သူ့ဗိုက်က ချပ်ရိုးကြောင်းကြီးတွေက အထင်းသား . . မီးအားကလည်း နည်းတော့ . . သူ့အပေါ်ပိုင်းကို မမြင်ရတော့ဘူး”

စကားပြောရင်းနဲ့ ဆရာမလေးက သူ့ဘောလ်ပင်ကို လက်မနဲ့နှိပ်လိုက် ပိတ်လိုက်လုပ်ပြီး . . .

“အဲဒီ့အချိန်မှာပဲ ရှင့်ခုတင်ဘေးက ကုလားဒိန်ပိန်ပိန်က အိမ်သာလာတက်တယ်လေ . . ရှေ့ကသွားတဲ့ လူဝဝမည်းမည်းကြီးတော့ ရှိဦးမှာပဲဆိုတဲ့ အားကိုးနဲ့ . . ခက်တာက ခုနက လူဝဝမည်းမည်းကြီးကလည်း . . ခေါ်လိုက်ပါလား . . ဟေ့ ညီလေး . . အစ်ကို ဆင်းလို့မရလို့ကွာ . . ကူညီပါဆိုရင် ပြီးနေတဲ့ဥစ္စာ”

ဘထွန်းက ဆရာမလေးရဲ့မျက်နှာကို အငမ်းမရကြည့်ပြီး နည်းနည်းရှေ့တိုးကာ . . .

“သူ . . သူက ဘယ်လိုအကူအညီတောင်းလို့လဲဟင် . . ”

“ဒီလိုလေ . . ပါးစပ်က လူငယ်တွေ တစ်ယောက်နဲ့ တစ်ယောက် အချက်ပေးသလိုမျိုး . . ဘာလဲရှင် . . ဩော် . . ပြွတ် ပြွတ်နဲ့ စုတ်သပ်ခေါ်တော့ . . . ဟိုလူက တောင်ကြည့်မြောက်ကြည့်လုပ်ရော . . ပထမတော့ မမြင်ဘူး . . နောက်မှလှမ်းလည်း မြင်ရော . . သူကလည်း လက်ဟန်ခြေဟန်နဲ့အပြ ခေါင်းမပါဘဲ ချပ်ရိုးကြောင်းကြီးတွေနဲ့ လူဝဝမည်းမည်းကြီးတွေ့တော့ လန့်အော်ပြီး ပက်လက်လန် အလဲ . . .

လူဝဝမည်းမည်းကြီးကလည်း ကုလားဒိန်ပိန်ပိန်ကို ပြန်လန့်ပြီး အိမ်သာအတွင်းပိုင်းထဲကို ခြေပစ်လက်ပစ် ပြုတ်ကျပြီး ချပ်ရိုးတွေ ပြုတ်ကုန်ရော . . သူတို့နှစ်ယောက် အပြန်အလှန်

www.foreverspace.com.mm

ကြောက်လန့်ပြီး အော်လိုက်တာ ဆေးရုံတစ်ခုလုံး ဆူညံသွားတော့ တာပေါ့ . . . . ”

“ဒါဆို သူတို့နှစ်ယောက်ကော . . ဆရာမ . . ”

“နှစ်ယောက်စလုံး အော်ပရေးရှင်းခန်းထဲ ပြန်ဝင်နေရပြီ လေ . . . ”

“စိတ်မကောင်းလိုက်တာ ဆရာမရယ် . . ကျွန်တော် အရမ်းကိုကြောက်သွားတာ . . ဂဲလ်ဘဲ . . ဒါနဲ့ စကားမစပ် . . ဆရာမလေးရဲ့နာမည်က ဘယ်လိုခေါ်လဲဟင် . . . ”

ဘာစကားပြောရင်ဘာ၊ ဘာမျက်လုံးနဲ့ကြည့်ရင် ဘာဆို တာ လူနာပေါင်းများစွာနဲ့ဆက်ဆံနေရတော့ ချက်ဆို ပေါက်ပြီး သား . . ဟင်း ဟင်း . . ဘယ်ရမလဲရှင်ရယ် . . ခပ်တည်တည် နဲ့ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး ကျောပေးကာထွက်ခဲ့တယ် . . ထွက်ခါနီး စကားတစ်လုံးတော့ ပြောခဲ့သေးတယ် . . .

“ရှင်ပါ အော်ပရေးရှင်းအခန်းထဲရောက်ချင်ပြီနဲ့တူတယ် . . ဒီနေ့ မဆင်းဖြစ်ရင် ညအတွက် အားမွေးထား . . . ဟိုလူနာ တွေ အခန်းပြောင်းတော့မှာ . . . ”

“ဗျာ . . . ”

www.foreverspace.com.mm

## အခန်း(၈)

"လူမလေး ခွေးမခန့်"

"တစ်ရွာမပြောင်း သူကောင်းမဖြစ်၊ အထူးကုမပြောင်း လူကောင်းမဖြစ်ဆိုတဲ့ စကားအတိုင်း မင်းဆေးရုံကဆင်းလာပြီဆိုတော့ လူကောင်းဖြစ်သွားပြီပေါ့နော် . . . . "

"ဟုတ်ကဲ့ . . ကျွန်တော် လူကောင်းပကတိဖြစ်သွားပါပြီ . . ထုံးစံအတိုင်းပေါ့ဗျာ . . "

"ဟေ့ . . ဗလက် . . ပလိန်း . . စမူဆာ . . ရေခွေးကြမ်းပန်းကန်ဆေး . . . "

နာလံထူစစ်သူကြီးအောင်ပွဲဆိုတဲ့စကားအတိုင်း နာလံထပြဿနာရှာဆိုတဲ့ စကားလက်သုံးထားလို့ စားပွဲထိုးချာတိတ်တွေကို ဟိုပြေး ဒီပြေးနဲ့ ဆေးရုံကဆင်း လူကမြင်းကို ဂရုတစိုက်နဲ့ ပုံမှန် ဝိုင်းဖွဲ့ . . အဲလေ . . ပုံမှန်ဝိုင်းပြုစုစကားအတိုင်း . .

"ကဲ . . ဆိုစမ်းပါဦး . . မင်း ပြဿနာ . . . မပြောနဲ့တော့ . . . "

www.foreverspace.com.mm

ဟောဗျာ . . သူကစပြော သူက စပိတ်နဲ့ . .

"မင်းနဲ့ အဲဒီ့လူ စပြော စဆို စထိုင်ထဲက စသိနေတယ် . . စမခြောက်လုံးတောင် . . "

"ဟုတ်ကဲ့ . . ကျွန်တော်ကလည်း စနဲ့ပတ်သက်နေတဲ့ ပြဿနာဖြစ်နေလို့ . . . ဦးလေး စံမြင့် ကူညီပေးနိုင်မလားဟင်"

ဆိုင်ရှင် ဦးစံမြင့် . . တောင်တောင်အီအီတွေးပြီး ခေတ္တခဏခါးထောက်ရပ်၍ ကောင်တာဘက်သို့သွားကာ ဘထွန်းအား လက်ယပ်ခေါ်ပြီး ဘုရားစင်ရှိသော အပေါ်ထပ်သို့ ခေါ်သွားပါတော့သည်။

ဘုရားစင်သို့ရောက်သောအခါ ဘာမှမပြောသေးဘဲ ကြေးစည်ထု၊ မောင်းထု၊ အမျှဝေ၍ အဘဘိုးမင်းခေါင်အား ဆေးပြင်းလိပ် မီးညှိကပ်ပြီး သကာလ . . .

"ကဲ . . ငါပြောမယ် . . မင်းဆရာရဲ့ကွမ်းယာမန်းကိစ္စ . . ထားလိုက်တော့ . . မန်းတကာမန်း . . ရွှေမန်းသူတွေ . . အဲလေ . . ဆေးလိပ်မန်းကိစ္စတစ်ခုကို . . ငါ့ဘကြီးရဲ့အတွေ့အကြုံတစ်ခု ပြောပြမယ် . . ပြီးမှ မင်းသဘောထား ငါ့ပြော . . ဟုတ်ပြီလား . . . "

"ဥုံ သူရဿတီ . . ဒေဝီကညာ . . သေတ္တာနှလုံး . . ကြိုးသို့ထုံး . . နှစ်လုံးမပြေ . . ကြိုးသို့ခွေ . . . "

ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ စီးကရက်ကြိုက်နှစ်သက်ရာကို မန်းနိုင်ပါသည် . . ဝင်းနည်းမှာ အထက်လမ်း၊ အောက်လမ်းဟူ၍ နှစ်မျိုးရှိရာ ဤနည်းမှာ အထက်လမ်းပညာရပ်ဖြစ်သောကြောင့် မသာဆေးလိပ်များ မသန့်ရှင်းသော ဆေးပေါ့လိပ်များကို အသုံးမပြုရပါ။

www.foreverspace.com.mm



တတ်နိုင်လျှင် အပျိုတွေလိပ်သော ဆေးပေါ့လိပ် ဆေးလိပ်ခုံတွင်ရသော ဆေးလိပ်က ပိုခွင်တည့်လိမ့်မည်ဟု အချို့သော သူတွေက အယူရှိကြပါသည်။

မန်းပုံ မန်းနည်းမှာ ကွမ်းယာမန်းစဉ်ကအတိုင်းဖြစ်ပါသည်။ ဖယောင်းတိုင်သုံးတိုင်၊ ကွမ်းယာ သုံးယာ၊ အထက်ပါ ဂါထာကို သုံးဆယ့်ခုနစ်ခေါက် မန်းပါ . . ဂါထာမန်းနေစဉ် ဖြစ်ချင်သော ချစ်သူ၏မျက်နှာကို မြင်ယောင်နေက ပိုကောင်းသည်။ တစ်ကြိမ်လျှင် ဆေးလိပ်သုံးလိပ်ထက်ပို၍ မမန်းရပါ။ ၎င်းအပြင် နေ့လယ် ကူး၍မရပါ။ ယနေ့ မန်း . . ယနေ့ပဲ စမ်းရမှာဖြစ်ပါတယ် . . ။

"အဲဒီ့ဆေးပေါ့လိပ်ကို စမ်းတော့ . . . "

ဦးစံမြင့် ဟက်ဟက်ပက်ပက်ရယ်တော့တာပေါ့ . . ပြီးမှ

"သူက ဆေးလိပ်တော့ မသောက်တတ်ဘူး . . ဖွာရုံသက်သက်ပဲ . . သူကြိုက်နေတဲ့ ကောင်မလေးရဲ့အရှေ့မှာ မီးခိုးငွေ့တွေနဲ့မှုတ် . . မှုတ်ထုတ်တယ် . . ."

"အဲဒီ့တော့ . . လုပ်စမ်းပါ ဦးစံရဲ့ . . စကားကလည်း"

"မိန်းကလေးတွေ ထုပ်စည်းတိုးနေရင်းက ခဏနားတော့ ကောင်မလေးက ငါ့ဘကြီးကို နင်နဲ့ငါ စကားပြောစရာရှိတယ်ဆိုပြီး လူကွယ်ရာကို ခေါ်ထုတ်သွားတယ် . . . "

ဘထွန်း မရိုးမရွဖြစ်လာတယ် . . ငါ့ကွမ်းယာမန်းထက် စွမ်းနေပါ့လားပေါ့လေ . . မျက်နှာကလည်း အဆီတွေပျံပြီး ရမ္မက်ဇောတွေ တက်လို့ . . .

"အေးပါကွာ . . နှစ်ယောက်ထဲကျတော့မှ ကောင်မလေးက ဘာပြောတယ်မှတ်လဲ . . . "

"ဘာပြောလဲ . . ဦးလေးစံရဲ့ . . မြန်မြန်ပြောစမ်းပါ"

"နင့်ကို ငါချစ်တယ် တဲ့ . . . "

"ကောင်မလေးက ကောင်မလေးက . . စပြောတာ . . "

"တောက် . . အဲဒီ့လိုမျိုး စပြောလို့ကတော့ အိမ်တိုင်ပါ ကျွတ်ပါစေဗျာ . . "

ဦးစံမြင့်က ဘထွန်းပါးစပ်ကို ကမန်းကတန်း လှမ်းပိတ်လိုက်ပြီး . . .

"ဟော့ကောင် တိုးတိုးပြော . . ငါ့သမီးတွေ ဒီနည်း ကြားကုန်မယ် . . "

"ဟုတ်ကဲ့ . . နည်းနည်းကျယ်သွားတယ် . . ဆက်ပြောပါဦး . . ဦးသမီးတွေအကြောင်း . . . "

"အေး . . အငယ်မက သိပ်အအိပ်ကြီးတယ် . . ပြီးတော့ . . ဘာကွ . . . "

ဒီတစ်ခါ ပါးစပ်ပိတ်ရသူက ဘထွန်း . . ဦးစံမြင့် ဝူးဝူး ဝါးဝါးနဲ့ . . .

"ဦးလေး ငြိမ်ငြိမ်နေလေ . . . တော်ကြာ ဦးလေးကို ကျွပ်ကျွပ်အိတ်နဲ့စွပ်ပြီး လူသတ်တယ်ထင်နေပါဦးမယ် . . ဆက်ပြော . . ဆက်ပြော . . . "

မြန်မာ့ရုပ်မြင်သံကြားက ပုံပြင်လက်ဆောင် သုံးဆယ့်ရှစ်ဖြာမင်္ဂလာလို . . ဦးစံမြင့်က အိုက်တင်နဲ့ . . .

"နင့်ကို ငါချစ်တယ် . . ဒါပေမယ့် ငါချစ်တယ်ဆိုတာကို ဘယ်သူမှ လျှောက်မပြောရဘူးနော် . . . နင်တစ်ယောက်ပဲ သိပါစေတဲ့ . . . "

"ဆေးပေါ့လိပ်မန်း . . ဆေးပေါ့လိပ် မန်း . . "



www.foreverspace.com.mm

www.foreverspace.com.mm



ဘထွန်းက သဘောကျစွာနဲ့ ပြောနေတယ် . . ဦးစံမြင့်က ထပ်ပြောတယ် . . .

"နင် . . ဆရာတစ်ယောက်ဆီက ဆေးပေါ့လိပ်ကို ယူတယ် . . ပြီးတော့ သင်္ချိုင်းကုန်းကိုသွားတယ် . . ပြီးတော့ အဲဒီ့ဆေးပေါ့လိပ်ကို မန်းတယ် . . ပြီးတော့ . . ငါတို့ ထုပ်စည်းတိုးတဲ့နေရာကိုလာပြီး ငါ့ကို ဆေးပေါ့လိပ်ငွေ့နဲ့ မှုတ်တယ် . . အဲဒါက ငါက နင့်ကိုချစ်တယ်ဆိုပြီး စကားစပြောစေချင်တယ် မှုတ်လား . . ကဲ . ."

ဘထွန်း နည်းနည်းတော့ကြောင်သွားပြီး ဘာတွေပြောနေပါလိမ့်ပေါ့ . . မျက်မှောင်ကြီး ကျုံ့ပြီးကြည့် . . နားထောင်နေလိုက်တယ် . . ဦးစံမြင့်က ဆက်ပြီး . . .

"ငါ သိတာပေါ့ဟယ် . . နင် ငါ့ကို မျက်စိကျနေတယ်ဆိုတာ . ."

"အဲဒီလို ပြောလိုက်တော့ ငါ့ဘကြီးက နင် ခုနကိစ္စတွေဘယ်လိုလုပ်သိတာလဲ . . လို့မေးတော့ . . သူက နင့်သူငယ်ချင်းက အကုန်ပြောပြီးသားလေ . . မလိုပါဘူးဟယ် . . ဆေးလိပ်မှုတ်တာ မှုတ်ပါဘူး . . နင်စွမ်းဖို့ပဲလိုတာ . . ခု ခိုးပြေးတော့ . . ဟောဒီမှာ ငွေထုပ် . . ဟောဒီမှာ အထုပ် . . ဟောဒီမှာ . ."

ဘထွန်းက ကမန်းကတန်း . . .

"ဘာလဲဟင် . . ဘာလဲဟင် . . ."

"ထဘီထုပ်တဲ့လေ . . ဟား ဟား ဟား . ."


အဲဒီ့အချိန်မှာပဲ . .

"ခုချန်မြင်း . . အီးလုပ်မီးလုပ်ဘူးလား . . ချီးပွားရေးလေ . ."

www.foreverspace.com.mm

"လုပ်မီး . . လုပ်မီး . . ဟိတောင် . . မင်းရဲ့ထွားတော့ . . ဆီးပေါရိတ် . . ဆီးပေါရိတ်ထုံး နှစ်လုံးမူ . . ထုံး နှစ်လုံးမူ"

သူ့မိန်းမ မတရုတ်မရဲ့ မပီကလာ ပီကလာ စကားသံကြောင့် အသာငြိမ်ကုပ်သွားသူက ဦးစံမြင့်ရယ်ပါ . . .



# အခန်းစဉ် (၉)

"ကြွပါရှင် . . ကြွပါ . . . "

အိမ်ပေါ်မှာ မတ်တတ် မတ်တတ်နဲ့ ထိုင်ရမလို ထရမလို ဖြစ်နေတဲ့ ဧည့်သည်တွေကို ဘထွန်းရဲ့မိခင်က သင်ဖြူးဖျာလေး ကမန်းကတန်းခင်းပေးလိုက်တယ် . . သင်ဖြူးဖျာက မသုံးတာ တော်တော်လေးကြာနေပြီ . . မှိုတွေတောင် တက်နေတယ် . . မသင့်တော်ဘူးထင်လို့ ဖျာကို လက်နှစ်ဖက်နဲ့မ,ပြီး ဖြန်းဖြန်းဆို ခါထုတ်လိုက်ကာ . . ရုပ်ရှင်သရုပ်ဆောင် ပွင့်နဲ့ နင်လား ငါလား ပုံစံမျိုးဖြစ်နေတဲ့ မိန်းမကြီးရဲ့မျက်နှာမှာ ဖျာကအမှုန်တွေ မှိုတွေ သွားကပ်ကုန်ရော . . . .

"ဟောတော့ . . ကန်တော့်နော် . . ကန်တော့ . . "

ကမန်းကတန်းကြမ်းသုတ်တဲ့ ပုဆိုးအစုတ်ကို လှမ်းယူလိုက်ပြီး ခုနက မိန်းမဝဝကြီးမျက်နှာကို သုတ်ပေးလိုက်တယ် . . အဲ . . အဲဒီ့ပုဆိုးအစုတ်ကို ယူလိုက်ချိန်မှာပဲ . . ပုဆိုးထဲလုံးထွေးနေတဲ့ ငါးဆယ်သားအလေးကြီးက အဲဒီ့မိန်းမဝဝကြီးရဲ့ ခြေထောက်ပေါ်ကို တည့်တည့်မှ တည့်တည့် . . . .

www.foreverspace.com.mm



"ဒိုး . . ထုံး . . . "

"အမရေး တေပါပြီတော် . . . "

ဘထွန်း မိခင်တော်တော်ဒေါသဖြစ်သွားတယ်။ ချိန်ခွင်ချိန်ခွင်နေရာ . . အလေးက အလေးနေရာမရှိဘူး . . ဇတ်ခနဲငါးဆယ်သားအလေးကို လှမ်းယူလိုက်ပြီး . . .

"သောက် . . အလေး ဒုက္ခပေးတယ် . . သွား . . "

"ထုံး . . အမရေး . . တေပါပြီဗျာ . . . "

ဆယ်အိမ်မှူး . . ဦးသံချောင်းရဲ့လေးဖြူအသံမျိုး . . အသံနဲ့အတူ . . ဖင်ထိုင်လျက်လဲပြီး သူ့ရဲ့ပလွေရိုးသာသာရှိတဲ့ ခြေသလုံးလေးကို စုပ်တသတ်သတ်နဲ့ ဆုပ်နယ်ရင်း ဒသဃီရိမျက်နှာကြီးနဲ့ . . .

"တောက် . . ဘယ်လို . . အား . . ကျွတ် ကျွတ် လုပ်လိုက်တာလဲ . . "

"ကျွန်မ တောင်းပန်ပါတယ် . . ဦးသံချောင်းရယ် . . . ကန်တော့ပါရှင် . . ကန်တော့ပါ . . ဟဲ့ . . ငါးဖယ်မ . . ဦးအံ့ဒဏ်ကြေလိမ်းဆေးပုလင်း ယူခဲ့စမ်း . . . "

"နင်တို့တတွေ စည်းမဲ့ကမ်းမဲ့ လုပ်ထားလို့ ဒီမှာလူကြီးတွေ ဒုက္ခရောက်ကုန်ပြီ . . "

ဆေးလူးတဲ့လူက လူး . . ထိုင်တဲ့လူက ထိုင်နဲ့ . . အားလုံးနေသားတကျဖြစ်သွားချိန် . . အပြင်ကပြန်လာတဲ့ ပုဏ္ဏားဘထွန်းက ဧည့်သည်တွေကို တစ်ချက်အကဲခတ် ကြည့်လိုက်ပြီး ပြုံးလိုက်တယ် . . ပြီးတော့ မျက်နှာကချက်ချင်း ပြန်ပျက်သွားပြန်ရော . . ကပျာကယာနဲ့ မိခင်နားကပ်လိုက်ပြီး လေသံတိုးတိုးနဲ့ . . .

"အမေ . . ကျွန်တော့်ကိုတော့ အဲဒီလိုကြီး မရက်စက်ပါ

www.foreverspace.com.mm



နဲ့ဗျာ . . တခြားလူနဲ့ စီစဉ်ပေးပါ . . ဒါကြီးတော့ မလုပ်ပါနဲ့ဗျာ . . ကျွန်တော် လက်မခံနိုင်ဘူး . . . ”

ပုဏ္ဏားဘထွန်းမိခင် ကြောင်စီစီဖြစ်သွားတယ်။ ဘထွန်း ဘာတွေလာပြောနေတာလဲပေါ့ . . ဘာလဲဟ . . ဘယ်လိုကြီးလဲ။

“ဟဲ့ . . ဘထွန်း . . နင် ဘာတွေလာပြောနေတာလဲ . . နင့်ကိစ္စနင်လုပ် . . . သွား . . . သွား . . . ရေချိုး အဝတ်အစားလဲ”

“ဟာ . . ကျွန်တော် လက်မခံနိုင်ပါဘူးဆိုမှ ဇွတ်တော့ မလုပ်နဲ့နော် . . အိမ်က ထွက်ပြေးမှာ . . ဒါက ဘဝတစ်ခုလုံးနဲ့ ဆိုင်တဲ့ကိစ္စ . . တကယ်ဆို အမေ ကျွန်တော့်ကို တိုင်ပင်သင့်ပါတယ်ဗျာ . . . ”

ပုဏ္ဏားဘထွန်းမိခင်က မဲ့ကာရွဲ့ကာဖြင့် . . .

“ဟဲ့ . . နင့်ကိုတိုင်ပင်ရအောင် နင်က အိမ်ကပ်လို့လား . . လူကြီးတွေ ကောင်းမယ်ထင်လို့ စီစဉ်တာ . . ဘာမှဝင်မပြောနဲ့ . . သွား . မြန်မြန်ရေချိုး . . အဝတ်အစားလဲ . . . ’

“အမေ့နှယ်ဗျာ . . ဒါကြီးနဲ့ . . . ”

‘ဒါကြီးနဲ့’ ဆိုတဲ့စကားကြောင့် ဘထွန်းမိခင်က ဘထွန်းကိုကြည့်လိုက်တယ်။ ဘထွန်းက ခုနက မိန်းမဝဝကြီးကို မသိမသာ မေးဆတ်ပြလိုက်တော့ . . ဟိုကလည်း ကြားသွားတယ်ထင်ပါရဲ့ . . မိန်းမဒဿဂီရိမျက်နှာကြီးနဲ့ လှမ်းကြည့်တယ် . . ဘထွန်းမိခင် ဘထွန်းရဲ့ပေါင်ကို လိမ်ဆွဲပြီး လေသံတိုးတိုးနဲ့ . . . .

“နင် ဘာတွေလျှောက်ပြောနေတာလဲ . . ဒါ နင့်ပွဲမဟုတ်ဘူး . . နင့်အစ်မ . . ငါးခေါင်းတိုမပွဲ . . သိပြီလား . . . ”

သည်တော့မှ ပုဏ္ဏားဘထွန်း အပျော်ကြီးပျော်သွားတယ်။

www.foreverspace.com.mm

ထမ,ကရုံတစ်မယ်ပဲ . . အခန်းထဲ ပြေးဝင်မယ်အလုပ် . . ရာအိမ်မှူး ဦးသံချောင်း . . ကမန်းကတန်း သူ့ခြေထောက်လေးကို မ, လိုက်သလို မမဝဝကြီးကလည်း သူ့ခြေထောက်ကို အမြန်ရုပ်သိမ်းလိုက်တယ်။

မကြာခင်မှာပဲ သတို့သားရောက်လာပြီး မင်္ဂလာကိစ္စဆွေးနွေးကြတော့တယ် . . မိန်းမဝဝကြီးက သတို့သားရဲ့အမေတဲ့ . . မင်္ဂလာဆောင်မယ့်ကိစ္စ၊ ဖိတ်စာရိုက်မယ့်ကိစ္စ၊ ကျွေးမွေးတဲ့ကိစ္စ . . ကိစ္စတွေ . . ကိစ္စတွေ . . တစ်ယောက်တစ်မျိုး . . ပြောနေလိုက်တာ . . ဆူညံနေတာပဲ . . . ။

"ဘထွန်းရေ . . ခဏကွယ် . . စကားပြောစရာရှိလို့"

"ဟုတ်ကဲ့ . . လာပြီ . . လာပြီ . . . "

ဘထွန်းရဲ့အမေပဲ အဆောင်ကောင်းလို့လား . . တစ်ဖက်က သတို့သားကပဲ အဆောင်ကောင်းလို့လားတော့ မသိဘူး . . ဘယ်အချိန် ဘယ်လိုတွေ့သွားပြီး ဒီလိုပွဲမျိုးဖြစ်သွားရတာလဲ . . ဆိုတာကို ဘထွန်းစဉ်းစားလို့ကို မရဘူးဖြစ်နေတယ် . . တော်တော် ပိရိသေသပ်ပါပေတယ်ပေါ့ . .

ရင်ထဲမှာ တစ်ခုခုကို မကျေနပ်သလိုကြီး ဖြစ်နေတယ်။ တကယ်ဆို ဘထွန်းရဲ့ပွဲဖြစ်ရမှာ ထုံးစံအတိုင်း သူဝတ်နေကျပုံစံ ရှမ်းဘောင်းဘီ လည်ကတုံးအဖြူဝတ်ပြီး အပြင်ထွက်လာပြီး . . ရုပ်ကိုတည်ခန့်အောင် အတတ်နိုင်ဆုံး ကြိုးစားလိုက်တယ်။

"ကဲ . . ထိုင် . . ဟောဒါက မင်းရဲ့အစ်မ . . သတို့သားလောင်း . . ကြံ့တိုင်းအောင်ပဲ . . . "

"ဘယ်လိုင်းမှာ ပြေးတာလဲ . . . "

"ပုပ္ပါး . . ဒဂုံလေ . . ဟာ . . မှတ်ပါဘူး ခင်ဗျ . . ကြံ့

www.foreverspace.com.mm

တိုင်းအောင်ဆိုတာက . . ကျွန်တော့်နာမည်ပါ အဖေ . . . ”

“ဘာကွ . . ဘယ်လိုခေါ်လိုက်တယ် . . ပြန်ခေါ်စမ်း”

“အဖေလေ . . . ”

ဝုန်းဆို ဘထွန်းထပြီး သတို့သားလောင်းရဲ့ရင်ဘတ်က အင်္ကျီကိုလှမ်းဆွဲတော့ . . .

“နေ . . နေပါဦးဗျာ . . ကျွန်တော် ရှင်းပြတာလေး နားထောင်ပါဦး . . အဖေဆိုတဲ့ အဓိပ္ပါယ်က အစ်ကိုကြီး အဖအရာလေ . . ဒါ . . ဒါကြောင့်မို့ တင်စားပြီး ခေါ်တာပါ ခင်ဗျာ . . နော် . . အဖေ . . နော် . . . ”

ဘထွန်း ပြန်ထိုင်ချလိုက်တယ် . . သူ့ဘက်က အကွက်ကျကျ ရှင်းပြနေမှတော့ . . ဘာတတ်နိုင်မှာလဲ . . .

“ဟေ့ကောင် . . အစ်ကိုကြီးလောက်ဆိုရပြီ . . . ”

“မင်းက အရွယ်တင်ပြီး ရုပ်ကျနေတာ . . ခေါ်မှာပေါ့ကွ . . . ”

ရာအိမ်မှူးဦးသံချောင်းရဲ့အသံကြောင့် ဇတ်ခနဲ တွန့်သွားပြီး . . .

“ဘာပြောတယ် . . ဘာပြောလိုက်တယ် . . ဦးသံချောင်း . . ”

“ဩော် . . ဒီလိုလေ . . ဘာခေါ်မလဲ . . ပေါ့ . . မင်းမင်းအရွယ်ကို မခန့်မှန်းနိုင်ဘူး . . အစ်ကိုအရွယ်ဟာ အစ်ကိုအရွယ်ပေါ့ . . မှတ်ဘူးလား . . အဲဒါကို ပြောတာပါ . . ဟဲ ဟဲ ဟဲ . . . ”

“ဟုတ်ပါတယ်ကွယ် . . အန်တီ့သားက သူ့အဖေအစားသတိရပြီး ခေါ်လိုက်တာပါ . . . ”

www.foreverspace.com.mm

မိန်းမဝဝကြီးက ပြောရင်းနဲ့မျက်ရည်တွေ တပေါက်ပေါက်ကျလာပြီး မပြောမဆိုနဲ့ . . .

"အမလေး ကိုကိုကြီးရဲ့ . . လာကြည့်လှည့်ပါဦးတော့ . . ရှင့်သားလေး . . အိမ်ထောင်ပြုတော့မယ်လေ . . ချွေးမလောင်းလေးကို လာကြည့်ပါဦးတော့ . . တည်းခိုခန်းအားကိုးတွေနဲ့ မိုက်တော့ ရှင် . . ရှင် . . စောစောစီးစီး ဇာတ်သိမ်းရပြီ မှတ်လား . . ကိုကိုကြီးရဲ့ . . . အဟဲ့ . . အဟဲ . . ဟီး ဟီး . "

ဟိုက်. . သေတဲ့လူနဲ့မှ လာနှိုင်းရတယ်လို့ကွာ . . ဘထွန်းဘာလုပ်လို့ လုပ်ရမှန်းမသိဘူး ဖြစ်သွားတယ် . . သတို့သား ကြံတိုင်းအောင်က ကပျာကယာ သူ့အမေဝဝကြီးကို အတင်းပါးစပ်ပိတ်ပြီး . . .

"အမေ . . အမေ . . သတိထားလေ . . ဒါ . . ဒါ . . သားရဲ့မင်္ဂလာကိစ္စ . . နာရေး မှတ်ဘူးလေ . . ဆက်မငိုနဲ့တော့ . . အဖေ့အကြောင်းတွေ အကုန်ပေါ်ကုန်လိမ့်မယ် . . . နော် . . နော် . . . "

"ဝမ်းနည်းပြီး သတိရလို့ပါ သားရယ် . . အမေ့ကို ခွင့်လွှတ်ပါ . . . ဖြစ် . . . ဖြစ် . . ဖြစ် . . (နှပ်ချေးညှစ်သံ) . . ဖတ် . . . "

ရာအိမ်မှူးဦးသံချောင်းရဲ့ ပြောင်နေတဲ့နဖူး . . ဖတ်ခနဲ ပြေးကပ်ရော . . .

"တောက် . . ကဲ . . ခင်ဗျားတို့ မင်္ဂလာကိစ္စပြီးပြီလား . . ပြန်တော့မယ် . . ကန်တော့နော် . . ရာအိမ်မှူးကြီး . . . "

ပိုက်ဆံအိတ်ထဲက တစ်ရှူးလေးထုတ်ပြီး သုတ်ပေးလိုက်တယ် . . 'ရာအိမ်မှူးကြီး' ဆိုတဲ့စကားကြောင့် မသိမသာလေး

www.foreverspace.com.mm


ဘဝင်လေဟပ်သွားတယ် . . . ။

"ရပါတယ် . . ဒါမျိုးက ဖြစ်တတ်ကြပါတယ် . . "

နှပ်ချေးပေတာကိုပဲ ဖြစ်တတ်ကြပါတယ်တဲ့ . . ပါးစပ်ထဲရှိတာတွေ လျှောက်ပြောနေတယ် . . အဲဒီ့မှာတင် ထပြီးတစ်မျိုးသောင်းကျန်းတာက ပုဏ္ဏားဘထွန်း . . .

"ကဲ . . အားလုံး ရှေ့မှာ ကျွန်တော် တစ်ခုပြောမယ် . . ကျွန်တော့်အစ်မ မင်္ဂလာပွဲမှာ ကောင်းသလို ကြိုက်သလို စီစဉ်ကြပါ . . ကျွန်တော် ဘာမှမပြောပါဘူး . . အဲ . . တစ်ခုပဲ ရှိတယ် . . ဖိတ်စာရိုက်ရင်တော့ ကျွန်တော့်နာမည် လုံးဝမထည့်ပါနဲ့ . . . "

အားလုံးက ဘာလဲဟ . . ဘယ်လိုကြီးလဲ . . ဆိုပြီး ဝိုင်းကြည့်ကြတယ် . . သူက မတ်တတ်ရပ်လိုက်ပြီး . . လက်နှစ်ဖက်ကိုနောက်ပစ်ကာ . . မင်းသားကြီးဦးမြတ်လေးပုံစံနဲ့ . . .

"ဘာဖြစ်လို့လဲလို့မေးကောင်း မေးနိုင်ပါတယ် . . အဲဒါက ကျွန်တော်ဟာ လူပျိုကြီး . . ဖြစ်နေလို့ပဲ . . ကျွန်တော့်အတွက် ယတြာကြေသွားနိုင်တယ် . . ဒီတော့ မဖြစ်မနေထည့်ရမယ် . . ထည့်မှဖြစ်မယ်ဆိုရင် ဘထွန်း ကွင်းစကွင်းပိတ်နဲ့နောက်က လူပျိုကြီးဆိုတာကို ထည့်ရေးထည့်ရိုက်မှ လက်ခံမယ် . . အားလုံး သဘောတူလား . . . "

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး . .

"သဘောတူပါတယ် . . " တဲ့ဗျာ . . . . . ။

www.foreverspace.com.mm

## အခန်းစဉ် (၁၀)

ဘထွန်း သူသိမ်းထားတဲ့ ဖိတ်စာတွေကို တောင်ချမြောက်ချနဲ့ တစ်ယောက်တည်း အလုပ်ရှုပ်နေတယ် . . သူ့အစ်မအတွက် ရွေးနေတာလား . . သူ့အတွက် ရွေးနေတာလားတော့ သူကလွဲရင် ဘယ်သူမှမသိနိုင်ပါဘူး . .

အဲဒီ့အချိန်မှာပဲ အိမ်ရှေ့ကို Taxi တစ်စီးထိုးဆိုက်လာကာ . . မကြာခင်တော်ရတော့မယ့် ယောက်ဖလောင်းပြေးတက်လာတယ် . . ပုံစံက မျှစ်ချဉ်ရော . . မှိုပါ တစ်ပါတည်း ရလာတဲ့ပုံစံနဲ့ . . .

"အစ်ကိုကြီး . . အမေတို့ရော . . ဟင် . . "

"ပြော . . ငါနဲ့ပြော . . ဘာကိစ္စလဲ . . "

"ဩော် . . ဒီလိုပါ . . ကျွန်တော် ဖိတ်စာနမူနာအကြမ်း ရိုက်လာတယ် . . အဲဒါ ပြ . . ပြချင်လို့ . . . "

ဖိတ်စာအကြမ်းကို ဘထွန်းအား မဝံ့မရဲနဲ့လှမ်းပေးပြီး မလှမ်းမကမ်းမှာ ဆောင့်ကြောင့်လေး သွားထိုင်နေတယ် . . . ဘထွန်းက ဆရာကြီးပုံစံနဲ့ ယူကြည့်လိုက်တော့ . . . .

**ဂ်လာ ညှော်ခံပွဲဖိတ်ကြားလွှာ ...**

**(ဦးကိုကိုကြီး) + ဒေါ်ထွားနု (သမာ ဓိတည်းခိုခန်းပိုင်ရှင်) အမှတ် ....၊ လမ်း .....၊**

**ဒဂုံတောင်/ မြောက်လမ်းဆုံနေ တို့၏ တစ်ဦးတည်းသောကုလား ....**

**ရေငံပိုင်နေ ဦးမြပေ+ မကွေးသမီးဒေါ်ထွားကြီးတို့၏ တူသား**

**မောင်ကြဲတိုင်းအောင်**

**ဆိုက်ကား၊ ရေထိုး၊ ကျွတ်ဖာ**

**ဆယ့်နှစ်စီးပိုင်ရှင်**

**နှင့်**

**(ဦးလွမ်းဝေနိုင်) + မြောင်းတကာ ဒေါ်ရီ (ဖစ်အေးဂျင်း)**

**ကိုဘထွန်း (အ .လ .က .မ.ရ) လူပျိုကြီးတို့၏ သမီးဦး၊ အစ်မအကြီး**

**မိနွယ် (ငါးခေါင်းတိုမ)**

**တို့ကို မိဘတို့ဝတ္တရား ........**

ဆက်မဖတ်တော့ဘူး . . ဖိတ်စာကို ပစ်ပေးလိုက်ပြီး . . ထုံးစံအတိုင်း မင်းသားကြီးဦးမြတ်လေးပုံစံနဲ့ . . .

"ဟေ့ကောင် . . သတ်ပုံတွေ မှားနေတယ် . . တစ်ဦးတည်းသောသားဖြစ်ရမှာ တစ်ဦးတည်းသောကုလားဖြစ်နေတယ်"

"ဟုတ် . . ဟုတ်ကဲ့ . . . "

"ပြီးတော့ . . ဘာလဲ . . ရေငံပိုင်ဆိုတာ . . ဦးရှင်ကြီးလား . . "

ကြဲတိုင်းအောင်က ဖိတ်စာကို ပြန်ငုံ့ကြည့်လိုက်ပြီး . . .

"ဟာ . . မှုတ်ဘူး . . မှုတ်ဘူး . . ရေနံချောင်းလို့ရေးပေးထားတာပါ . . "

"ဟုတ်ပြီ . . ပြီးတော့ . . မကွေးဆို လုံလောက်ပြီ . . မကွေးသမီးဒေါ်ထွားကြီးဆိုတော့ . . မကောင်းဘူး . . မကောင်း

www.foreverspace.com.mm

ဘူး . . ပြန်ပြင်လိုက်ပါ . . . ”

“ဟုတ်ကဲ့ ခင်ဗျာ . . ”

“ပြီးတော့ . . ငါ့ရဲ့နာမည်နောက်က ဘာလဲ . . အ. လ. က. မ. ရ ဆိုတာ . . နေဦး ကျန်သေးတယ် . . ဂ်လာဖြည့်ခံပွဲ . . မ,မပါလာဘူး . . တွေ့လား . . ”

“ဟုတ်ကဲ့ ခင်ဗျာ . . ”

“အေး . . . လောကမှာ ဘာလုပ်လုပ် . . . အတိတ်တဘောင်နိမိတ်ဆောင်တယ်ကွ . . မှတ်ထား . . စကားလေးတစ်လုံးမှားတာနဲ့ . . စာလုံးလေးတစ်လုံး သတ်ပုံမှားတာနဲ့ . . မလိုအပ်တဲ့ အခိပ္ပါယ်တွေ သက်ရောက်ကုန်တတ်တယ် . . မဖြစ်သင့်တာတွေ ဖြစ်ကုန်မယ် . . ငါ့အလှည့်ကျရင် ကြည့် . . ဖိတ်စာအရောင် . . ကာလာပေါ့ . . အဲဒါဟာ အရေးအကြီးဆုံးသောအရာ . . ဥပမာ . . ငါ့ရဲ့နေ့နံ . . ငါယူမယ့် သတို့သမီးရဲ့နေ့နံ . . ပြီးတော့ ငါတို့ဝတ်ဆင်မယ့် အဝတ်အစားအရောင် . . မင်္ဂလာခန်းမမှာ သုံးစွဲမယ့် လိုက်ကာ၊ ခန်းဆီး၊ ကုလားထိုင်၊ စားပွဲခင်းစသည်ဖြင့်ပေါ့ . . အရောင်တွေ၊ ကာလာတွေ၊ တီးဝိုင်းက တီးဝိုင်းခေါင်းဆောင်ရဲ့နာမည် . . ကျွေးမွေးဧည့်ခံမယ့် ရေခဲမုန့်အရောင်”

“ကိုကြံတိုင်းအောင် သွားမယ်ဗျို့ . . ဆီလည်း ထည့်ရဦးမယ် . . . ”

တော်ပါသေးရဲ့ . . . ငှားလားတဲ့ Taxi သမားက စကားစဖြတ်လိုက်လို့ . . နို့မို့ဆို တစ်နေကုန် သွားနိုင်တယ် . . .

“အဟဲ . . အစ်ကိုကြီး . . သွားဦးမယ်နော် . . ဖိတ် . . ဖိတ်စာလေး ပြန်ပြင်ရဦးမှာမို့ . . ”

“ဩော် . . အေး . . ငါပြောတာတော့ မမေ့နဲ့နော် . . ”

ကားပေါ်ရောက်တော့မှ ကားသမားကို ပြန်ပြောပြရင်းနဲ့ နှစ်ယောက်သား ရယ်လိုက်ရတာ မပြောပါနဲ့တော့ . . . .

"တော်ပါသေးရဲ့ကွာ . . . သူ့နာမည်ရဲ့နောက်က အ. လ. က. မ. ရ ဆိုတဲ့ အဓိပ္ပါယ် . . သူကမေးတော့ ဘာပြောရမှန်းမသိဘူး ဖြစ်သွားတယ် . . . "

"အဲဒါ . . . ဘာ အဓိပ္ပါယ်လဲ ကျွန်တော်လည်း မေးမလို့ . . . "

"အ. လ. က. မ. ရ ဆိုတာ အလုပ်အကိုင်မရှိဆိုတဲ့ အဓိပ္ပါယ်ပါကွာ . . အလကား ဇီဇာကြောင်တဲ့ဘဲကြီး . . ဟား ဟား . . မိန်းမက ဘယ်ဆီနေမှန်း မသိဘူး . . ရွေးလိုက်ရတဲ့ ဖိတ်စာ . . သိမ်းလိုက်ရတဲ့ ဖိတ်စာနမူနာတွေ . . ဟား ဟား ဟား . . . "

www.foreverspace.com.mm

www.foreverspace.com.mm

## အခန်းစဉ် (၁၁)

ကောင်းတာတွေစား၊ ကောင်းတာတွေဝတ်၊ အကောင်းစားတွေပြော ××× သတိထား ××× မင်း လူပေါင်းမှားနေတော့ ××× ငါတို့က ပြင်ပေးလို့မရ ×××

မင်းတစ်ယောက်တည်းလွဲ ××× မင်းတစ်ယောက်တည်းပဲ ××× လူတွေဝိုင်းဆွဲ ××× လမ်းမှားနေခဲ့ ××× ကဲ ××× ဘယ်လိုလုပ်မလဲ ××× ရမ္မက်တွေက တက်နေကြဆဲ ××× နောက်ဆုံးတော့ အရှက်သာကွဲ ××× ဖြစ်ပျက်တာတွေ များနေခြင်း ××× စကားတွေမရှင်း ××× မင်းတကယ်လို့ အလုပ်မရှိရင် အားနေရင် အိမ်ကိုလာ ဘုရားရှေ့မှာ ဒူးထောက် ××××

ကဲကိုကဲ ××× သည်းကိုသည်းတယ် ××× အမြဲလိုပဲ ×× ရေမကူးတတ်တဲ့ ဘဲလိုပဲ ××× ရုတ်တရက်ဆို ကျွတ်ကျဲသလိုနဲ့ ××× ဟန်ဆောင်ပြီး အပြုတ်လိုတဲ့ ပဲလိုပဲ ××× ကပ်စေး ထမန်းလို ခွဲ ××× ငါးပိရည်ကို ရဲယိုရွက်နဲ့ တို့ပြီး ××× ဆွဲဆို ဆွဲမယ်×××

လက်ဖက်ရည်ဆိုင်က ဖွင့်ထားတဲ့ ရဲလေး၊ ကြက်ဖ၊ ဂျေမီ

www.foreverspace.com.mm



တို့ရဲ့ သီချင်းသံတွေဟာ မှုးပြီးလမ်းလျှောက်လာတဲ့ ပုဏ္ဏားဘထွန်းကို လှောင်ပြောင်နေသလို . . လို . . နီးစပ်ရာပလတ်စတစ်ခုံလေးယူပြီး ထိုင်ချလိုက်တယ်။

"ဂွတ် . . ဖုန်း . . အမရေးဂျ . . ဟား ဟား . . ဟီ ဟီ . . ကိုဘထွန်းကြီး . . ဘာတွေ ပေါက်ကွဲလာလဲ . . ခုံလေး ကျိုးသွားပြီ . . ."

"လျော်မယ် . . လျော်မယ် . . ဘယ်ရောက်ကျ . . ကျ . . ဘထွန်း လျော်နိုင်တယ် . . ."

ဆိုင်ရှင်ဦးစံမြင့် ဘထွန်းကို ဆွဲထူလိုက်ပြီး နောက်ထပ်ခုံတစ်လုံး အသစ်ပေးကာ . .

"ဘယ်လိုဖြစ်လာတာလဲ . . ဘထွန်း . . မင်းအစ်မ မင်္ဂလာဆောင်မသွားဘူးလား . . ."

"သွားတယ် . . သွားပြီးမှပြန်ရတာ . . မမိုက်ပါဘူးဗျာ"

"ဘယ်လို မမိုက်တာလဲ . . ငါတို့လည်း နည်းနည်းအတင်းပြော . . အဲလေ . . ဖောက်သည်ချဦးလေ . . ."

ဘထွန်းက လက်ဖက်ရည်စားပွဲကို လက်နှင့် ဝုန်းခနဲပုတ်လိုက်ပြီး မေးကြောကြီးတောင် ထောင်လာသည့်အထိ အံကြီးကြိတ်ကာ မျက်လုံးစုံမှိတ်ပြီး . . .

"တောက် . . ကျွန်တော်က ကျွန်တော့်အလှည့်ကျရင် ဘယ်လိုမင်္ဂလာဆောင်ရမယ်ဆိုတာကို ကြိုတင်လေ့ကျင့်တဲ့အနေနဲ့ ကျွန်တော့်အစ်မ မင်္ဂလာဆောင်မှာ သွားလေ့လာတယ်ဗျာ"

ချာတိတ်တစ်သိုက် အနားဝိုင်းလာတယ် . . တစ်ခုခုတော့ ရယ်ရတော့မယ်ဆိုတာ သိနေကြပြီ . . ဦးစံမြင့်က ချာတိတ်တွေကို မျက်စိတစ်ဖက်မှိတ်ပြလိုက်တယ်။

www.foreverspace.com.mm

"ဟုတ်ပြီ . . ဘယ်လိုလေ့လာခဲ့လဲ . . ဘယ်လိုပြဿနာတွေ ဖြစ်ခဲ့လို့လဲ . . . မင်းထိရင် ငါတို့မခံဘူးနော် . . ပြော . . ပြောစမ်းပါကွာ . . . "

တစ်ခါဖူးမှ မစားဖူးတဲ့ ကွမ်းယာကို ပျစ်ခနဲကွမ်းတံတွေးထွေးလိုက်ပြီး . . .

"ကျွန်တော်ကဗျာ . . သတို့သမီးအစ်မ မိတ်ကပ်လိမ်းတဲ့အခန်းထဲဝင်ပြီး မိတ်ကပ်ဖိုး ဘယ်လောက်ကျသလဲ . . သတို့သမီးဝတ်စုံငှားခ ဘယ်လောက်ကျသလဲ . . လက်ဝတ်ရတနာငှားခ ဘယ်ရွေ့ဘယ်လောက် . . ခန်းမငှားခ . . ရေခဲမုန့်ဖိုး . . အဲဒါ . . အဲဒါတွေဗျာ စုံနေတာပဲ . . . လိုက်မေးတယ် . . လိုက်စုံစမ်းတယ်ဗျာ . . တောက် . . အဲဒါကို သတို့သားဘက်က ဘာကောင်မှန်းမသိတဲ့ လူတစ်ယောက်က . . . . "

"ခင်ဗျားက . . အဲဒါတွေကိုလိုက်စုံစမ်းနေရအောင်ခင်ဗျားတို့ဘက်က အကုန်အကျခံရလို့လား . . . " တဲ့။

ဦးစံမြင့်က လက်သီးလက်မောင်းတန်းပြီး . . . .

"သူက ဘာကောင်မို့လို့ . . ငါတို့လူကို ပြောရတာလဲ"

"အဲဒါကိုပြောတာ . . ကျွန်တော်ပြောတာ . . အဲဒါ . . ဟ . . ငါတို့ဘက်က အကုန်ချ . . အဲ . . အကုန်ကျခံရတာ . . မင်းတို့ဘက်က အကုန်ကျခံရတာ ငါမသိဘူး . . ငါသိတာက ငါသိချင်တာကို မေးတာ . . ဒါမှ ငါ့အလှည့်ကျ ဘယ်ရွေ့ဘယ်လောက်ဆိုတာ ခန့်မှန်းလို့ရမှာကွ . . "

"ဟုတ်တယ် . . မင်းပြောတာမှန်တယ် . . . "

"အဲဒီတော့ . . သူက ဘာပြန်ပြောတယ် မှတ်လဲ . . မင်းဒီတစ်သက် မိန်းမရဖို့ မခန့်မှန်းနဲ့တဲ့ . . မင်းခန့်မှန်းရင်း ခန့်မှန်း

www.foreverspace.com.mm


ရင် မင်းအသုဘစရိတ်ကိုခန့်မှန်းတဲ့ . . တောက် . . . ”

အနားမှာရပ်နေတဲ့ ချာတိတ်အုပ်စုထဲက တစ်ယောက်က

“မိုက်ရိုင်းလိုက်တာ . . ဦးဘထွန်း . . အဲဒီ့ကောင်ကို ဆွဲမထိုးလိုက်ဘူးလား . . ”

“ဟား ဟား ပုဏ္ဏားဘထွန်းပါ . . ဘယ်နေလိမ့်မလဲ . . ဆွဲထိုးတာထက်နာအောင် . . . ပိုခံစားသွားရအောင်ကို လုပ်ခဲ့တာ . . . ”

ဦးစံမြင့်အပါအဝင် ချာတိတ်တွေက စိတ်ဝင်စားသွားပြီး ဝိုင်းမေးလိုက်တယ် . . .

“ဘာလုပ်ခဲ့လဲ . . တုတ်နဲ့ရိုက်ခဲ့တာလား . . အုတ်နီခဲနဲ့ ထုခဲ့တာလား . . ပြဿနာတွေတော့ ဖြစ်တော့မှာပဲဗျာ . . ဦးဘထွန်းနဲ့ . . . . ”

ဘထွန်းက လက်ကာပြပြီး ပုဆိုး အဲလေ . . ရှမ်းဘောင်းဘီကို ပြန်ပြင်ဝတ်လိုက်ကာ . . မတ်တတ်ရပ်ပြီး ပြောလည်းပြော ထွက်လည်းသွားပါလေရော . . .

“ရေခဲမုန့်ခြောက်ပွဲစားပြီး ယောက်ဖလုပ်တဲ့ကောင်ဆီက ငွေသုံးထောင်တောင်း . . အရက်ကိုမူးအောင်သောက်ပြီး ပြန်ခဲ့တာပေါ့ . . ဟား ဟား . . . . ”

ဆူညံနေတဲ့အသံတွေကြောင့် ဘထွန်းလန့်နိုးသွားတယ်။ ရပ်ကွက်ထဲ ဘာတွေဖြစ်ပြန်လဲ . . မီးများလန့်လို့လား . . ဘာလားလဲပေါ့ . . အခန်းထဲက မပြေးရုံတစ်မယ်ထွက်လိုက်တော့ . . အိမ်ရှေ့မှာ သုံးတန်ကားတစ်စီးရပ်ပြီး ကားပေါ်က ခုတင်တွေ၊ ရေတိုင်ကီတွေ၊ ဘုရားစင်တွေ သယ်ချနေတာကို တွေ့လိုက်ရတယ်။ ဥစ္စာစောင့်မမြစိမ်းများ သိုက်ပြောင်းလာသလားမှတ်ရ

www.foreverspace.com.mm

တယ် . . များလိုက်တဲ့ အတိုအထွာပစ္စည်းတွေ . . . ။

"အမေ . . ဘာတွေလဲ . . ဘယ်သူတွေကို အိမ်ငှားတင်မလို့လဲ . . ."

"ဟဲ့ . . ဘယ်သူကမှာလဲ . . နင့်အစ်မနဲ့နင့်ယောက်ဖလေ . . ."

"ဗျာ . . ဘယ်လို . . ဘယ်လို . . သူတို့က . . ."

"သူ့အမေက နယ်ပြန်သွားပြီ . . နင့်အစ်မက သူတို့နယ်ကို လိုက်မနေချင်ဘူးတဲ့ . . မိဘနဲ့ရင်အုပ်မကွာ နေချင်တယ်တဲ့လေ . . အဲဒါနဲ့ ဒီပြောင်းလာကြတာ . . ."

တောက် . . လင်ယူပြီးမှ မိဘနဲ့ ရင်အုပ်မကွာ နေချင်တယ်လို့ . . ကြားကြားဖူးပေါင်ဗျာ . . .

"သူတို့က ဘယ်လောက်ကြာကြာနေမှာလဲ ဟင် . . ."

"အိမ်ငှားဖို့ ရှာမတွေ့မချင်းတဲ့ . . ."

"တွေ့လည်း ငှားမှာမှတ်ပါဘူး . . သိတယ် . . သိတယ် . . တောက် . . အိမ်ရှေ့နောက်ဖေး . . ခြေလှမ်းဆယ့်ငါးလှမ်းလှမ်းတာနဲ့ ရောက်တဲ့အိမ်မှာ ဘယ်လိုနေကြမှာလဲ . . ."

"ခဏတစ်ဖြုတ်တော့ သည်းခံနေလိုက်ပေါ့ ဟယ် . ."

"ကျွန်တော် မိန်းမယူရင် ဘယ်မှာသွားနေကြမလဲ . . အဲဒါလည်း ထည့်စဉ်းစားကြဦးလေ . ."

အမေက ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲနဲ့နေအောင် ဖွာလိုက်ပြီး မျက်နှာတစ်ဖက်လှည့်ကာ . . .

"အိမ်ရှေ့မှာ နံကရိုင်းမယ်တော်စင်ရှိတယ် . . ဘထွန်းသိပ်စကားမများနဲ့ . . ငါစိတ်ညစ်နေတယ် . . ဘယ်နှယ့်တော်သမီးတစ်ယောက်လုံးလည်း ပေးလိုက်ရသေးတယ် . . ရေခဲမုန့်

www.foreverspace.com.mm

လည်း ဝအောင်မစားရဘူး . . ဟိုဝိုင်းဧည့်ခံရ . . ဒီဝိုင်းဧည့်ခံရနဲ့ စားမယ်လည်းလုပ်ရော . . ပြောင်သလင်းနေပြီ . . ဒီကြားထဲ သူတို့မိသားစုပဲ ဓာတ်ပုံတွေရိုက်တယ် . . ငါတို့ကျတော့ ဖုတ်လေတဲ့ငါးပိရှိလေတယ်တောင်. . မအောက်မေ့ဘူး . . လက်ဖွဲ့ပစ္စည်းတွေကျတော့ အကုန်သယ်တယ် . . ဓာတ်ဘူးနဲ့ဆေးလိပ်ခွက် . . ဖန်ခွက်တွေကျတော့ ငါတို့ပေးတယ် . . တွေ့မယ် . . တွေ့မယ် . . မရှိတဲ့ . . ငါးခေါင်းကို အလေးနဲ့ထုသလို . . ဟင်း ဟင်း ဟင်း”

ဘထွန်း အသာခေါင်းကုတ်သွားသည်။ အမေရဲ့ဒေါသက နဂါးစ်ထက်ပိုပြင်းတော့မယ်ဆိုတာ သိလိုက်ရပြီ . . ကိုယ့်ဘက်တော့ အလှည့်မခံနိုင်ဘူး . . ခြေဖွဖွလေးနင်းပြီး ပြန်လှည့်ထွက်လိုက်တယ် . . နို့မို့ဆို . . ငါးဆယ်သားအလေးလား . . တစ်ပိဿာအလေးလားပဲ . . . . ။

www.foreverspace.com.mm

## အခန်းစဉ်(၁၂)

၁၃၇၀၊ ဝါခေါင်လဆန်း (၁၃)ရက်၊ ကြာသပတေးနေ့၊ ဩဂုတ် (၁၃)ရက်နေ့ပေါ့ဗျာ . . ဘထွန်းရဲ့အမှတ်တရဖြစ်ဆုံးနေ့။ မိုးတွေအရမ်းသည်းနေတဲ့ညတစ်ညဟာ ဘထွန်းရဲ့ဘဝမှာ ကျောက်တိုင်ပမာ စိုက်ထူလိုက်ပါပြီ။

အမေဖြစ်သူကိုလည်း မကြည့်ရဲ။ အစ်မနဲ့ ယောက်ဖကို လည်း မကြည့်ရဲ။ အငယ်မျက်နှာဆို ပိုဆိုးသေး။ တတ်နိုင်ရင် မျက်နှာဖုံးကြီး စွပ်ပြီးနေလိုက်ချင်တာ . . ထမင်းစားရခက်မှာစိုး လို့ . . အဲဒီ့လောက်ဗျာ . . တကယ်ပါ . . ဖြစ်ပုံက ဒီလိုဗျ . . ဒီလို . . .

ထုံးစံအတိုင်း အမေနဲ့အိမ်က လူတွေအိပ်ချိန်ကို ဘထွန်း စောင့်နေတာ . . တဖြည်းဖြည်းနဲ့ ညဉ့်ကလည်း နက်လာပြီ . . နာရီကို လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်လိုက်တော့ . . (၂)နာရီကျော် စပြုနေပြီ . . လုပ်ငန်းစပြီပေါ့ . . အသာအယာအိပ်ရာထဲက ခြေ ဖဝါးလေးကြွပြီး ထလိုက်တယ် . . ဘထွန်းထလိုက်တာကို အမေ

www.foreverspace.com.mm

ရော ညီမဖြစ်သူကပါ လှစ်ခနဲမြင်လိုက်တယ် . . ဘာထလုပ်တာလဲဆိုတဲ့အတွေးတွေ သူတို့ခေါင်းထဲဝင်သွားပုံရတယ် . . ဘထွန်းကလည်း သူလုပ်နေကျအတိုင်း ဇောကပ်နေတာ . . နောက်ကိုလှည့်မကြည့်တော့ဘူး . . .

အစ်မတို့လင်မယားအခန်းကျဉ်းလေးရှေ့ရောက်တော့ သူတို့များနိုးနေရင် ဆိုတဲ့အတွေးနဲ့ အသာအယာခန်းဆီးလေးလှစ်ပြီးအကြည့် . . .

"လူယုတ်မာ . . အဲဒါ ဘာလုပ်တာလဲ . . ဟင် . . ပြောစမ်း . . . နင့်စိတ်ဓာတ်တွေ တော်တော်အောက်တန်းကျလှချည်လား . . ငထွန်းရဲ့ . . . ဖုန်း . . ဖုန်း . . . "

ကျောပြင်ကို ပြောတင်တင်တော့တာပါပဲ . . ရှင်းပြမယ် အလုပ် . . .

"အစ်ကိုကြီး ညစ်ပတ်တယ် . . မရှက်ဘူးလား . . "

"ဟာ . . မဟုတ်ဘူး . . မဟုတ်ဘူး . . . "

"ဟဲ့ . . ငါ့မျက်စိနဲ့တပ်အပ်မြင်တာအောင် နင်က ငြင်းရသေးလား ငထွန်းရယ် . . . အဲဒါ . . နင့်အစ်မလေ . . . "

ဆူဆူညံညံအသံတွေကြောင့် အစ်မတို့လင်မယားပါ နိုးလာပြီး ဘာတွေဖြစ်တာလဲ အကျိုးအကြောင်းမေးတော့ အမေက ဘာမှပြန်မပြောဘူး . . ငိုလိုက် ထုလိုက် ရိုက်လိုက်နဲ့ . . ပိုဆိုးတာက ညဦးပိုင်း ဖိတ်စာတစ်စောင်ကို ယူဖတ်ပြီး ခါးကြားထိုးထားတာ မဖြုတ်မိဘူး . . .

"နင် . . နင့်အသက်လည်း မငယ်တော့ပါဘူးဟယ် . . ဖိတ်စာတကိုင်ကိုင်နဲ့ တဏှာရူးနေတုန်းပဲလား . . "

"မဟုတ်ဘူး အမေ . . မဟုတ်သေးဘူးနော် . . ကျွန်

www.foreverspace.com.mm

တော်ရှင်းပြတာလည်း နားထောင်ပါဦး . . . ”

“မရှင်းပြနဲ့ . . . မရှင်းပြနဲ့ . . နင့်ပါးစပ်က ထွက်လာတဲ့ စကားတွေဟာ . . မုသားတွေပဲ ဖြစ်မှာ . . အဲ . . ငထွန်း . . နင် . . ဒီလောက်တောင်ဖြစ်နေရင် . . . ”

“အမေ တော်တော့ . . . ”

ဘထွန်းရဲ့ရင်ခေါင်းထဲက ထွက်သွားတဲ့အသံ . . ဘယ်လောက်ကျယ်သွားတယ် မသိပါဘူး . . အားလုံးလန့်ပြီး ငြိမ်သွားတယ် . . ယောက်ဖလုပ်သူကလည်း ဘာတွေဖြစ်မှန်းမသိတော့ ဘာဝင်ပြောရမှန်းမသိ။ အစ်မလည်း ထိုနည်းလည်းကောင်း . . ဇတ်ခနဲ အမေ့လက်ကိုဆွဲပြီး . . . .

“ကျန်တဲ့လူတွေ အဲဒီမှာ နေခဲ့ . . . လိုက်လာရင် ငါ့အဆိုးမဆိုနဲ့ . . . ”

ငါးတွေထည့်ထားတဲ့ သံစည်ပိုင်းပြတ်နားရောက်တော့ လက်ထဲမှာပါလာတဲ့ ကိရိယာတွေပြပြီး . . .

“ကျွန်တော် အမေ့ငါးအရှင်တွေကို ခိုးခိုးပြီးရောင်းနေတာ ကြာပြီ . . ရောင်းလို့ရတဲ့ ပိုက်ဆံတွေကို ကျွန်တော်မင်္ဂလာဆောင်ရင်သုံးမယ်ဆိုပြီး စုစုနေတာ . . အမေမယုံရင် လိုက်ခဲ့ . . ကျွန်တော် စုထားတဲ့ငါးဖိုးငွေတွေ ပြမယ် . . အမေတို့ထင်သလို မှုတ်ပါဘူးဗျာ . . ကျွန်တော် . . ကျွန်တော် . . ရှက်လိုက်တာဗျာ . . အဟီး ဟီး ဟီး . . . ”

ကလေးငယ်တစ်ယောက်လို ဘထွန်း ပြောလည်းပြော ငိုလည်းငိုနဲ့ . . . သည်တော့မှ မှင်သက်နေတဲ့ အမေက သတိဝင်လာပြီး ပခုံးလေးကိုကိုင်ကာ . . .

“သားရယ် အမေ့ကို ခွင့်လွှတ်ပါ . . ပြုန်းစားကြီးဆိုတော့

www.foreverspace.com.mm

အမေ အမြင်လွဲသွားတာပါ . . ကဲ . . ထ . . ထ သွားပြန်အိပ် ကြရအောင် . . ပိုက်ဆံလိုလည်း အမေ့ပြောပေါ့ . . ငါးတွေခိုး စရာမလိုပါဘူး . . သားရယ် . . . နော် . . ဒီကိစ္စကိုလည်း နောက်မှ အိမ်ကလူတွေသိအောင် ဖြည်းဖြည်းချင်းရှင်းပြလိုက်ပါ့ မယ် . . ”

တရှုံ့ရှုံ့ငိုနေတဲ့ဘထွန်း၊ ကျပ်သိပ်မပြည့်တဲ့ဘထွန်းကို အမေက ချော့မော့ခေါ်ပြီး အိပ်ရာထဲပြန်အိပ်ခိုင်းလိုက်တယ်။ ကျန်တဲ့လူတွေကတော့ ဘာမှန်းမသိ . . အမေက မျက်ရိပ်မျက်ကဲ ပြလိုက်တယ်။ အိပ်တော့ပေါ့နော် . . .

အဲဒါပဲ ဘထွန်းတစ်သက် မေ့လို့မရတဲ့ည . . မိုးတွေ သည်းတဲ့ည . . အမေနဲ့မိသားစု အထင်လွဲခံရတဲ့ည . .

မိသားစုတွေ ချောင်းကြည့်လိုက်တော့ ဘထွန်းရယ် . . သူ့ဘေးနားက တောင်လိုပုံနေတဲ့ ဖိတ်စာလေးတွေကိုကြည့်ပြီး တအစ်အစ်နဲ့အသံတိတ် ငိုလို့နေလေရဲ့ဗျာ . . ငိုလို့နေလေရဲ့ . .

✹ ✹ ✹

www.foreverspace.com.mm

## အခန်းစဉ် (၁၃)

ဘထွန်း ရပ်ကွက်ထဲက ပျောက်ခြင်းမလှ ရုတ်တရက်ကြီး ပျောက်သွားတော့သည်။ ဘထွန်းပျောက်တာက အရေးမကြီးဘူး . . ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတာက အမေနဲ့ညီမတွေ. .

ရှက်ရှက်နဲ့ရေထဲခုန်ချ သေပြီလား . . ကားတိုက်၊ ရထားတိုက်ခံပြီးများ သေသွားပြီလား . . ဟိုရှာ . . ဒီစုံစမ်းနဲ့ ဒီကြားထဲ ပိုဆိုးတာက မျက်စောင်းထိုးက ဦးစံမြင့် လက်ဖက်ရည်ဆိုင်မှာ သတင်းထွက်နေပြီ . .

ဦးစံမြင့်ရဲ့ပီယဆေးကြောင့် ဦးစံမြင့် သမီးအငယ်မ အေးမြတ်သူ(သရုပ်ဆောင်မဟုတ်ပါ)ပါ ပျောက်နေသဖြင့် ရပ်ကွက်ထဲက ချာတိတ်တွေ ဘထွန်းလက်ချက်၊ ပီယဆေးအစွမ်း ဟု ပြောနေကြသည်။

ဦးစံမြင့်နဲ့မတရုတ်မကတော့ နောင်ဂျိန်တွေ ပလေးကုန်ပြီ။ နောက်ဆုံးမတတ်သာ။ အရှုံးပဲဖြစ်ဖြစ်။ အနှမ်းပဲဖြစ်ဖြစ်။ ကျပ်ပဲပြည့်ပြည့် မပြည့်ပြည့် ပေးစားတော့မည်ဟု ဆုံးဖြတ်ချက်ချပြီး ဘထွန်းမိဘတွေနဲ့ သွားတိုင်ပင်ရာ . . ကျိန်းသေလို့ကတော့ မရှိ

www.foreverspace.com.mm



ရှိတာနဲ့ ပေးစားမည်။ သို့သော် ဘထွန်းက ဘယ်ဆီရောက်နေမှန်း မသိတော့ ဘယ်ကိုစုံစမ်းရမှန်းမသိ ဖြစ်နေသည်။

တစ်ရက် မော်လမြိုင် ဘီလူးကျွန်းက ဦးစံမြင့်လက်ဖက်ရည်ဆိုင်ကို ဖုန်းဝင်လာသည်။ ငါးရောင်းသော ဒေါ်ရီကို ခေါ်ပေးပါတဲ့ . . ဘထွန်းအကြောင်း ပြောချင်သည်ဟု ဆိုလာသဖြင့် လက်ဖက်ရည်ဆိုင်ရှိ တယ်လီဖုန်းဘေးတွင် ဘောလုံးပွဲအလား . . လူတွေစုရုံးလို့ နေပါတော့သည်။

"ဟဲလို . . ပြောပါရှင် . . ကျွန်မ မရီပါ . . . "

". . . . . . . . . . . . . . . . . . . . . "

"ရှင် . . . ဟုတ်လား . . တော်သေးတာပေါ့ . . ဒီမှာက အားလုံး စိတ်ပူနေတာ . . . "

". . . . . . . . . . . . . . . . . . . . "

"ကျွန်မက ဘကြီးကိုမေ့နေတာ . . သူ အဲဒီ့ရောက်နေမယ်လို့ . . ဘယ်လာ တွေးမိမလဲ . . . ဟုတ်ကဲ့ . . . ဒါနဲ့ ဘကြီး . . သူနဲ့မိန်းကလေးတစ်ယောက်များ မပါလာဘူးလား . . . "

". . . . . . . . . . . . . "

"ရှင် . . မပါဘူး . . သူတစ်ယောက်တည်း ဖိတ်စာတွေနဲ့ . . ဟုတ်ကဲ့ . . ဘကြီး . . ဟုတ်ကဲ့ . . လာခဲ့လိုက်ပါ . . ဒါပဲနော် . . . "

ဒေါ်ရီက ဒုတိယပိုင်းပြီးခါနီးလေးမှ စက္ကန့်ပိုင်းအလို သွင်းယူလိုက်လို့ နိုင်သွားတဲ့ဘောလုံးအသင်းက အသင်းခေါင်းဆောင် မျက်နှာမျိုးနဲ့ . . . .

"ကဲ . . ဦးစံမြင့်ရေ . . ကျွန်မသား မဟုတ်တာတော့ သေချာသွားပါပြီရှင် . . အဲ . . သေချာတာ တစ်ခုကတော့

ဘထွန်းနဲ့ယူမယ့် ကောင်မလေးက . . . ”

ဒေါ်ရီ့စကားကို ချာတိတ်တွေနဲ့တကွ လက်ဖက်ရည်ဆိုင်ထဲမှာ ရှိနေတဲ့လူတွေက စိတ်ဝင်တစား နားထောင်နေကြတယ်။

“ပြောလေဗျာ . . ဒေါ်ရီ . . ဘယ်သူ့သားသမီးလဲ”

“ကျွန်တော်တို့အမျိုးတွေထဲကလည်း ဖြစ်နေပါဦးမယ်”

“ကျွန်မရဲ့ဘကြီးက ဘီလူးကျွန်းချောင်းဆုံ ခလိုက်သစ်မှာနေတာ . . သူက ရော်ဘာခြံတွေရှိတယ်လေ . . . ”

“ဩော် . . ဒေါ်ရီနှယ် ဒုက္ခပါပဲ . . ဘထွန်းကိစ္စမေးတာ . . ခင်ဗျား ဘကြီးအကြောင်းမေးတာ မှတ်ဘူးလေ . . . ”

“ဟုတ်ပါတယ် . . ကျွန်မကလည်း အဲဒါပဲ ပြောမလို့ပါ . . သူ့ဘကြီးက သူ့တူစိတ်ချမ်းသာအောင်တဲ့ . . . ဘယ်လောက်ကုန်ကုန် မင်္ဂလာဆောင်ပေးမယ်တဲ့ . . သတို့သမီးက မြိတ်သူ လေ . . . ပထက်တောင် ကမ်းခြေကနေသွားရင် နှစ်နာရီလောက်ဆိုရောက်တဲ့ မအိုင်ရွာသူလေး ဟေ့ . . သိပြီလား . . . ”

ဦးစံမြင့် လက်ဖက်ရည်ဆိုင်လေး . . လက်ခုပ်သံတွေဆူညံသွားတယ် . . ဒေါ်ရီတစ်ယောက် ရင်ကော့ပြီး ထွက်သွားသလို ကြက်ကြီးခွပ် လက်ချထားသလို ခေါင်းကြီးအောက်စိုက်ပြီး ထိုင်နေသူကတော့ ဦးစံမြင့်ပဲဖြစ်ပါတော့သည် ခင်ဗျား . . . .

နဖူးစာရွာလည်တဲ့ . . လှိုင်သာယာနဲ့မြိတ် . . မင်္ဂလာပွဲလေး မကြာခင် မြင်ရတော့မယ် . . ဒါပေမယ့် နဖူးစာရွာလည်တဲ့အထဲမှာ ဦးစံမြင့်ကတော့ ဘယ်အချိန် ဘယ်ကာလအထိ သမီးတစ်ယောက်အတွက်နဲ့ ရွာလည်ရဦးမယ်ဆိုတာ မိုးလေဝသ သတင်းလိုပါပဲ . . ခန့်မှန်းရဦးမှာပေါ့လေ . . .

www.foreverspace.com.mm

www.foreverspace.com.mm

## အခန်းစဉ် (၁၄)

တစ်ခါဘူးမှ မဝတ်ဖူးသော စတိုင်လ်ဘောင်းဘီအနက်၊ စပို့ရှပ်အဖြူစင်းကြားနဲ့ ရေမွှေးပုလင်းမှောက်ထားသလို ဘထွန်းဆီက အနံ့အသက်တွေ တော်တော်များများထွက်လို့နေသည်။ ဖိနပ်စီးရန်ပြင်နေသော ဘထွန်းကို မိခင်ဖြစ်သူက . . .

"ဟဲ့ . . ဒါက ဘယ်သွားဦးမှာလဲ . . တော်ကြာနေ . . ကောင်မလေးဘက်က . . . လာကြတော့မှာ . . ."

"ဖိတ်စာအတွက်လေ . . ဖိတ်စာအတွက် . . ."

အဖြစ်သည်းနေသော ဘထွန်းကို ဒေါ်ရီတို့မိသားစုက ကြည့်ပြီး မဲ့ကာရွဲ့ကာဖြင့် . . . .

"ဖိတ်စာရိုက်ချိန်မီပါသေးတယ် . . ခုဟာက စေ့စပ်မှာလေ . . လူကြီးချင်းတွေ့ပြီး ဘာတွေလုပ်ရမယ်၊ ဘယ်လိုပုံစံမျိုးနဲ့ မင်္ဂလာဆောင်ရမယ်ဆိုတာ ပြောရ၊ ဆိုရဦးမယ်လေ . . ."

ထုံးစံအတိုင်း ဘထွန်းတို့အိမ်မှာ လူတွေ တရုန်းရုန်းနဲ့ တက်လိုက်ဆင်းလိုက် . . ဦးစံမြင့်လက်ဖက်ရည်ဆိုင်က လက်ဖက်

www.foreverspace.com.mm

ရည်တွေမှာလိုက် . . မုန့်တွေမှာလိုက်နဲ့ ဘထွန်းကလည်း တစ်မျိုးပြီးတစ်မျိုး . . အဝတ်အစားတွေလဲလိုက် . . ဖိတ်စာတွေကြည့်လိုက်နဲ့ ဂဏ္ဍာမငြိမ်ဘူးဖြစ်နေတယ် . . သည်လိုနဲ့ နာရီလက်တံတွေက တဖြည်းဖြည်းနဲ့ အနောက်ဖက်ယွန်းယွန်း နေဝင်သည့်ဘက်ကို ညွှန်းပြလို့နေလေပြီ။

ဒေါ်ရီနဲ့တကွ . . မိသားစုအားလုံး မျက်နှာတွေမှာ အပူရောင်တွေ သမ်းနေပြီ။ ဘထွန်းကလည်း အခန်းထဲက မထွက်ရဲတော့ဘူး . . သေသေချာချာပြောပြီး ဆိုပြီးသားတွေပါ . . ဘာများ ဖြစ်လို့လဲ . . ကားများ အခက်အခဲဖြစ်လို့လား . . တည်းတဲ့အလုံနဲ့လှိုင်သာယာက တကယ်တမ်းကားမောင်းရင် နာရီဝက်၊ တစ် နာရီပေါ့ . . .

သုံးနာရီကျော်ကျော်လောက် Taxi တစ်စီးဝင်လာတယ် . . ကားပေါ်က ဆင်းလာတာတွေက အသက်ငါးဆယ်ကျော်တွေချည်းပဲ . . သတို့သမီးနဲ့တူတာဆိုလို့ တစ်ယောက်မှမတွေ့ဘူး . . နေထိုင်မကောင်းများဖြစ်လို့ . . ရက်ပဲရွှေ့မလားပေါ့။

"ဒေါ်ရီ ဆိုတာက . . ."

"ကျွန်မပါရှင် . . ကြွပါ . . ကြွပါ . . ဟဲ့ . . ရေနွေးဗန်းတွေချလေ . . ."

"ခလိုက်သစ်က ဦးလေးဦးနီရဲ့တူမတွေနော် . . "

"ဟုတ်ပါတယ်ရှင် . . . ပြောပါ . . . "

သူတို့ပုံစံတွေက အားတုံ့အားနာတွေနဲ့ ပြောသင့်မပြောသင့်ချိန်နေပုံရသည်။ ဘထွန်း တံခါးဘေးက ချောင်းကြည့်လိုက်သည်။ ရင်ထဲမှာတော့ တလှပ်လှပ်နဲ့ . . . .

"ဟို ဘယ်လိုပြောရမလဲ . . ."

www.foreverspace.com.mm

သူတို့တွေရဲ့အသံတွေက ဝဲတဲတဲနဲ့ တော်တော်နားထောင်ယူရတယ် . . ဘာပြောချင်မှန်း မသိဘူး . . အဲဒီ့အချိန်မှာပဲ ဗလခပ်တောင့်တောင့်လူကြီးက . . .

"တဝ မကောင်းဘူး . . ကျုပ်တို့တူမ တဝမကောင်းဘူး . . အနောင်(အစ်ကို) တို့ကို ခွင့်လွှတ်ပါ . . ဒီမှာ ကြီးပြားတွေကုန်နေပြီ . . မိဝေး (အမလေး) ကပွါးနဲ့ အိုက်ချင်တယ် . .

(ကပွါး=ပုဆိန်) (အိုက်=ထုချင်၊ ရိုက်ချင်တယ်) (မိဝေး=ဖင်မွေးတဝရှေးမား) အမြီးတော်တော်ရှည်သည်။ စကားရှည်သည်။

သူတို့ ဘာတွေပြောနေမှန်း မသိပေမယ့် မပြေလည်တာတစ်ခုခုတော့ သိနေပြီ . . နည်းနည်းမြန်မာလိုပီသတဲ့လူကြီးတစ်ယောက်က . . .

"ဒီလို ညီမရေ . . ကောင်မလေးက အိမ်ကထွက်ပြေးသွားလို့ . . အဲဒါကို သူတို့အမျိုးအကျိုးချင်းက ဒေါသဖြစ်နေတာ"

"ရှင် . . ကောင်မလေးက ထွက်ပြေးသွားပြီ . . ပြီးတော့အကျိုးချင်းဆိုတာက . . ."

"သြော် . . မယားညီအစ်ကိုကို ပြောတာပါ . . ကြေးပြားဆိုတာက ငွေလေ . . ဒီမှာ ငွေတွေ မလိုအပ်ပဲ ကုန်နေပြီတဲ့ ။ . . . အဲဒါ သူ့တူမကို ပုဆိန်နဲ့ ထုချင်တယ်လို့ပြောတာ . . . "

"ကောင်မလေးက ယောကျ်ားနောက်လိုက်သွားတာလားရှင် . . ."

"မဟုတ်ဘူး မိဝေး . . မဟုတ်ရ . . သူက ဘာသာရေးသမား . . သာသနာ့ဘောင်ဝင်ချင်နေတာ . . အိမ်ထောင်ပြုပေးမယ်ဆိုလို့ ထွက်ပြေးတာ . . "

www.foreverspace.com.mm

ဘထွန်းရယ် . . ကံဆိုးလိုက်တာ . . သတို့သမီးက အိမ်ကထွက်ပြေးသွားလို့တဲ့ . . ဘာဆက်လုပ်ကြမယ် . . ဘာလုပ်ရမယ်ဆိုတာ သူတို့ဘာသာ ဆက်ဆွေးနွေးကြပေတော့ . . ဘထွန်းကတော့ ဖိတ်စာလေးတွေထိုင်ကြည့်ပြီး မျက်ရည်တွေကျနေလောက်ပြီ . . မိန်းမနဲ့ပတ်သက်လာရင် နှလုံးသားမှာ ကျွန်းခံနေတယ်ဆိုတာ . . . ဘထွန်းများဖြစ်နေမလားပဲဆိုတာ . . ဘထွန်းနဲ့ သူ့ရဲ့ကိုယ်စောင့်နတ်တွေမှတစ်ပါး . . ဘယ်သူတွေများ သိနိုင်တော့မှာလဲ . . .

ရာဂတည်းဟူသော မီးက ဘထွန်းကို စတင်လို့လောင်မြိုက်လေပြီ။

www.foreverspace.com.mm

## အခန်းစဉ် (၁၅)

သို့သော် ကံကြမ္မာက ဘထွန်းဘက်သာသွားပြန်ပြီ။ မူလပထမ စီစဉ်ထားသော စေ့စပ်ပွဲပျက်သွားသဖြင့် သတို့သမီးဘက်က လူကြီးချင်းပေးထားသော ကတိမပျက်စေခြင်းငှာ ကျန်နေသော သမီးအငယ်မနဲ့ မင်္ဂလာပွဲအတွက် ထပ်မံစီစဉ်လိုက်သည်။

ဒုတိယနေ့ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ဧည့်ပရိသတ်တွေက ဘထွန်းပဲ ကံဆက်ကောင်းမလား၊ ကံဆက်ဆိုးမလားဆိုတာ စိတ်ဝင်စားနေကြပြီ . . လက်ဖက်ရည်၊ မုန့်တွေ ဘာမှမမှာရဲသေး . . တစ်နာရီဆိုသော အချိန်ကို မျှော်တလင့်လင့်နဲ့ စောင့်မျှော်နေကြပြီ . . ကျွန်တော်တို့ သတို့သားလောင်းကြီးခမျာမှာတော့ ဘာမှဝတ်စားထားခြင်းမရှိ။ စွပ်ကျယ်ချိုင်းပြတ်နဲ့ အခန်းထဲက မထွက် . . . .

"ဟော . . ဧည့်သည်တွေလာပြီ . . . "

"ဟယ် . . ကောင်မလေးက ချစ်စရာလေး . . ညိုချောလေးတော့ . . တို့ဘထွန်းကြီး . . ဒီတစ်ခါတော့ စွံပြီဟေ့ . .

www.foreverspace.com.mm

ကျိန်းသေသွားပြီ . . . ”

“ဟဲ့ . . ဟဲ့ . . လက်ဖက်ရည်မှာ . . ကြာလေ . . ရေနွေး ဇန်းတွေချ . . . ”

“လာကြပါရှင် . . သမီး . . တက်လေ . . . ဖျာခင်း . . ဖျာခင်း . . . ”

တိတ်ဆိတ်နေတဲ့ အိမ်လေးချက်ချင်းဆိုသလိုပဲ ဆူဆူညံညံနဲ့ စည်စည်ကားကားဖြစ်သွားတယ် . . သည်တော့မှ သတို့သားလောင်းကြီး ဘထွန်း ကပျာကယာ အင်္ကျီတွေထဝတ် ပုဆိုးတွေထလဲနဲ့ အလုပ်တွေ ရှုပ်ကုန်တော့သည်။

“မောင်ဘထွန်းရေ . . ဧည့်သည်တွေ ရောက်နေပြီဟေ့”

“ဟုတ်ကဲ့ပါ . . ဟုတ်ကဲ့ပါ . . . ”

သတို့သမီးဘက်က လူတွေကလည်း ဘာတွေပြောနေမှန်းမသိ။ ဟုတ်ကဲ့ . . ဟုတ်ကဲ့နဲ့သာ လိုက်ပြောနေရသည်။ သိပ်တော့ နားမလည်။

“ဝမ်းသာဆိုး . . ဝမ်းသာဆိုး . . . ”

“သူက ဘာပြောတာလဲ . . ဟင်း . . . ”

“သြော် . . အရမ်းဝမ်းသာတယ်လို့ ပြောနေတာလေ. . ”

“သြော် . . အရမ်းဝမ်းသာတယ်လို့ ပြောနေတာလေ”

ဘထွန်း ထွက်လာတော့ မိတ်ဆက်ပေးလိုက်တယ်။ ဘယ်အချိန်က ဘာတွေလိမ်းလာတယ်မသိ။ မျက်နှာကြီးတစ်ခုလုံး ဖွေးဆွတ်လို့ . . ရေမွှေးနံ့တွေက တထောင်းထောင်း . . . သတို့သမီးက ဘာပြောတယ်မှတ်လဲ . . . .

“နောင်နီကြောင်ချေး . . ”

တဲ့။ ဘာအဓိပ္ပါယ်လဲလို့ မေးလိုက်တော့ . . . အနံ့အ

www.foreverspace.com.mm

သက်တွေ မကောင်းဘူးတဲ့ . . ဝိုင်းရယ်လိုက်ကြတာ မပြောပါနဲ့တော့ . . ဘာပဲဖြစ်ဖြစ် . . ဘထွန်းအတွက်ကတော့ လောလောဆယ် ဖိတ်စာတစ်ခြမ်း ကျိန်းသေသွားပြီ . . . .

"ကဲ . . ထိုင်ကြပါ ခင်ဗျာ . . ကျွန်တော်ကတော့ ရပ်ဆွေရပ်မျိုးလည်း ဟုတ် . . အိမ်နီးနားချင်းလည်း ဟုတ်လို့ပြောရမလို . . သူ့ဖခင်မရှိတော့ . . ကိုယ်စားပေါ့ဗျာ . . သူ့ရဲ့ဘကြီးဦးနီရဲ့ ကူညီစောင်မမှုကြောင့် မကြာခင်သော ကာလမှာ အင်မတန်မှ စည်ကားလှပသော မင်္ဂလာပွဲကြီးဖြစ်လာတော့မှာပါ . . မူလ ပထမ အစီအစဉ်ပျက်ပြားသွားပေမယ့် . . . ."

ဦးစံမြင့်ကို ဒေါ်ရီက တံတောင်နဲ့တွက်လိုက်မိပြီး မပြောပါနဲ့တော့ ဆိုတဲ့သဘောမျိုးနဲ့ မျက်နှာရိပ်မျက်နှာကဲ ပြလိုက်တယ်။ ဘထွန်းကတော့ ဘယ်သူတွေ ဘာတွေပြောနေမှန်းတောင် မသိတော့ဘူး . . သူ့ရှေ့တည့်တည့်က သတို့သမီးလေးကိုပဲ မကြာခဏ ခိုး,ခိုးကြည့်နေလေရဲ့ . . ။

နေက ပူလာလို့ပဲလား မသိ . . ဘထွန်းလိမ်းထားတဲ့ အုန်းဆီတွေက ခေါင်းပေါ်ကစီးကျလာပြီး နဖူးပေါ်ကတစ်ဆင့်။ နှာခေါင်းပေါ်သို့ ကျော့်ဖြတ်ကာပါးစပ်နားပေါ်သို့ . . . . .

သတို့သမီးကတော့ ဒီလူကြီးမျက်နှာပေါ် ဘာတွေစီးကျနေပါလိမ့်ဆိုတဲ့ သဘောနဲ့ပြူးတူးပြဲတဲနဲ့ ဖျတ်ခနဲ ဖျတ်ခနဲကြည့်လို့နေသည်။ ကံကြမ္မာဟာ ဒေါ်ရီငါးရောင်းတဲ့ချိန်ခွင်လိုပါပဲ . . ငါးဆယ်သားအလေးထည့်ရင် ထည့်သလို တစ်ပိဿာအလေးထည့်ချိန်ရင် ထည့်သလိုပဲ . . ဖူးစာကံကြမ္မာချိန်ခွင်ထဲမှာ သူ့ဘက်က ငါးဆယ်သား . . မိန်းကလေးဘက်က တစ်ပိဿာဖြစ်သွားပါပြီ . . . .

# ပိတ်စာ



ဘာဖြစ်လို့လဲဆိုတော့ ပထမစီစဉ်ထားသော ထွက်ပြေးသွားတဲ့ သတို့သမီးလေးက သူ့ကြောင့် မိဘဆွေမျိုးအသိုင်း အဝိုင်းတွေ မျက်နှာငယ်ရမယ် . . မြန်မာအမျိုးသမီးတွေ စောင့်ထိန်းရမယ့်ဂုဏ်တွေ ထိခိုက်သွားနိုင်တယ်လို့တွေးမိပြီး မိဘတွေ သဘောကျ စီစဉ်ပေးပါရန် ပြောဆိုပြီး ပြန်ရောက်လာသောကြောင့် ဖြစ်ပါသည်။

အဲဒီ့မှာတင် ပြဿနာဖြစ်တာက မမကို အကြီးမို့ ဦးစားပေးပါတယ် . . ညီမလေးအတွက် မမပဲအနစ်နာခံပါ့မယ်ဆိုပြီး ညီအစ်မနှစ်ယောက်အငြင်းအခုန်တွေဖြစ်ပြီး ညီအစ်မနှစ်ယောက် သဘောတူညီချက် ရယူလိုက်တာကတော့ နှစ်ဖက်မိဘတွေ ထိုင်ကန်တော့ပြီး ကိုလေသာဝဋ်ကြွေးက လွတ်မြောက်အောင် လင်ယူသားမွေးကိစ္စကို အင်မတန်မှ တုန်လှုပ်သဖြင့် သာသနာ့ဘောင် ဝင်ခွင့်ပြုပါဆိုပြီး ညီအစ်မနှစ်ယောက်စလုံး ရိပ်သာစခန်းသို့ ဝင်သွားပါတော့သည်။

ကျွန်တော်တို့ရဲ့ နှလုံးသားကျွန်းခံနေတဲ့ မင်းသားကြီးကတော့ ရေနွေးကြမ်းအိုးကြီးကိုင်ကာ ကြောင်တောင်တောင် ကျန်ခဲ့ပါတော့သည်။

www.foreverspace.com.mm

# အခန်းစဉ် (၁၆)

သမုဒယအခြေမဲ့ လမ်းကလေးမှာ

လူ့ဘဝဝေဒနာဖွဲ့ အလွမ်းအဆွေးတွေနဲ့

ပြုသမျှကြေညာစာတမ်းလေးပါမေ...

အကြင်နာသည်း အသက်ပေမို့

တမင်ညာခဲ့ မထွက်ချင်လည်း

တွဲလက်ကို အသာဖြေလို့

ကိုယ့်ရွာမြေ အပြန်လမ်းမှာ

လွမ်းငွေ့ဝေဝေ...

ကျွမ်းမြေ့ကြေ၊ ရင်အနွမ်းရယ်နဲ့

တမ်း၍ဖွေ ရှင်မလန်းနိုင်ဘူး..

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm

**အမျှင်တန်းနွယ်တစ်ပင်မို့**

**တကယ်ပင် ဖြေမချိပါခင်ရဲ့....**

**သင္ဘေဟိအပူဝေ**

**အတူနေမှာတမ်း**

**ခွင့်လွှတ်ခြင်း အလင်္ကာ**

**အကြင်နာပန်းတစ်ပွင့်**

**အလွမ်းသင့်အဝေ**

**ဘဝစေလေပွေမွေ့ရာက**

**ခဏနေ တစ်မြေရွှေ့ခဲ့ရ**

**အကွေ့အကွေ့ သံသရာမှာခင်ရယ်**

**ပြန်တစ်ခါ တွေ့တန်ကောင်းပါရဲ့**

**အကြောင်းဖွဲ့လျှင် မဆန်းပါဘူး**

**အချစ်ရယ်..တို့ရဲ့**

**နှောင်းခဲ့တဲ့ပန်း....**

တဲ့ . . . ။

မောင်ထွန်းမြိုင်(ပင်လယ်ဘူး) ပွင့်သစ်စမြေ အလှဥယျာဉ် ကဗျာများထဲကလို ဘထွန်းဘဝအရာရာဟာ နှောင်းခဲ့တဲ့ပန်းများ လား . . ဘာဆိုဘာမှမသိတဲ့ . . ဘဝမှာ သိတာတစ်ခုကိုတော့ ဖြင့် ဘထွန်းအား ကူညီလို့ပေးနေပါပြီ . . ကြည့်မြင်တိုင်ညဈေး

www.foreverspace.com.mm

နားက မြင့်မြင့်သန်း(အဘွားကြီး) ဆိုင်က စိတ်တိုင်းကျသောက်ပြီး တဲ့အပြင် ပါဆယ်ပုလင်းအပြားလေးက ပါလိုက်သေးတယ်။ ခါး ကြားထဲထိုးထည့်လိုက်ပြီး ဆိုင်ကလည်းထွက်ရော . . ရွာချလိုက် တဲ့မိုး . . မုဆိုးမသား မိုးလိုက်လို့ရွာဆိုတာ ဒါမျိုးများလား မသိ။

မိုးရေထဲလျှောက်လိုက်၊ ပုလင်းပြားလေးဖွင့်မော့လိုက်နဲ့ ရုပ်ရှင်တွေ၊ဗီဒီယိုတွေထဲကမင်းသားတွေ အသည်းကွဲရင် လျှောက် နေတဲ့ ပုံစံမျိုး။ ခုဟာက အသည်းကွဲတာမှတ်ဘူး . . လက်ထဲ ရောက်တော့မယ့် အသည်းနှစ်ခု။ သူ့ဟာသူ ခုန်ချလို့သွားလေရဲ့။

ကမ်းနားကလေလေးက တဖြူးဖြူး၊ မိုးလေးက တဖွဲဖွဲ . . အဲ . . လျှောက်ရင်း လျှောက်ရင်းနဲ့ ဆင်မလိုက်ဈေးထဲ ဘယ် လိုကနေဘယ်လို ရောက်သွားတယ် မသိပါဘူး . . ဘထွန်း ခြေ ဖဝါးပေါ် ဝက်သားကြိုးချည်ပြီးသားအတွဲတွေ ပြုတ်ကျလာတော့ တော်တော်လေး အံ့သြသွားတယ် . .

လိုချင်တာက အသည်းနှလုံး . . ပြုတ်ကျလာတာက ဝက်သားအတွဲ . . ဘယ်ကဘယ်လို ပြုတ်ကျလာတာလဲပေါ့ . . စဉ်းစားနေတုန်း ဘေးကပြန့်စားကြီး အသံတစ်သံကြားလိုက် ရတယ်။

"ဟဲ့ . . အကောင် . . နင့်မျက်စိက ဘာကြည့်လျှောက် လာတာလဲ . . ဈေးဗန်းကြီးတစ်ခုလုံးတောင် မမြင်ရလောက် အောင် ဘယ်လောက်မှန်လာတာလဲ . . . "

"ဟာ . . ဒီ မိန်းမကြီး ဘာတွေ လာပြောနေတာလဲ"

ဘေးကလူတွေကလည်း ဝိုင်းကြည့်လို့ . . ဟန်ကိုယ့်ဖို့ လုပ်ပြီး . . . .

"ဒီမယ် ခင်ဗျား . . ဘာတွေလာပြောနေတာလဲ . .

www.foreverspace.com.mm

ခင်ဗျား ဝက်သားတွေက သူ့ဟာသူ ခြေထောက်ပေါ် ကျလာတာဗျ . . . ”

အဲဒီလိုလည်း ပြောလိုက်ရော ဝက်သားသည်အဒေါ်ကြီးက ထဘီပြင်ဝတ်ပြီး ဘထွန်းရဲ့မဟာနှာခေါင်းနား မရောက်တစ်ရောက် ခါးမကြီးထောက်ပြီး . . . .

“ဟောဒီမှာ ဓား၊ လူကိုခုတ်လို့ရတယ် . . သတ်လို့ရတယ် . . နှာခေါင်းကို ဖြတ်ခုတ်လိုက်ရ . . ငါ ဈေးဗန်းကို နင်တက်နင်းလိုက်လို့ . . ဝက်သားတွေ နင့်ခြေထောက်ပေါ် ပြုတ်ကျကုန်တာပေါ့ . . မဟာနှာခေါင်းရဲ့ . . . ဟင်း . . . ဟင်း . . . ”

အံမယ် ဘထွန်းက မူးတာက မူးတာပဲ . . ရှက်တော့ ရှက်တတ်သား . . ဘေးက ဈေးသည်မတစ်ယောက်က ဝင်မြှောက်ပေးလိုက်သေးတယ်။

“ဒေါ်ခွေးမ . . လုပ်လိုက်စမ်းပါတော် . . ဝက်နှာခေါင်း မစားရတော့လည်း လူနှာခေါင်းတုတ်ထိုး စားရတာပေါ့ . . . ”

တဲ့ . . ။ ဘာလုပ်လို့ ဘာပြန်ပြောရမှန်းမသိတော့ ဆက်ပြီးသွားမယ်အလုပ် . . အကျီကုပ်ကို လှမ်းဆွဲလိုက်ပြီး . . . .

“အံမယ် . . အံမယ် . . ဒါက ဘယ်ကိုပြေးမှာလဲ . . ဒီမှာ မိုးထဲရေထဲ ဈေးရောင်းမကောင်းလို့ . . ဈေးဦးတောင် မပေါက်ရသေးတဲ့ကြားထဲ . . .

“ရော့ . . . ဝက်သားတွေ သွားဆေးပေး . . . ”

ဆိုပြီး ဝက်သားဗန်းကြီး လှမ်းထိုးပေးတယ် . . ဝက်သားဗန်းကြီးကိုကိုင်ပြီး . . .

“ဟို . . ဟို . . ရေက . . . ဘယ်မှာလဲ ဟင် . . . ”

“ဟဲ့ . . အကောင် . . နင့်မျက်စိက မူးနေတုန်းပဲလား

www.foreverspace.com.mm



. . ဟိုမှာလေ . . ရေဘုံဘိုင် . . သွား . . သဲတွေ၊ ရွှံ့တွေ စင်အောင် ဆေးခဲ့ . . မပြောင်လို့ကတော့ . . . နင့်နှာခေါင်းပြတ်ပြီသာမှတ် . . . ”

သောက်ထားတဲ့အရက်တွေတောင် ဘယ်ရောက်ကုန်မှန်း မသိဘူး . . တော်တော်ကြမ်းတဲ့ဟာမကြီး . . ဘုံဘိုင်က ရေနဲ့ ငုတ်တုတ်ထိုင်ပြီး ဝက်သားတွေကို ဆေးပေးဖို့အတွက် မလွတ်မလပ်ဖြစ်နေတဲ့ ပုလင်းပြားလေးကို . . . .

“ရော့ . . အဒေါ်ကြီး . . ဒါလေး ခဏထိန်းသိမ်းပေးထား . . . ”

ဆိုပြီး သွားဆေးပေးလိုက်တယ်။ ပြီးလည်းပြီးရော . . သူဝက်သားဗန်း ပြန်အပ်ကာ . . . .

“ကဲ . . ပေး . . ကျွန်တော့်ပုလင်း . . . ”

“မရှိတော့ဘူး . . ငါလည်း ချမ်းလို့အချမ်းပြေအောင် ဆော်ထည့်လိုက်ပြီ . . ဘာလဲ မကျေနပ်ဘူးပေါ့ . . ဝက်သားဗန်းတက်နင်းတဲ့အတွက် . . . လျော်ကြေးလေ . . လျော်ကြေး . . ကျေနပ်လား . . မကျေနပ်လည်း ပြောလို့ရတယ်နော် . . ”

ဆိုပြီး သူ့ရှေ့မှာချထားတဲ့ ဓားမကြီးကို တဆဆနဲ့လုပ်ပြီး ကိုင်လိုက်တယ်။ အရပ်အမောင်းက ရုပ်ရှင်ဗီဒီယိုတွေထဲက ကြူကြူသင်းကြီးအတိုင်းပဲ . . သူ့တင်ပါးဆုံကြီးနဲ့ပဲ ဖြစ်ဖြစ် . . သူ့ခြေဖဝါးကြီးနဲ့ပဲ ဖြစ်ဖြစ် . . ဖိသတ်နင်းသတ်တာနဲ့တင် သေသွားနိုင်တယ် . . အရက်တစ်ပြားအတွက်နဲ့တော့ အသတ်မခံနိုင်ပါဘူး . . ဒီတော့ . . . .


“ဟဲ ဟဲ . . ရ . . ရပါတယ် . . သွားဦးမယ်နော် . . ”

အမှန်က ဘထွန်းရဲ့ပုလင်းပြားကို လှွင့်ပစ်လိုက်တာ။

www.foreverspace.com.mm



မိန်းမနဲ့ပတ်သက်လာရင် ပိန်ပိန် ဝဝ ငယ်ငယ် ကြီးကြီး ဘထွန်းအတွက်ကတော့ ကျွန်းခံနေကျပဲ . . အိတ်ထဲက ရေစိုနေတဲ့ ကွန်ပျူတာစီထားတဲ့ သူ့ရဲ့မင်္ဂလာဖိတ်စာအကြမ်းလေးကို ထုတ်ကြည့်လိုက်တော့ စုတ်ပြတ်သတ်နေပါပြီ . . ရပ်ကွက်ထဲမှာတော့ ပြိတ္တာတစ်မူးတဲ့ . . အမိပွါယ်ကတော့ ဖိတ်စာအရူးတဲ့ . . လားဗျာ . . . . ။



## အခန်းစဉ် (၁၇)

သည်နွေ၊ သည်မိုး၊ သည်ဆောင်းရာသီတွေ အလီလီ ပြောင်းကုန်ပေမယ့် ဘထွန်းကတော့ မပြောင်းလဲသေး။ ဘကြီး ဖြစ်သူ၊ မိခင်ဖြစ်သူတွေရဲ့ ဝိုင်းဝန်းကူညီသော်လည်း ဖူးစာရေး နတ်က မြားချော်ချော်ပစ်နေသဖြင့် ဘထွန်း၏အစ်မ ဘထွန်း၏ ညီမတွေသာ မြားမှန်ကုန်ပြီး မြားလက်တက်ကလေးတွေတောင် ထွက်ကုန်ပြီ . . . .

သေသေချာချာ မှန်တော့လည်း ဘထွန်းကိုယ်၌က သံချပ်ကာဝတ်စုံများ ဝတ်ဆင်ထား၍ မြားတွေ ကျိုးပဲ့ကုန်ပြီ ထင်ပ . . မထိရောက် . . လူများပြောပါတယ် . . အထင်သေးပြီဆိုရင် ဘာလုပ်လုပ် ဘာတစ်ခုမှ အဆင်မပြေဘူး . .

တစ်ရက်ပေါ့ . . ဦးစံမြင့်ဆိုင် . . လူကျနေသဖြင့် ထိုင် စရာခုံလွတ်မရှိ . . တောင်ကြည့်မြောက်ကြည့်နဲ့ နေရာအလွတ် ကြည့်လိုက်တော့ မကြာသေးသောကာလအပိုင်းအခြားတစ်ခုက ရပ်ကွက်ထဲပြောင်းလာသော အိမ်တစ်အိမ်မှ ဘထွန်း၏ဘကြီး

www.foreverspace.com.mm

အရွယ်လူကြီးတစ်ဦးတည်းထိုင်နေသော စားပွဲဝိုင်းသို့ ခွင့်တောင်းပြီး ထိုင်လိုက်သည်။

အတန်ကြာသည်အထိ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြ။ တော်တော်လေးကြာမှ ဘထွန်းက စတင်ပြီး. . . . .

"ဦးလေး . . ဘယ်က ပြောင်းလာတာလဲ . . ."

"ပွင့်ဖြူက . . ."

"ဪ . . ပွင့်ဖြူကကိုး . . ငှားလိုက်တာလား . . ဝယ်လိုက်တာလား . . ."

"အိမ်ငှားဘဝနဲ့ တစ်သက်လုံး မနေဖူးသေးဘူး မောင်ရင်"

ပြတ်လှချည်လား . . မေးတစ်လုံး ဖြေတစ်လုံးပဲ . . လူက ဆိုင်ထဲမှာ၊ မျက်နှာက လမ်းမပေါ်မှာ အတန်ကြာတော့ သူ့ ခါးကြားထဲမှာ ထိုးလာတဲ့ ဘောလုံးဂျာနယ်တစ်စောင်ကို ဟန်ပါပါ ထုတ်လိုက်ပြီး သူ့ပါဝါမျက်မှန်ထူထူကြီးနဲ့ဖတ်လို့ နေလေရဲ့ . . ဘထွန်းကိုတော့ အဖက်မလုပ် . .

တကယ်ဆို သူကလူကြီး . . ရပ်ကွက်က လူငယ်တွေနဲ့ ပေါင်းရမှာ . . နာမည် ဘယ်သူလဲ . . ဘယ်မှာနေလဲ . . ငါတို့ မိသားစုက နယ်ကပြောင်းလာတာ . . အကူအညီလိုရင် ပေးပါဦးပေါ့ . . မိသားစုကို စောင့်ရှောက်ပါ . . ဒီလို ဖြစ်ရမယ် . . ခုတော့ဗျာ . . သူ့ကိုယ်သူ ဆားပုလင်းနှင်းမောင်လိုလို . . အင်စပက်တော်မင်းလိုလို . . စက်ရှင်တရားသူကြီးလိုလိုနဲ့ ပဲကများနေသေးတယ် . . .

"အဟမ်း . . ."

"ဘာလဲ . . မောင်ရင် . . ."

www.foreverspace.com.mm



"ခင်ဗျာ . . ချောင်းဆိုးမလို့ . . အရှိန်ယူတာပါ . . "

မျက်မှောင်ကြီးကြုတ်ပြီး မော့ကြည့်တော့ ချောင်းတောင် ရဲရဲ မဆိုးရဲတော့ဘူး . . ကြိတ်ပြီး ဆိုးလိုက်တော့ . . .

"အဟွတ် . . ခွီး . . ဘူး . . ပူ ပူ . . တီ . . . "

ချောင်းသံနဲ့ရောပြီး ဖင်ကလေပါထွက်သွားရော . . . ပုဂ္ဂိုလ်ကြီးက မျက်လုံးကြီးပြူးပြီး ဆန္ဒွင်းမကင်းကို ကိုင်ဖို့ပြင်ထား တဲ့သူ့လက် တွန့်ခနဲဖြစ်သွားတယ်။

"ဘာသာရေး မကိုင်းရှိုင်းဘူးနဲ့ တူတယ် . . မောင်ရင် ဗုဒ္ဓဘာသာတော့ ဟုတ်မယ်မထင်ဘူး . . "

"ဗျာ . . ဟုတ် . . ဟုတ်ပါတယ် . . ကျွန်တော် ဗုဒ္ဓဘာ သာစစ်စစ်ပါ . . ကန်တော့နော် . . ဦးလေး . . ထိန်းချုပ်ထားတဲ့ ကြားထဲက ဖြစ်သွားတာပါ . . . "

ဘာမှဆက်မပြောတော့ဘူး . . လက်ဖက်ရည်သောက် လိုက်၊ ဆန္ဒွင်းမကင်းစားလိုက်နဲ့ . . ကျန်းမာရေးတော့ လိုက်စား ပုံရသည်။ လူက လူပြတ်ကြီးနဲ့တူပါရဲ့ . . မုန့်ဟင်းခါးပဲကြော်နဲ့ တစ်ပွဲ . . လို့ ထပ်အမှာ . . . .

"ပီ . . ပွတ် . . ပွတ် . . . "

အတင်းရုန်းကန်ပြီး ထွက်သွားပြန်ရော . . ဒုက္ခပါပဲ . . ဟိုတစ်ခါလို ဆေးရုံတက်ရတော့မယ် ထင်တယ် . . ဆေးရုံက နောက်၊ လောလောဆယ် မျက်နှာချင်းဆိုင်ထိုင်နေတဲ့ ပုဂ္ဂိုလ်ကြီး က ဝုန်းဆို မတ်တတ်ထရပ်ပြီး . . . .

"ကြောင်အိုတော့ ကြွက်မလေး မလုပ်နဲ့နော် . . မျိုးနဲ့ရိုး နဲ့ လက်ဝှေ့ထိုးလာတာ . . မင်းအကြောင်းမသိဘူး မှတ်နေလား . . ပဲပြုတ်သည်မိလုံးကပြောပြီးသား . . ငါ့အိမ်မှာ သမီးသုံး

www.foreverspace.com.mm

ယောက်ရှိတယ်လို့ မင်းကို ဘယ်သူပြောလဲ . . ဘာလဲ . . ငါ့ကို ဟိုဟာမေး . . ဒီဟာမေး . . ဘောလုံးပွဲကိစ္စ . . ဘာဖြစ်တယ် . . ညာဖြစ်တယ် . . ဘာအသင်းကတော့ဖြင့် ဘယ်လိုဆိုပြီး စကားရောဖောရောနဲ့ လာလုပ် . . ပြီးရင် အိမ်လာလည်မယ်နော် တွေ ဘာတွေလုပ် . . ဟင်း . . မရဘူးနော် . . ဒါမျိုးတော့ မရ ဘူး . . ပြတ်လွန်းလို့ . . ပြတ်ပြတ်နဲ့တောင် မြည်နေသေးတယ် . . ဟောဒီမှာ ကြည့် . . မြန်မာပြည်လွတ်လပ်ရေးရပြီးကတည်း ကကိုက . . မထိုးတော့ပါဆိုပြီး ကျပ်ခိုးစင်ပေါ်မှာ သိမ်းထားတဲ့ လက်သီး . . တစ်ချက်မြည်းကြည့် မျက်ချေးပါ ထွက်ရုံမကဘူး . . မင်းဖင်က အီး . . အတောင့်လိုက်ထွက်သွားမယ် . . ဘာမှတ်လဲ . . ဟေ့ . . ပိုက်ဆံရှင်းမယ် . . . ”

စားပွဲထိုးချာတိတ်က ပြေးလာပြီး . . ဒီမှာဘာတွေဖြစ်နေတယ် သူမသိဘူး . . ပြောချလိုက်တာက . . .

“ဒီက အစ်ကိုကြီးအတွက်ပါ ရှင်းမှာလား အဘ . . . ”

“ဘာကွ . . သူ့အတွက်ပါရှင်းရအောင် သူက ငါ့သမက်မို့လို့လား . . မင်္ဂလာဆောင် နှစ်ခါပျက် လူအိုဘဝပျက်နဲ့ ငါနဲ့ လာမရောနဲ့ . . . ”

“မုန့်ဟင်းခါးရော စားမှာလား . . မှာပြီးနေပြီလေ . . ”

“မစားဘူး . . အဲဒီ့ကောင် . . ဖင်လေဒလဟောကိုကျွေး လိုက် . . သူ့ဘာသာသူ ရှင်းလိမ့်မယ် . . ရော့ . . လက်ဖက်ရည် တစ်ခွက် . . ဆန္ဒွင်းမကင်းတစ်ပွဲ . . . ”

တောက်တခေါက်ခေါက်နဲ့ ထွက်သွားလေရဲ့ . . သြော် . . ဒုက္ခ . . ဒုက္ခ . . ကိုယ့်ဖင်နဲ့ကိုယ် လေလည်တာတောင် အပြစ်ဖြစ်နေရတဲ့ ဘထွန်းဘဝပါလား . . ဘထွန်းဇီဇာကြောင်

www.foreverspace.com.mm



တယ် . . ပြတ်တယ်ဆိုတာ သူ့ကို မမီပါလား . . .

ဒါတောင် လမ်းမပေါ်မှာ ထပ်ပြောသွားသေးတယ်။ ဆိုင်ထဲကချာတိတ်တွေက တဟီးဟီး တဟားဟားနဲ့ . . ဘာတဲ့ . .

“လူကြည့်တော့ ရှမ်းဘောင်းဘီနဲ့ ယောလိုလို . . စောလိုလိုနဲ့ ငပေါ . . .”

အချိန်ကိုက်ဗျာ . . . လက်ဖက်ရည်ဆိုင်က ဦးစံမြင့်ရဲ့ သမက်ပေါက်စလက်သစ်လေးက စီဒီဖွင့်ချလိုက်တာက . . . .

“ရပ်ကွက်ထဲမှာ ဒီလိုပဲရှိတယ် ×××ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဒီလိုပဲ ××××”

ဘထွန်း တိုက်ကြက်ဖကြီး ခွပ်လက်ချသလို ဇက်ကြီး ကျိုးလို့ . . ဝဋ်ရှိရင်တော့ လည်စင်းခံပေါ့လေ . . ဘာတတ်နိုင်မှာလဲ . . ဒီလောက် အထင်သေးတဲ့ လူတွေ . . မကြာခင် ဘထွန်း ဘာလုပ်ပြမလဲ စောင့်ကြည့် . . စောင့်ကြည့်လိုက်စမ်းပါ . . . ။

www.foreverspace.com.mm

## အခန်းစဉ် (၁၈)

"အမျိုးသမီးလူနာဆောင်က ဒါလား ခင်ဗျာ . . "

"ဟိတ်ကောင် . . ဘထွန်း . . ငါဒီမှာ . . လာ လာ . . အားနာလိုက်တာကွာ . . "

"ရပါတယ် အောင်ငွေရာ . . ငယ်သူငယ်ချင်းတွေပဲ ဥစ္စာ . . ဘယ့်နှယ် . . မင်းအမျိုးသမီး သက်သာလား . . . "

"မနေ့ကမှ စတက်တာဆိုတော့ အခြေအနေ မသိရသေးဘူး . . ဆရာဝန်တွေ ရောင်းလှည့်မှ မေးကြည့်ရမှာ . . . . "

လူနာခုတင်နားရောက်တော့ ဝယ်လာတဲ့ပစ္စည်းတွေ ဘေးကခုံပေါ် တင်မယ်အလုပ် . . .

"ကျွန်မကို ပေးပါ . . ကျွန်မ တင်လိုက်ပါ့မယ် . . "

လူနာခုတင်အောက်မှာ ဘာလုပ်နေတယ် မသိပါဘူး . . မတ်တတ်ထရပ်တော့မှ တွေ့လိုက်ရတဲ့ ကောင်မလေးတစ်ယောက် . . .

အားပါး . . ရုပ်ကလေးက ရုပ်ရှင်သရုပ်ဆောင် မင်းသမီး

www.foreverspace.com.mm

မေကဗျာပုံစံလေး . . အသားညိုညို . . သေးသေးသွယ်သွယ် . . မျက်လုံးလေးတွေက ဝိုင်းစက်လို့ . .

ခေတ္တခဏ . . မှင်သက်သွားတယ် . . ဒါမျိုးက ဘထွန်း ဖြစ်လေ့ဖြစ်ထရှိတဲ့ လူတစ်ရာမှာ တစ်ယောက်မရှိတဲ့ရောဂါ . . .

"အစ်ကို . . ကျွန်မ အဝတ်တွေ သွားလှန်းလိုက်ဦးမယ်"

"ဩော် . . အေး အေး . . ဘထွန်းထိုင်လေ သူငယ်ချင်း"

တော်တော်လေး သရုပ်ပျက်ပါတယ် . . ခုတင်အောက်က ထွေးခံ မမြင်လိုက်ဘူး . .

"ဂလောင် . . ဂလောင် . . ကျစ် . . ကျစ် . . . "

အောင်ငွေရဲ့ဇနီး မှိန်းနေရာက လန့်နိုးသွားတယ် . .

ကမန်းကတန်း တောင်းပန်ဖို့ ရှေ့တိုးလိုက်တော့ လူနာစောင့်ထိုင်ဖို့ ခုတင်ဘေးမှာချထားတဲ့ တန်းလျားထိုင်ခုံနဲ့ ဝင်တိုက်ပြီး ခုတင်စောင်းနဲ့ မေးစေ့ . . ခွပ်ခနဲပဲ . . .

"အမရေး . . တေပါပြီဗျာ . . . "

သွေးတွေ ဖြာကျလာရော . . မေးစေ့ လက်နဲ့အုပ်ပြီး ဆေးထည့်ခန်းမှာ ကပျာကယာဆေးထည့် ပလာစတာကပ်ပေါ့ . . တော်ပါသေးရဲ့ မချုပ်ရလို့ . . အဝတ်လှန်းပြီး ပြန်လာတဲ့ ကောင်မလေးက တအံ့တဩမျက်နှာကြီးနဲ့ . . ခုနက အကောင်း ပါပေါ့နော် . . ဘယ့်နှယ် . . ဘယ့်နှယ် ချက်ချင်းလက်ငင်း အောင်ငွေက ရှင်းပြ . . ရယ်လည်းရယ်ပေါ့ . . ဒီတော့မှ လူမမာလည်း ရယ်နိုင်တော့တယ် . . . .

"မင်း နေ့တိုင်းလာ . . ကျော်ထူးတို့ထက် ရယ်ရတယ်"

တဲ့။

သွားပြီပေါ့ . . ဘထွန်းတို့ နေ့စဉ် ညစဉ် ဧည့်သည်တွေ

www.foreverspace.com.mm



မနှင်မချင်း တစ်နေ့တစ်မျိုး မရိုးရအောင် ဝတ်ကောင်းစားလှတွေ ဝတ်၊ လူမမာဓာတ်စာတွေက တစ်မျိုးပြီးတစ်မျိုး။ ဆုမတောင်း ကောင်းလို့သာ တော်တော်နဲ့ဆေးရုံကမဆင်းလေ . . ဘထွန်း ကြိုက်လေပဲ . .

ကိုရီးယားကားထဲကလို ပန်းစည်းလေးက ပါလိုက်သေး တယ်။ တာဝန်ကျ . . နာ့စ်တွေအတွက်က တစ်မျိုး။ အောင်ငွေ့ မိန်းမကို ညစောင့်ပေးတဲ့ . . ကောင်မလေးအတွက် တစ်ဖုံ။ ကောင်မလေးက မှော်ဘီဘက်က တော်တော်လေး ဆင်းရဲရှာပါ တယ် . . ရိုးရိုးအေးအေးလေး အလုပ်မရှိလို့ . . ညစောင့်လာ လုပ်ပေးတာတဲ့ . .

ဘယ်ရမလဲ . . ဘထွန်းက သူ့အိတ်ထဲကစိုက်ပြီး နေ့ပါ စောင့်ခိုင်းလိုက်တယ် . . သူငယ်ချင်းဖြစ်တဲ့ အောင်ငွေက သူ့အ ကြောင်း ခရေစေ့တွင်းကျ သိနေတော့ . . ဘာမှမပြောဘူး . . သူတောင် သက်သာသေး . . ဘာမှ လိုလေသေးမရှိ . . ဘယ် ရှိမလဲ . . ဘကြီး ဦးနီဆီက ရလိုက်တဲ့ အမွေက နည်းတာမှတ် လို့ . . .

အခြေအနေက ဘထွန်း လက်ခမောင်းခတ်လို့ရလာပြီ . . နေ့ခင်းနေ့လယ် လူနာအိပ်နေချိန် . . ဆေးရုံနဲ့ကပ်လျက် . . သီတာရုပ်ရှင်ရုံမှာ သွားစားသောက် အချိန်ရရင် နှစ်ယောက်သား ရုပ်ရှင်ပါကြည့်လိုက်သေးတယ် . . အောင်ငွေက ပြောတော့ . . မိသားစုက အမေတစ်ခု . . သမီးတစ်ခုတဲ့ . . တော်တော်နည်း တာပဲ . . ကောင်မလေးကိုတော့ မမေးပါဘူး . . ကိုယ့်နည်းကိုယ့် ဟန်နဲ့ စုံစမ်းရတာပေါ့ . .

"ဒီနေ့ ဘာစားမလဲ . . ."

www.foreverspace.com.mm



"ကိုကြီးသဘောလေ . . "

"ဟာ . . နေရာတကာ ကိုကြီးသဘောပဲ . . ညီမလေး သဘောလည်း . . ပြောဦးမှပေါ့ . . "

တဲ့ . . . ။

အံမယ် . . အခေါ်အဝေါ်တွေတောင် ပြောင်းကုန်ပြီ။ အနီးအနားခုတင်ပေါ်က လူနာတွေက မကြားတကြား ဆေးရုံ ဖူးစာတဲ့ . . ကောင်မလေးနဲ့ဘထွန်းက အသက်နှစ်ဆယ်လောက် ကွာတယ် . . သူ့နာမည်က မီးမီးတဲ့ . . အောင်ငွေတို့ လင်မယား ကတစ်ဆင့် ဆေးရုံကဆင်းရင် ကောင်မလေးအမေကို သွားပြော ပေးမယ်တဲ့ . . . .

ဘထွန်းကတော့ မပြောရဲဘူးလေ . . လူ့စိတ်က အဆန်း သား . . ပထမတော့ ဆေးရုံက မဆင်းပါစေနဲ့လို့ ဆုတောင်းပေး မယ်လေး ဘာလေးနဲ့ အဆင်လည်းပြေသွားရော . . မြန်မြန်ဆင်း ပါစေတဲ့ . . . .

တတ်တည်း တတ်နိုင်တဲ့ . . ဘထွန်း . . .

www.foreverspace.com.mm

## အခန်းစဉ် (၁၉)

ဘထွန်းမိသားစုကတော့ ဘာမှမသိဘူး . . ခါတိုင်းလို ငူငူငေါင်ငေါင်ကြီးနဲ့စာရင် တက်တက်ကြွကြွ ဝတ်ဝတ်စားစားနဲ့ အပြင်ခဏ ခဏထွက်နေတာ တစ်မျိုးတော့ စိတ်ချမ်းသာတာပေါ့လေ . . ဘထွန်းကလည်း သူ့ကောင်မလေးအကြောင်းကို လျှို့ဝှက်ထားတယ် . . ဖြစ်တော့မှ . . ကျိန်းသေတော့မှ ဟောဒီမှာ ဖိတ်စာ . . ဒါက ကျွန်တော့်ဇနီးလောင်း သတို့သမီးပေါ့ . . .

သူက အဲဒီ့လို ပြချင် ပြောချင် ကြွားချင်နေတာ . . ည ည ရှိခိုးလိုက်တဲ့ ဘုရား . . စိပ်လိုက်ရတဲ့ ပုတီးတွေ . . ဘုရားပန်း အညှိုးမခံဘူး . .

ခုလည်း ထွက်ဖို့ပြင်နေပြန်ပြီ . . တူတွေ တူမတွေက မုန့်ဖိုးဝိုင်းတောင်းနေသေးတယ် . . အင်မတန် ကပ်စေးနည်းတဲ့ ဘထွန်း . . ခုတလောတော်တော်လေး လက်ဖွာနေတော့ မိသားစုက ရင်ထဲ တထိတ်ထိတ်နဲ့ . . . .

"ဟေ့ . . ဘယ်လဲ ထွက်လှချည်လား . ."

www.foreverspace.com.mm

လက်ဖက်ရည်ဆိုင်က ဦးစံမြင့်ရဲ့အသံ . . လှည့်ကြည့်လိုက်တော့ ဘထွန်းနဲ့မတည့်တဲ့ ခပ်ပြတ်ပြတ်သမားကြီး . . ထိုင်နေတယ် . . .

"ထွက်လည်း . . ထွက်ရမယ် . . သွက်လည်း သွက်ရမယ်လေ . . ဦးစံရဲ့ . . ထိုင်နေလို့တော့ ဘာမှမဖြစ်လာဘူးဗျ"

ခပ်ပြတ်ပြတ်သမားကြီးက ရေနွေးကြမ်းပန်းကန်ထဲက ရေနွေးဟောင်းတွေ သွန်လိုက်ပြီးမှ . . . .

"ရပ်ကွက်ထဲ မရှိလေ ကောင်းလေပဲ . . ဒါမှ သမီးရှင်တွေ . . စိတ်ချ လက်ချ အိပ်လို့စားလို့ရမှာဗျ . . ."

ဘထွန်း ထောင်းခနဲ ဖြစ်သွားတယ် . . အိတ်ကပ်ထဲက စုံတွဲဓာတ်ပုံတစ်ပုံ ထုတ်ပြမယ်အလုပ် . . ပြီးမှ . . တောက် . . မကြာခင် ခင်ဗျားသမီးတွေထက် သာတာကိုပြမယ် . . မင်္ဂလာဆောင် မဖိတ်ဘူးဟု စိတ်ထဲက ကြိတ်ပြီးပြောလိုက်တယ် . . . ဘိလိယက်ဝိုင်းက ချာတိတ်တွေက . . . .

"ဦးထွန်း . . သိပ်သွက်နေတယ်နော် . . အလုံဘက်မှာလို့ သတင်းသဲ့သဲ့ကြားနေရတယ် . . အောင်မြင်ပါစေ . . နှစ်ထပ်ကွမ်းကြီး . . . ဟား ဟား ဟား . . ."

ဘထွန်း လက်မထောင်ပြလိုက်တယ် . . ခပ်ပြတ်ပြတ်ကြီးက . . .

"ဟွန်း . . အရူးကောင်းစား တစ်မနက်ပေါ့ . . "

တဲ့ . . . ။

## အခန်းစဉ် (၂၀)

"ဘွားဘွားရေ . . ဧည့်သည်လာတယ် . . မမချောချော လေး ဘွားဘွားရေ . . . "

အစ်မကြီး သမီးနဲ့ . . ညီမငယ် သမီးလေးက လှမ်းပြော တဲ့အတွက်ကြောင့် ဘုရားဆွမ်းကပ်အပြီး . . ထလာတဲ့ ဒေါ်ရီက အိမ်ပေါက်ဝကို စူးစမ်းတဲ့အနေနဲ့လှမ်းကြည့်လိုက်တော့ . . . ဘထွန်းရယ် . . သိန်းငါးရာထီကြီးပေါက်တဲ့ မျက်နှာနဲ့ကောင်မ လေးတစ်ယောက်ကို လက်ချင်းချိတ်လို့ ပြုံးပြုံး . . ပြုံးပြုံးနဲ့ အိမ် ပေါ်တက်လာပြီး . . .

"အမေ . . သူ့နာမည်က မီးမီးတဲ့ . . မော်ဘီမှာနေတယ် . . မိခင်ပဲရှိတော့တယ် . . တစ်ကောင်ကြွက် . . မီးမီး . . ဒါက အစ်ကိုရဲ့အမေ . . ဟိုဘက်က အစ်မနဲ့ယောက်ဖ. . ဒီဘက်က ညီမနဲ့ယောက်ဖ . . ဟိုဟာလေးတွေက သူတို့စုဗူးဖောက်လိုက်တဲ့ ဟာလေးတွေ . . ဒါပဲနော် . . အစ်ကိုတို့လည်း စုထားရမယ်"

"အို . . အစ်ကိုကလည်း ဘာတွေလျှောက်ပြောနေမှန်း

www.foreverspace.com.mm

မသိဘူး . . ”

“ဟုတ်သားပဲ သားရယ် . . ကလေးမ ရှက်နေမှာပေါ့”

“ငါတို့ယောင်းမက ညိုချောလေးဟေ့ . . . ”

အဲဒီ့အချိန်မှာပဲ . . ဟောင်ဖွာ ဟောင်ဖွာနဲ့ပြောပြီး တက်လာတာက ဦးစံမြင့်နဲ့ဦးသံချောင်း . . . .

“ကိုသံချောင်းရေ . . ဒီတစ်ခါတော့ ဖိတ်စာက ကျိန်းသေပြီနဲ့တူပါတယ်ဗျာနော် . . ဟား ဟား ဟား . . . ”

“ဘထွန်းတို့များ နယ်ကျော်ပြီး ဘယ်ကဘယ်လိုရှာဖွေလာတယ် မသိပါဘူး . . ဘာပဲပြောပြော . . ရေခဲမုန့်တစ်ခွက်တော့ တိုးပြီဟေ့ . . . ”

“အံမယ် ရေခဲမုန့်တစ်ခွက်တိုးတယ်သာပြောတာ . . ကျုပ်တို့ဘက်က လက်ဖွဲ့ဖို့ထပ်ထွက်ဦးမှာလည်း ထည့်တွက်ဦးလေ”

“ဟုတ်သားဗျ . . . ဟား ဟား ဟား . . ”

အိမ်ရှေ့ခြံတံခါးဝမှာလည်း လူစုလူဝေးနဲ့ . . ရပ်ကွက်ထဲက ဖြတ်လျှောက်လာထဲက ရှိရှိသမျှသော လူတွေအားလုံးရဲ့မျက်လုံးတွေ . . မျက်လုံးတွေ . . ပြီးတော့ ပါးစပ်တွေ . . လောကကြီးမှာ လူတွေရဲ့မျက်လုံးတွေ . . ပါးစပ်တွေဟာ မြွေပွေး . . မြွေဟောက်တွေထက် ကြောက်စရာအကောင်းဆုံးပါ . .

အကောင်းမြင်ချင်ရင်လည်း သူတို့မျက်လုံး၊ မကောင်းမြင်ချင်လည်း သူတို့ မျက်လုံး . . အကောင်းပြောချင်လည်း သူတို့ပါးစပ်၊ မကောင်းပြောချင်လည်း သူတို့ပါးစပ် ဒီမျက်လုံးတွေ ဒီပါးစပ်တွေကြားမှာ အတော်အနေရခက်ပါလားနော် . . .

“ကဲ . . ထိုင်ပါဦး သမီးရယ် . . ဒီတစ်ခါတော့ ငါ့သား

www.foreverspace.com.mm

ဘထွန်း စိတ်ချမ်းသာပါပြီ . . . ”

မီးမီးဆိုတဲ့ ကောင်မလေးက ဒေါ်ရီပြောလိုက်တဲ့ ‘ဒီတစ်ခါ’ ဆိုတဲ့ စကားကြောင့် အနည်းငယ်သတိပြုမိလိုက်တယ်။ ဘာလဲ ဒီတစ်ခါ . . ဘာအဓိပ္ပါယ်လဲပေါ့ . . ချက်ဆို နားကွက်က မီးတောက်တဲ့ဒေါ်ရီက . . .

“ဒီတစ်သက် အိမ်ထောင်ပြုမှုပြုပါတော့မလားလို့ စိတ်ပူလိုက်ရတာ ကိုစံမြင့်ရေ . . . ဒီတစ်ခါတော့ ကျွန်မ စိတ်ချရပါပြီရှင် . . မှတ်ဘူးလား . . . ”

“ဟေ့ကောင် ဘထွန်း . . ဘယ်ရက်လဲကွ . . ရက်သတ်မှတ်ပြီးပြီလား . . ဘယ်မှာလုပ်မှာလဲ . . ကြိုပြောနော် . . ဒါမှ”

“သူ့မြေးအနှီးလုပ်ထားတဲ့ ပုဆိုးကို ကြိုတင်လျှော်ဖွပ်ပြီး မီးပူတိုက်ရဦးမှာဟေ့ . . . ”

ဦးစံမြင့် စကားမဆုံးသေးဘူး . . ဦးသံချောင်းက ဝင်ပြောလိုက်တော့ ပွဲကျဖြစ်သွားရော . . .

“တီးဝိုင်းက လေးဖြူတို့ဝိုင်းလား . . ဆိုင်းသွင်းမှာလား . . ငါ့တပည့်မြန်မာပြည်ကျော်ကြား . . အဲလေ . . ကျော်စိမ်းဆိုတဲ့ ဆိုင်းရှိတယ် . . အဆိုတော်တွေအတွက်လည်း မပူနဲ့ . . အောင်မြင်ကျော်ကြား လူကြိုက်နည်းသော တက်သစ်စ ရန်ပိုင်စိုးရှိတယ် . . ဘိသိက်ပါမြှောက်ပေးလိုက်လို့ရတယ် . . ”

“တစ်ခုတော့ ရှိတယ်နော် . . ထူးထူးခြားခြားလုပ်ချင်ရင် . . ဆိုကရေးတီးမှာ ဆုရထားတဲ့ ရုပ်သေးကြိုးဆွဲကို နောက်က စတူဒီယိုအဆိုတော်ရင်ဂိုက နောက်ခံဆိုပေး . . အယ်လ်လွန်းဝါက မင်းသားလိုထွက်က . . ပြီးပြီ . . ပွဲသိမ်းပဲ . . ဘယ်သူမှမလုပ်သေးဘူး . . ဟား ဟား . . . ”

www.foreverspace.com.mm

တစ်ယောက်တစ်မျိုးနဲ့ အိမ်လေးမှာ စိုစိုပြည်ပြည်နဲ့ ဆူညံလို့နေချိန်မှာ အစ်မကြီးရဲ့သမီးက . . . .

"ဦးလေးကြီးက မင်္ဂလာဆောင်တာ နှစ်ခါရှိပြီ အန်တီရဲ့"

"ဟာ . ."

"ဟင် . ."

"ဟိတ် . ."

"ဒီကလေး . . ဘာတွေ သွားပြော . . ."

မီးမီးက ဘထွန်းကို ဇတ်ခနဲ ကြည့်လိုက်တယ်။ သြော် . . သူတို့ပြောတဲ့ 'ဒီတစ်ခါ' ဆိုတဲ့စကားအသုံးအနှုန်းဟာ ဒါပါလားလို့ပေါ့ . . ရှင်တော်တော်ရှက်စရာကောင်းအောင်လုပ်တဲ့သူ . . ရက်စက်တဲ့လူ . . ဆိုတဲ့မျက်လုံးတွေနဲ့ မီးဝင်းဝင်းတောက် မတတ်ကြည့်လိုက်တော့ . . ဘထွန်းက . . .

"မ . . မဟုတ်ဘူး . . မီး . . မီး . . က . . ကလေးက"

"ကျွန်မကတတိယမြောက်ပေါ့ . . ဟုတ်လား ဦးဘထွန်း"

"ဟာ . . မှတ်သေးပါဘူး . . သွားပြီကွာ . . အစ်မကြီး နင့်ကလေး ဘာတွေလျှောက်ပြောတာလဲ . . ကလေးက ကလေးလို မနေဘူး . ."

"ဘာမှ ကလေးကို လွှဲချမနေနဲ့ . . ကလေးစကားဟာ အမှန်တွေပဲ ထွက်တာ . . ."

"စောစောကပြောရောပေါ့ရှင် . . ငါအိမ်ထောင်နှစ်ခါကျဖူးတယ်ဆိုတာ . ."

သွားပြီ . . ဖိတ်စာလေးမှ ကိုင်ရုံရှိသေးတယ် . . ဝေတဲ့ အဆင့်မရောက်သေးဘူး . . ပွဲက ပျက်တော့မယ် . . ဦးစံမြင့်က ပွဲထိန်းတဲ့အနေနဲ့ လူကြီးပေါ့လေ . . မတတ်တတ်ရပ်လိုက်ပြီး . .

www.foreverspace.com.mm

"ဒီလို . . . ဒီလို တူမကြီးရေ . . . ဦးရှင်းပြမယ် . . အဟမ်း . . . ပထမက မောင်ဘထွန်း . . အိမ်ကပျောက်သွားတယ် . . သူပျောက်သွားတော့ ဦးသမီးပါ ပျောက်သွားတယ်"

သွားပြီ . . ဘာတွေလျှောက်ပြောနေမှန်း မသိဘူး . . ဒုက္ခပါပဲ . . ရှင်ကြီး ကျားထက်ဆိုးနေပြီ . . ကမန်းကတန်း ဦးသံချောင်းက လက်ကာပြပြီး . . . .

"မပြောတတ်ရင် မပြောစမ်းပါနဲ့ဗျာ . . . ဒီလို သမီးရေ . . ဦးက ဒီရပ်ကွက်ရဲ့ ရာအိမ်မှူးကြီးဆိုပါတော့ . . ဦးရဲ့သမိုင်းမှာ ဘာတစ်ခုမှ မဟုတ်တာ မလုပ်ဘူး . . မဟုတ်တာ မပြောဘူး . . ဒါကြောင့်မို့လည်း ဆက်အိမ်မှူးဘဝကနေ ရာအိမ်မှူးဘဝကို နေ့ချင်းညချင်း တိုးတက်လာတာပေါ့ . . ရာအိမ်မှူးကြီး ဦးသံချောင်းဆိုရင် မသိတဲ့လူ ဘယ်သူမှ မရှိဘူး . . ဒီတော့. . "

"ဦးလေး . . ဘာမှပြောမနေနဲ့တော့ . . ကျွန်တော့်ကောင်မလေး မရှိတော့ဘူး . . "

"ဟေ့ . . မင်္ဂလာပွဲပျက်တဲ့အကြောင်းလေးတောင် မပြောလိုက်ရဘူး . . "

ဘထွန်း တောက်တစ်ချက်ခေါက်လိုက်ပြီး သူ့သံသေတ္တာလေးပေါ်မှာ တင်ထားတဲ့ လည်ကတုံးအဖြူတိုက်ပုံနဲ့သာရောင်၊ ပုဆိုးအဝါကွက်စိပ်လေးကို ယူလိုက်ပြီး ငိုသံပါကြီးနဲ့ . . . .

"ဘယ်ဘဝက ကံတရားလဲကွာ . . ငါ့ဘဝအတွက် ဒီတစ်သက် . . . ဒီဘဝအတွက် ဒါတွေ အသုံးမလိုတော့ပါဘူးကွာ . . အသုံးမဝင်တော့ပါဘူး . . သွားကွာ . . သွားကွာ . . "

ဘယ်က ဘယ်လို ယူသွားတဲ့ခွေးမမှန်းတောင် မသိလိုက်ရဘူး . . စိတ်ရှိလက်ရှိ ခုတ်ထစ်ပစ်လိုက်တယ် . . အဲဒီ့အချိန် မှာ

www.foreverspace.com.mm



. . ကလေးကို ဝိုင်းရိုက်လို့ငိုတဲ့အသံကြားတော့ . . .

“ကလေးကို မရိုက်နဲ့ . . သူ အမှန်ကိုပြောတာ . . အမှန်တရားကို ဆုံးအောင်နားမထောင်သွားတာ သူကလေးကို မရိုက်နဲ့လို့ ငါပြောနေတယ်နော် . . . ”

“ဟဲ့ . . ဘထွန်း . . နေ့ခင်းကြောင်တောင်ကြီး ဘာတွေအော်နေတာလဲ . . မှန်းစမ်း . . တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲလို့ . . ဟဲ့ . . မြေးလေး . . သောက်ရေတစ်ခွက်သွားခပ်လိုက်”

ဘထွန်း သူ့တူမလေးကိုကြည့်လိုက်ပြီး . . သြော် . . ငါအိပ်မက် မက်နေတာကိုး . . ဘုရား ဘုရား တကယ်မဖြစ်ပါစေနဲ့ဗျာ . . တူမလေးရယ် . . အပြင်မှာ တကယ်မပြောလိုက်ပါနဲ့နော်လို့ ရင်ထဲက ကြိတ်ပြီးဆုတောင်းလိုက်ရတယ် . . . .

## အခန်းစဉ် (၂၁)

ဗိုလ်ချုပ်ပန်းခြံထဲက ထွက်လာပြီးပျော်လိုက်တာ မပြောပါနဲ့တော့ . . ဗျာ . . ခါတိုင်းလာရင် တစ်ယောက်တည်း သူများစုံတွဲတွေကြည့်ပြီး အားငယ်သလိုလို . . ဝမ်းနည်းသလိုလို . . ခံစားရတယ် . . ခုတော့ ဟဲ ဟဲ ဟဲ ဘယ်ရမလဲ ဘထွန်းလေ . . သူလေးနဲ့ လက်ချင်းချိတ်လို့ မိုးမမြင်လေမမြင် ပတ်ဝန်းကျင်လည်းမမြင် . . အို . . ဘာဆိုဘာမှ မမြင်တော့ဘူး . . ဘာကိုမြင်ရမှာလဲ . . မြင်နေရင် ရှက်နေဦးမယ် . . ဟိုသီချင်းထဲကလို . . တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့် . . တည့်တည့်ကြည့် . . ဘေးတိုက်ကြည့် . . ဓာတ်ပုံဆရာတစ်ယောက် ရောက်လာပြီး . .

"အစ်ကိုတို့သားအဖ ဓာတ်ပုံရိုက်ဦးမလား . . "

"ဘာကွ . . ဘာပြောတယ် . . . "

"ခစ် ခစ် . . . "

"ဩော် . . ဆောရီး . . ဆောရီး . . . ခုနက သားအဖနဲ့ ရောသွားလို့ . . အမှတ်တရဓာတ်ပုံလေးရိုက်ဦးမလားလို့ . . "

www.foreverspace.com.mm



"အစ်ကိုကြီး ရိုက်မယ်လေ . . "

"ညီမလေး သဘော . . ညီမလေး သဘော . . . "

ပြောရင်းနဲ့ သွားရည်တွေ . . ကင်မရာမင်းရဲ့ခြေဖမိုးပေါ် ကျကုန်ရော . . ရိုက်လိုက်တာမှ ပြက္ခဒိန်ရိုက်တဲ့ကောင်မလေး တွေ မော်ဒယ်လ်တွေတောင် သူတို့လောက် ရိုက်မှာမှုတ်ဘူး . . ပုံစံအမျိုးမျိုး . . . ပို့စ်အမျိုးမျိုးနဲ့ . . .

"ညီမလေး ရုပ်ရှင်ကြည့်မယ်ဆို . . သွားရအောင် . . ညပိုင်း ကာရာအိုကေလည်း သွားဆိုမယ်လေ . . "

"ဟင် . . မဆိုချင်ပါဘူး . . အစ်ကိုကြီးဆိုတဲ့ သီချင်းတွေ က . . ခေတ်ဟောင်းတေးတွေ . . ထားပါ . . အဲဒီ့ကိစ္စထက် အရေးကြီးတာက . . . ညီမလေးတို့ရဲ့ မင်္ဂလာကိစ္စ . . . "

"ကဲ ပြော . . ညီမလေးက ဘယ်လိုဖြစ်ချင်တာလဲ . . "

"ညီမလေး သဘောပြောမယ်နော် . . အကြီးအကျယ် ကြီးလုပ်လည်း မင်္ဂလာဆောင်တာပါပဲ . . သေးသေးလေးလုပ် လည်း မင်္ဂလာဆောင်တာပါပဲ . . ဒီတော့ ညီမလေးရဲ့အိမ်ရှေ့ မှာ မဏ္ဍပ်ထိုးပြီး ရေခဲမုန့်အော်ဒါမှာ . . ဒါမှမဟုတ် ဒံပေါက်ပေါ့ . . ဒါဆိုရင် မကုန်သင့်တာ မကုန်တော့ဘူး . . ပိုတဲ့လျှံတဲ့ ငွေနဲ့ ညီမလေးတို့ဘဝအတွက် လိုအပ်တာတွေ ထူထောင်ရမယ် . . ဘယ့်နှယ်လဲ သဘောတူလား . . "

အရွယ်နဲ့မလိုက်ဘူး . . စဉ်းစားတွေးခေါ် တတ်လိုက်တာ . . ဘထွန်း ဒါမျိုးတွေ တစ်ခါဖူးမှ မစဉ်းစားမိဘူး . . အသာ အယာ သူ့ပါးလေးဆွဲလိမ်လိုက်ပြီး ရင်ခွင်ထဲဆွဲသွင်းလိုက်တယ်။

ပန်းခြံအဝမှာ Taxi ငှားဖို့ လက်ချင်းယှက်ပြီး မတ်တတ် ရပ်နေတုန်း . . ခပ်လှမ်းလှမ်းက ဆံပင်နီကြောင်ကြောင်ကာလာ

နဲ့ ဂျင်းအစုတ်ကိုဝတ်ထားသော ခပ်ပေပေတေတေပုံစံမျိုးနဲ့ ချာတိတ်တစ်ယောက်က လက်ခုပ်တီးပြီး ဘထွန်းကိုလှမ်းခေါ်တော့ . . ဘထွန်းက ကြောင်သွားတယ် . .

ချာတိတ်က ဘထွန်းဘေးက မီးမီးကိုလက်ညှိုးထိုးပြတယ် . . သူနဲ့မလှမ်းမကမ်းမှာလည်း သူ့ပုံစံမျိုးနဲ့ ရပ်စောင့်နေတဲ့ ချာတိတ်လေး ငါးယောက် . . ဘာလဲဟ . . ဘယ်လိုကြီးလဲပေါ့ . . မီးမီးက ကပျာကယာ . . ပြေးထွက်သွားတယ် . . .

"အစ်ကိုကြီး ခဏစောင့်နော် . . ."

"အင်း . . ."

ဘာတွေပြောနေမှန်းတော့ မသိဘူး . . လက်ဟန်ခြေဟန်တွေနဲ့ တစ်ချက်တစ်ချက် ဘထွန်းကိုလှမ်းလှမ်းကြည့်သေးတယ် . . ဘထွန်းက မသိမသာ . . မျက်နှာလွှဲ လွှဲပစ်လိုက်တယ် . . ဘုရား . . ဘုရား . . သူ့ရည်းစားဟောင်းများလား . . သူက ပြောတော့ ရည်းစားမရှိပါဘူးတဲ့ . .

ပြီးတော့ . . အမေ့ စားဝတ်နေရေးအတွက် အလုပ်လုပ်နေရလို့ ရည်းစားထားချိန်တောင် မရှိပါဘူးတဲ့ . . ရည်းစားထားတယ်ပဲ ထားဦးတော့ . . သူ့ဘဝအားကိုးစရာဖြစ်မှထားမှာတဲ့ . . နည်းနည်းတော့ ကြာသွားတယ် . . မီးမီးက သူ့ပိုက်ဆံအိတ်လေး ဖွင့်ပြီး ပိုက်ဆံပေးနေတာ တွေ့လိုက်ရတယ် . . ထောင့်မကျိုး ဂျစ်ကန်ကန်ပုံစံတွေနဲ့ ထွက်သွားတော့မှ မီးမီး ပြန်ပြေးလာတယ်။

"ရပ်ကွက်ထဲက ချာတိတ်တွေပါ . . မုန့်ဖိုးတောင်းလို့ . . အဲဒါ . . ဟွန်း . . ကြည့် . . ဘယ်လို မျက်နှာကြီးလဲ . . မကြိုက်ပါဘူးနော် . . ခုနက ဓာတ်ပုံရိုက်သလို မျက်နှာလေးနဲ့ နေစမ်းပါ . . ကိုကြီး . . ကိုကြီး . ."



www.foreverspace.com.mm

www.foreverspace.com.mm

လက်မောင်းကိုတွဲမှီလိုက်တော့ . . ဘသားချော . . နွားကြီး . . အဲလေ . . ဘထွန်း . . ဘာခံနိုင်မလဲ . . တဟီးဟီး တဟဲဟဲနဲ့ . . ပျော့ကျသွားရော . . .

"ဒါပဲနော် . . နောက် အဲဒီ့လို ချာတိတ်တွေနဲ့ မရောနဲ့ . . စိတ်ချပါ . . ခုဟာက ကိုကြီးနဲ့ မယူရသေးဘူးလေ . . ပတ်ဝန်းကျင်သိသွားမှာစိုးလို့ . . နှုတ်ပိတ်ခ ပေးလိုက်တာပါ . ."

"ဒါချို . . ပြီးရော . ."

စကားတောင် မပီချင်တော့ဘူး . . ခုနကတော့ မျက်နှာကြီး မိုးအုံ့နေသလိုလို . . ခုတော့လည်း ချက်ချင်း နေပူလိုက်ပြီး တတ်လည်း တတ်နိုင်ပါပေ့ ဘထွန်းရယ် . . .

www.foreverspace.com.mm

# အခန်းစဉ်(၂၂)

ဘထွန်းတစ်ယောက် လက်ပေါ်နဖူးတင်ပြီး စဉ်းစားခန်းဝင်နေလိုက်သည်။ မှောက်လျက်ပေါ့ . . အိမ်မှာက အစ်မကြီးတို့လင်မယားမိသားစု . . အငယ်မလင်မယားမိသားစု . . ပြီးတော့အမေ . . နောက်တိုး ဘထွန်းတို့လင်မယား . . နောက်မကြာမီ ဘထွန်းတို့လင်မယားထံမှ နောက်တိုးလေးတွေ . . လူပို လူလျှံတွေ လာဦးမယ် . .

ဒီကြားထဲ သူ့ဘက်ကိုယ့်ဘက် အမျိုးတွေက လာလည်၊ လာအိပ်၊ လာစားကြဦးမည်။ အင်း . . ဒါတွေက နောက်ပိုင်းပြဿနာတွေ . . ခုလောလောဆယ်ပြဿနာက မင်္ဂလာဆောင်ရန် . . ရက်ပိုင်းသာလိုတော့သည်။ ဖိတ်စာဟောင်းတွေထဲက နမူနာယူပြီး ရိုက်ဖို့ကြည့်တာ တစ်ခုမှစိတ်တိုင်းမကျ . . ရေခဲမုန့်ပဲလား . . ဒံပေါက်လား . . အုန်းနို့ခေါက်ဆွဲလား . . မှတ်တမ်းဗီဒီယိုလည်း ရိုက်မှဖြစ်မယ် . . ဒါမှ သူများလင်မယားမိသားစုတွေရှေ့မှာ မကြာခဏ ကြွားပြီးဖွင့်ကြည့်လို့ရမှာ . . အစ်မကြီးတို့

www.foreverspace.com.mm

ကို စတေ . . ခါတ်ပုံပဲရိုက်တော့ . . ကြည့်ချင်တိုင်း ကြည့်လို့မရဘူး . . အယ်လ်ဘမ်ဖွင့်နေရဦးမယ် . . မတော် ဆေးတွေပျက်ရင် သွားရောပဲ . .

ပြီးတော့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာအရောင် ကောင်းမလဲ . . ဗေဒင်တော့ သွားမေးမှဖြစ်မယ် . . နေ့ခင်းမင်္ဂလာ ဆောင်ညပိုင်း သူငယ်ချင်းတွေကို လူပျိုဘဝနှုတ်ဆက်ပွဲ . . ဟာ . . မလုပ်တော့ပါဘူး . . ပိုက်ဆံကုန်တယ် . . ဒီကောင်တွေသောက်ချင်စားချင်ရင် ပိုက်ဆံပဲပေးလိုက်မယ် . . ကိုယ်ကတော့လိုက်မသွားတော့ဘူး . . ညပိုင်း အချိန်တွေ နှမြောစရာကြီး . . တန်ဖိုးရှိရှိနဲ့ အသုံးချတတ်ရမယ် . . .

ပြီးတော့ . . အဲ . . ဟုတ်ပြီ . . အရေးအကြီးဆုံးကလက်ဖွဲ့ပစ္စည်း သူ့ဘက်ကိုယ့်ဘက် ဘယ်သူမှစိတ်မချရဘူး . . အစ်မကြီး မင်္ဂလာဆောင်တုန်းက လက်ဖွဲ့ငွေ စာအိတ်နဲ့လာလက်ဖွဲ့တာ . . စာအိတ်ပဲကျန်တယ် . . အထဲကငွေတွေ ဘယ်ရောက်ကုန်မှန်း မသိဘူး . .

ဘယ်ရောက်ရမှာလဲ . . ဟိုကောင် အစ်မကြီးယောက်ျားဘက်က သူ့အမျိုးတွေ အိတ်ဖောက်ပြီးခိုးနေတာကိုတွေ့တော့ဘထွန်းကလည်း အားကျမခံ . . ခန်းမထိပ်၊ လမ်းမထိပ်ကစောင့်ပြီး လက်ဖွဲ့ငွေစာအိတ်တွေဖောက်ပြီး ယူသုံးပစ်တာပေါ့ . .

ကိုယ်မခိုးလည်း . . အဲလေ . . ကိုယ်မယူလည်း သူများယူမယ့် ဥစ္စာ . . ကြီးကြီးမားမား ခါတ်ဗူး၊ လျှပ်စစ်မီးဖို၊ မီးပူကဖျောက်ဖျက်ဖို့ မလွယ်ဘူး . . သေးသေးမွှားမွှား ရေမွှေးတို့၊ ရင်ထိုးတို့၊ ဘော်ဒီစပရေးတို့ကျတော့ မသိမသာတိုက်ပုံထဲ ထည့်လို့ရတယ် . . .

www.foreverspace.com.mm

အဲ . . ကျန်သေးတယ် . . ဧည့်ခံမယ့်အချိန် ကိုယ်ဖိတ်ထားတာက တစ်ယောက် . . သူ့နောက်က လိုက်လာမှာက မိသားစုအကုန် . . လက်ဖွဲ့တော့ ထီလက်မှတ်တစ်စောင်ရယ် . . ပြီးတော့ ရပ်ကွက်ထဲက အုတ်ရောရော ကျောက်ရောရောနဲ့ ဝင်ကြိတ် . . လစ်ရင်လစ်သလို ဖိနပ်ခိုး၊ ထီးခိုး၊ မုန့်ပါဆယ်ယူရင် ပြဿနာ . . အစားသောက်မလောက်ငှလို့ ထပ်အော်ဒါမှာရင် ကားခ၊ ဆိုက်ကားခ ထပ်ကုန်ဦးမယ် . .

ပြီးတော့ အမေတို့ ညီမတို့ အမေတို့အတွက် အဝတ်အစားမရှိဘူးဆိုရင် ဝယ်ပေးရ၊ ချုပ်ပေးရမယ် . . သတို့သမီးဘက်ကလည်း ထိုနည်းလည်းကောင်း . . တော်ပါသေးရဲ့ . . အမေတစ်ခု သမီးတစ်ခုမို့ . . ဖိတ်စာတစ်စောင်ဖြစ်လာဖို့အတွက်ကလည်း လိုသေးတယ် . .

ကွန်ပျူတာစာစီ . . စာအိတ်မှာ ဒီဇိုင်းဆွဲခ . . ဖိတ်စာလိုက်ဝေဖို့ Taxi အသုံးပြုခ၊ ဘုရား . . ဘုရား . . ဘာထွန်းတစ်ကိုယ်လုံး ချွေးတွေပျံလာတယ် . . သေတစ်နေ့ မွေးတစ်နေ့တဲ့ . . ပြောတော့လွယ်လွယ်လေး . . သေသွားတဲ့ လူကတော့ ဘာမှသိမှာမှုတ်ဘူး . . နောက်မှာကျန်တဲ့လူတွေအတွက်ကတော့ . . .

မသာစရိတ်၊ အခေါင်းကိစ္စ၊ မီးသင်္ဂြိုဟ်ရမယ့်ကိစ္စ . . ခန်းမငှားခကိစ္စ . . ယပ်တောင် . . အသုဘလိုက်ပို့မယ့် ဘတ်စ်ကား . . သတင်းစာထဲမှာ ကြော်ငြာခ . . ပြီးတော့ . . ရက်လည်ကိစ္စ . . . ဘုန်းကြီးကိစ္စ . . ဒါတောင် နာရေးကူညီမှုအသင်းရှိနေပေလို့ . . ဟော . . မွေးတစ်နေ့တဲ့ . . သူလည်း ဘာထူးလဲ . . ကိုယ်ဝန်စရှိတဲ့နေ့ကစပြီး အားနည်းရင်အားနည်းသလို ဟိုအားဆေး . . ဒီအားဆေး . . အက်ထရာဆောင်းရိုက်ရ . . ဟို

www.foreverspace.com.mm

ဟာ ဝယ်ကျွေးရ . . ဒီဟာဝယ်ကျွေးရ . . မွေးပြန်တော့လည်း ကိုယ်အပ်ထားတဲ့ အိုဂျီမှ အဆင်ပြေတာ . . တွန်းလှည်းခ၊ အပေါက်စောင့်ကိုပေးရ၊ နာ့စ်တွေပေးရ . . အနှီးပိတ်၊ ကလေး အင်္ကျီ . . မလွယ်ကူလို့ ဗိုက်ခွဲမွေးရမယ်ဆိုရင်တော့ အဟဲ့ . . လာထားပဲ . . .

ဟော . . ခုဟာက နောက်တစ်မျိုးတိုးသွားပြီ . . သေ တစ်နေ့၊ မွေးတစ်နေ့၊ ဆောင်တစ်နေ့ပေါ့ . . ဘထွန်း ဟိုရောက် လိုက်၊ ဒီရောက်လိုက်နဲ့ တွေးတာ တွေးတာ . . ဘာဆက်လုပ်ရ ပါ့ . . ဘထွန်းအောက်က ညီမ ငါးဖယ်မပဲကောင်းတယ် . . လင်နောက်လိုက်သွား . . ပြန်အပ် . . လက်ဖက်ရည်တိုက် . . ပြီး ရော . . အဲ . . ငါးဖယ်မဆိုလို့ သွားသတိရသေးတယ် . . သူ လင်နောက်လိုက်တဲ့ညက . . .

"ဝုန်း . . ဂလုံး . . ထုံး . . "

ကျွီ . . ကျွီ . . ကျွီ . . ခြေသံတွေ . . ခြေသံတွေ . .

ဘထွန်း ခေါင်းထောင်လိုက်တယ်။ ထမယ်လုပ်ပြီးမှ ဟို တစ်ခါကိစ္စ သွားသတိရလိုက်ပြီး ပြန်အိပ်လိုက်တယ်။ ဘထွန်း နည်းတူ ဒေါ်ရီကလည်း ဆတ်ခနဲတော့ လန့်နိုးသွားတယ်။ ထုံးစံ အတိုင်း ဘထွန်း ငါးထခိုးပြန်ပြီပေါ့လေ . . ဟင်း . . မနက်ကျမှ ဒင်းနဲ့တွေ့မယ်ဆိုပြီး ဘေးက အတူတူအိပ်နေတဲ့ အငယ်မ ငါးဖယ် မကို ခွပြီး ပြန်အိပ်ပစ်လိုက်တယ်။

အစ်မကြီးတို့ လင်မယားကလည်း ထိုနည်းလည်းကောင်း ပေါ့ . . ငါးနာရီထိုးလောက်လည်းကျရော . . .

"အမလေး . . ကုန်ပါပြီတော် . . ကုန်ပါပြီကော . . ဟဲ့ . . မသာ . . ဘထွန်း . . ဘထွန်း . . ထစမ်း . . ထစမ်း . . ဟို

www.foreverspace.com.mm

လင်မယား မြန်မြန်ထကြစမ်း . . .”

ဘာလဲဟ . . ဘာဖြစ်တာလဲ . . ဘာတွေကုန်တာလဲ . . အိပ်မှုန်စုံမွှားနဲ့ ကုန်းရုန်းထ . . ဘထ္ထုရီမီး ကောက်ဖွင့် . . တစ်အိမ်လုံး ဝရုန်းသုန်းကားနဲ့ . . .

“ကလေး . . ကလေး . . တက်နင်းမိမယ်နော် . . ”

“ဘာဖြစ်တာလဲ . . ဘာဖြစ်တာလဲ အမေ . . .”

“အဟီး . . ဘာဖြစ်ရမှာလဲ . . ငါ့သမီးလေး တော်လှ တော်လှနဲ့ . . ”

“တော်လှ မှုတ်ပါဘူး . . ငါးဖယ်မနဲ့ ငါးခေါင်းတိုမပါ . . အမေရယ် . . . ”

“သေချင်းဆိုး . . စောစောစီးစီး ငါ မဆဲချင်ဘူး . . ဘာတွေလာပြောနေတာလဲ . . . ”

“အမေပဲ တော်လှဆို . . နာမည်မှားနေမှာစိုးလို့ သတိပေးတာ . . . ”

“ဟင်း . . ငါကတော့ ချစ်လိုက်ရတာ . . ချီးမွမ်းလိုက်ရတာ . . အနေအထိုင်တော်တယ် . . ဗိုင်းကောင်းကျောက်ဖိ ဆိုပြီး . . . ”

“ဘယ်ကျောက်နဲ့ သွားဖိလို့တုံး . . . ”

“ဟောဒီ့ ကျောက်နဲ့ဟဲ့ . . . ”

“ချလွင် . . ချလွင် . . အမရေး . . တေပါပြီ . . အားလားလား . . . ”

ချိန်ခွင်နဲ့ပစ်ထည့်လိုက်တာ ဘထွန်းရဲ့မရှောင်ရင်လွတ်တဲ့ မဟာနှာခေါင်း . . .

“အငယ်မ . . ငါးဖယ်မ . . လင်နောက်လိုက်သွားတာ

www.foreverspace.com.mm

ကို ပြောတာဟဲ့ . . . သိပြီလား . . . ”

ဘထွန်း လှမ်းကြည့်လိုက်တော့ အမေ့ အိပ်ရာဘေးမှာ လူတစ်ယောက်အိပ်နေတဲ့ ပုံစံလေး စောင်လေးခြုံလို့ . . ဟုတ်သေးပါဘူး . . အမေထယောင်တာပဲ ဖြစ်မယ် . . ဝုန်းဆို အနားသွားပြီး စောင်ကိုခွာချလိုက်တော့ . . မခြောက်သေးတဲ့ ရေစိုအဝတ်တွေကို စုပြီး လူပုံသဏ္ဍာန်လုပ်ပြီး စောင်ခြုံပေးထားတာကိုး . . တော်တော်ဉာဏ်ပြေးတဲ့ညီမလို့ ကြိတ်ပြီးချီးကျူးလိုက်တယ်။

“လင်နောက်လိုက်တာပဲ အမေရယ် . . သေသွားတာမှ မဟုတ်တာ . . အချိန်တန် အိမ်ပြန်ရောက်မယ့် ဥစ္စာ . . ”

“ဟဲ့ . . လင်နောက်လိုက်တာကို ငါပြောတာမှုတ်ဘူး . . သူတို့ တံခါးဖွင့်ပြီး ပြန်မအိပ်ခဲ့တော့ ရှိတာတွေ သူခိုးက မ,သွားပြီဟဲ့ . . မသာကောင်ရဲ့ . . ငါက နင်မှတ်လို့ . . ထမကြည့်မိတာ . . ငါ့အမှား . . သွားပြီ . . ထမင်းချက်စားစရာ ဒန်အိုးတောင် မရှိတော့ဘူး . . ဟယ် . . အမလေးတော် . . ငါ့ . . ငါးစည်ကိုပါ ခလုတ်ဝင်တိုက်သွားသေးတယ် . . ငါးတွေ လွတ်ကုန်ပြီ . . ဟဲ့ . . ဘထွန်း . . လက်နှိပ်ဓာတ်မီး သွားယူ . . ဟိုဟာမ . . ငါးခေါင်းတို . . နင့်ယောက်ျားပါခေါ် . . ပြန်ဖမ်း . . ပြန်ဖမ်း”

မိုးမလင်းသေးဘူး . . ငါးသည်မ ဒေါ်ရီရဲ့အိမ်မှာ ငါးဖမ်းပွဲ ကျင်းပနေပြီ . . ငါးကျည်းစူးတဲ့လူက စူး . . ငါးဇင်ရိုင်းစူးတဲ့လူက စူးနဲ့ . . ပွက်လောရိုက်နေတော့တာပါပဲ . . .

ဘထွန်း ပြန်တွေးပြီး ပြုံးယောင်ယောင်သမ်းရင်းနဲ့ပဲ . . လောလောဆယ်တော့ ဖိတ်စာနဲ့ မင်္ဂလာဆောင်စူးနေပြီပေါ့ . . စူးနေပြီပေါ့ . .

www.foreverspace.com.mm

## အခန်းစဉ် (၂၃)

"တိုကင်နံပါတ် တစ်ဆယ့်ရှစ် . . ဝင်လို့ရပါပြီ . ."

ခန်းဆီးလိုက်ကာလေးမ,ပြီး အသာဝင်လိုက်တယ်။

"ဟော့လူ . . ဟော့လူ . . အဲဒါ . . အိမ်သာ . . ဆရာက ဒီဘက်ခန်းမှာ . ."

"ဩော် . . ဟုတ်ကဲ့ . . မှားသွားလို့ . . အဟဲ . ."

ဆရာရှေ့ ထိုင်မိတယ်ဆိုရင်ပဲ . . ဆရာက ငုံ့နေရာက မော့ကြည့်လိုက်တော့ . . . .

"အဟိ . . ဟီး . . ဟိ . ."

"ဘာလဲကွ . . မရှိမသေနဲ့ . . ."

သူက မျက်လုံးကြီးပြူးကြည့်လေ . . ရယ်ချင်လေပဲ . . စိတ်မရှည်တော့ဘူးနဲ့ တူပါတယ် . .

"ဒီမယ် ဗေဒင်မေးမှာလား . . အငြိမ့်ကြည့်ရင် တခြားမှာ သွားကြည့် . . ဒါ . . ဗေဒင်အခန်း . . ."

"ဟုတ် . . ဟုတ်ကဲ့ . . ဗေဒင်မေးမလို့ လာတာပါ . . အခ္ခီး . ."

"ဒါဆို . . ဘာလို့လာရယ်နေတာလဲ . ."

www.foreverspace.com.mm

မျက်နှာပိုးသတ်လိုက်ပြီး . . ဘေးက မီးမီးကို ဘထွန်း လှမ်းကြည့်လိုက်တော့ . . သူကလက်ကိုင်ပဝါလေး ပါးစပ်အုပ်ပြီး . . ခေါင်းငုံ့နေတယ် . .

"ဟေ့ မေးနေတယ်လေ . . ဘာလို့ လာရယ်တာလဲလို့"

"ဖုန်း . . "

"ဘူ . . ပီ . . "

ခုံကို လှမ်းရိုက်လိုက်တော့ ဘထွန်းလန့်သွားပြီး ဖင်အကြွ . . လေပါ ထွက်သွားတယ် . .

"တောက် ပမာမခန့် . . လူကိုလည်းရယ်သေးတယ် . . ဖင်ကပါ မလေးမစားနဲ့ . . သွား . . သွား . . ထွက်သွားကြစမ်း"

"ဟာ . . ဆရာ . . ကန်တော့ . . ကန်တော့ . . ဟိုလေ . . ဆရာက စားပွဲကိုလက်နဲ့ ရိုက်လိုက်တော့ . . လန့် . . လန့်ပြီး ထွက်သွားတာပါ . . ရယ်တာကလည်း ဆရာ ဥပမိရုပ်က အငြိမ့်တွေထဲမှာ ပါပါနေတဲ့ လူရွှင်တော်ကြီး ဦးစိန်ရှိန်နဲ့ တော်တော်တူနေလို့ ရယ်လိုက်မိတာပါ . . "

"တော်တော်တူတာ ဟုတ်လား . . "

"ဟုတ် . . ဟုတ်ကဲ့ . . "

"ဒါပေါ့ကွာ . . နာမည်တူမရှား . . လူတူမရှားဆိုတာ . . အင်း စလာကတည်းက မင်းတို့မှာ အပူက ပါလာတာကိုး . . "

"ဗျာ . . ဟို . . ဟို . . ကျွန်တော် လေလည်တာ . . "

"နိမိတ်ဆိုတာ . . အဲဒါက အစယူရတယ်ကွ . . "

"ဩော် . . လေလည်တာ အပူဓာတ်ကိုး . . ဟုတ်ကဲ့"

"ကဲ . . ဆို . . သမီးကိစ္စမေးမှာလား . . အဖေကိစ္စ မေးမှာလား . . "

www.foreverspace.com.mm

သည်တစ်ခါ ရယ်သူကတော့ သတို့သမီးလောင်း မီးမီး ရယ်ပါ . . ရယ်လိုက်တာမှ နှာခေါင်းထဲက နှာရည်တွေပါထွက်တဲ့ အထိ . . ဗေဒင်ဆရာကြီး ကြောင်သွားတယ် . . မျက်လုံးကြီးပြူး လို့ . . ဘာလဲဟပေါ့ . . ပြီးတော့မှ သူတစ်ခုခုမှားနေပြီဆိုတာ သိလိုက်ရတော့ စပ်ဖြဲဖြဲကြီး လုပ်လို့ . . .

"ကျွန်တော်တို့ မကြာခင်မှာ လက်ထပ်တော့မယ့် လင်မယားပါ . . . "

ဘထွန်းမျက်နှာက လမ်းမတော်ဖိုးတုတ် မျက်နှာနဲ့ . .

"ဩော် . . အေး အေး . . ဟုတ်ပြီ . . ဘာသိချင်ကြတာလဲ . . "

"ကျွန်တော်တို့ မင်္ဂလာဆောင်မယ့်အရပ်က သင့်တော်၏ မသင့်တော်၏ မေးမလို့ပါ . . "

ဆရာကြီးက လက်ကာပြပြီး မျက်နှာကျက်ကိုမော့ကြည့် ကာ ခြောက်ပင်မျှရှိသော မုတ်ဆိတ်မွေးအကင်းလေးတွေကို ပွတ် သပ်ပြီး သကာလ . . .

"အရှေ့အရပ်ကို မသွားနဲ့ . . "

"ဘာဖြစ်တတ်လဲ ဆရာ . . "

"သွားလမ်းရှိတယ် . . ပြန်လမ်း မရှိဘူး . . "

"အနောက် . . အနောက်အရပ်ဆိုရင်ကော ဆရာ . . "

သတို့သမီးလောင်း မီးမီးက ဝင်မေးလိုက်တယ်။ စိုးရိမ် ပူပန်နေတဲ့မျက်နှာနဲ့ . . .

"အင်း . . အနောက် . . အနောက်လည်း မကောင်းဘူး . . တော်တော်ကျဉ်းကျပ်တယ် . . ကြိုးစားမှရမယ် . . "

"ဗျာ . . ဘယ်လို . . ဘယ်လို . . "

www.foreverspace.com.mm

"စီးပွားရေးအရ . . မသွားသင့်ဘူး . . တော်တော်လေး ဒုက္ခရောက်မယ်ကိုပြောတာ . . "

"ဒါဆို တောင် သွားမယ် ဆရာ . . "

"ပိုက်ဆံကုန် . . ကျန်းမာရေး ထိခိုက်နိုင်တယ် . . . တောင်အရပ်က ပိုဆိုးတယ် . . နေဦး . . မင်းက ဘာနေ့သား လဲ . . သူကရော . . ဘာနေ့သမီးလဲ . . "

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး . . .

"ကျွန်တော်ကတောင် အဲလေ . . ဗုဒ္ဓဟူးပါ ဆရာ . . သမီးက ကြာသပတေးပါ ဆရာ . . "

"ဗုဒ္ဓဟူးသားနဲ့ ကြာသပတေးသမီး . . မှန်း . . ဦးသာ စိန်ပန်း ဒန်းလှ ကိုရှာ . . အိမ်ထောင်ဘက်အမြဲတည်တတ်ပါတဲ့"

"ဆရာ . . ကျွန်တော့်နာမည်က ဘထွန်းပါ . . ဦးသာ လည်း မဟုတ်ဘူး . . စိန်ပန်းလည်း မဟုတ်ပါဘူး . . ဆရာရယ်"

ဆရာက မျက်မှောင်ကြီးကြုတ်ပြီး . . . .

"မင်းနာမည်ကို ပြောနေတာမှုတ်ဘူး . . ခုနစ်ရက်သား သမီးတွေ အိမ်ထောင်ဘက်ရွေးချယ်လက်ထပ်သင့်သော နေ့နံ တွေကို ပြောနေတာ . . အင်း . . နေ့တော့ သိပ်မကိုက်ဘူး . . ဒါပေမယ့်လို့ . . စိတ်တော့ မပူပါနဲ့ . . ဆရာ ယတြာပေးလိုက် မယ် . . ဟုတ်ပြီလား . . ဘယ်လမှာ မင်္ဂလာကိစ္စပြုမယ်လို့ သတ် မှတ်ထားလဲ . . ကဲ ရော့ . . စာရွက်နဲ့ဘောလ်ပင် . . လိုက်မှတ် ထား . . "

"ဟုတ်ကဲ့ . . ဆရာ . . "

"ဝါဆို ဝါခေါင် ထိမ်းရင်လ . . သေကိန်းကြင်ဖော် ခေါင်း ပါးမှာ . . တော်သလင်း သားရင်း ပုတ္တရာ ခြံရံလို ဆင်းရဲရ . . 

www.foreverspace.com.mm



လနတ်တော် ပြာသိုမှာ ဥစ္စာယွင်း ကွေကွင်းကြ . . တပေါင်းခေါ် မလျော်သည့် ဤခြောက်လ . . ကြွင်းမာဠ ထိမ်းမြားမင်္ဂလာတဲ့”

သတို့သမီးက ငယ်ရွယ်သူဖြစ်သောကြောင့် နားမလည်။ ပိုဆိုးတာက ဘထွန်း . . .

“ဆရာ . . ကျွန်တော့်ကို နားလည်အောင် ပြောပြပါလား”

“ဒီလိုကွာ . . တန်ခူးလမှာ မင်္ဂလာဆောင်ရင် ချမ်းသာမယ် . . ကဆုန်လဆိုရင်လည်း ကြွယ်ဝမယ် . . နယုန်လမှာတော့ မင်းတို့လင်မယားဘေးကင်းမယ် . . သီတင်းကျွတ်ဆိုရင် ရွှေ ငွေ အဟဲ . . သားသမီး ကျေးကျွန်များမယ် . . တန်ဆောင်မုန်းလမှာ ဆိုရင်တော့ ကျွဲ နွား ဆင် မြင်း ပေါများမယ် . . တပို့တွဲလမှာ မင်္ဂလာဆောင်ရင် ရွှေ ငွေ ပြည့်စုံမယ် . . ဟုတ်ပြီလား . . အဲဒီ့ လတွေကလွဲရင် ရှောင်ပေါ့ကွယ် . . .”

“ဟုတ်ကဲ့ . . ကျေးဇူးပါပဲ ဆရာရယ် . . . ”

နှစ်ဦးသား ထိုင်ကန်တော့လိုက်တယ် . . ဆရာက ပြုံးပြုံး ကြီးကြည့်ပြီး . . .

“မင်းတို့နှစ်ယောက်အတွက် ဆရာ စကားတစ်ခု လက်ဖွဲ့ လိုက်ပါ့မယ် . . သေသေချာချာ နားထောင်ကွဲ့ . . မကြာခင်မှာ အိမ်ထောင်ပြုတော့မယ်ဆိုတော့ မိခင်အရာကို မကြာခင်မှာပဲ ရောက်တော့မှာ . . ဒီတော့ မိခင်ကောင်းတစ်ဦးဟာ ဆရာ ကောင်းတစ်ရာနဲ့ညီမျှတယ်ကွဲ့ . . ပြီးတော့ ဇနီးကောင်း၊ မယား မြတ်ရထားရင်လည်း ဆင်းရဲနေလည်း အရေးမကြီးပါဘူး . . ဇနီး ကောင်းမဟုတ်ရင်တော့ ချမ်းသာနေလည်း အလကားပါပဲ . . စိတ်အမြဲညစ်နေရမှာ . . ကဲ . . ကဲ . . သွားနိုင်ကြပါပြီကွယ်”

www.foreverspace.com.mm

## အခန်းစဉ် (၂၄)

"ကိုဘထွန်း . . ဖုန်းလာတယ် . . . "

"အေး . . အေး . . လာပြီ . . . "

ဦးစံမြင့် လက်ဖက်ရည်ဆိုင်က စားပွဲထိုးချာတိတ်တစ်ယောက်လာ အော်ပြောသွားတယ် . . . ။

"ဟဲလို . . ကျွန်တော် သတို့သားလောင်း ဘထွန်းပါ"

"ဩော် . . တင်အေး . . ပြော . . "

" . . . . . . . . . . "

"ဟေ . . ဖိတ်စာကိစ္စ . . ဟုတ်လား . . အေးလေ . . ဒီဇိုင်းဆရာ . . ကိုသန်းဦး(စနိုးဗိုက်) ကို ငါပြောပြီးပြီလေ . . . "

" . . . . . . . . . . . . . . "

"ဟုတ်တယ် . . နိုင်းနိုင်းတို့ လူမင်းတို့ထက်သာအောင် လုပ်ပါလို့ . . ဟုတ်တယ် . . သတို့သမီးက ခုနက ပုဂ္ဂိုလ်တွေထက် အဆတစ်ရာသာတယ်ကွာ . . . "

" . . . . . . . . . . . . . . . . "

www.foreverspace.com.mm

ဆိုင်ရှေ့က ဖြတ်သွားဖြတ်လာတွေရော . . ဆိုင်ထဲမှာ ထိုင်သောက်နေတဲ့လူတွေက ပြုံးတုံးပြတဲနဲ့ လှမ်းကြည့်ကြတယ်။

"ဟာ . . လုပ်မှာပေါ့ . . မင်္ဂလာမှတ်တမ်း . . ဇာတ်ကြမ်းဆိုပြီး . . အခွေလည်း ရောင်းမှာ . . အေး . . ငါတို့ ဇနီးမောင်နှံကိုယ်တိုင် လက်မှတ်ထိုးပေးမှာ . . သားကျော်ကို ပြောလိုက် . . အခွေကို မြန်မြန်ဆက်ပေးလို့ . . ဒီကောင်က ဖင်သိပ်မြဲတာ မှုတ်ဘူး . . အေး . . အေး . . ဒါပဲ . . "

ဖုန်းချပြီး ထမယ်အလုပ် . . ဖုန်းသံကမြည်လာပြန်ရော . . ကောက်ကိုင်လိုက်တော့ . . .

"ဟဲလို . . သတို့သားလောင်းဘထွန်းပါ . . . "

". . . . . . . . . . . . . . "

"ဟား ဟား . . ဘယ်သူများလဲလို့ . . ကျောက်ဖြူ . . အကယ်ဒမီကြီးရယ် . . "

". . . . . . . . . . . . . "

"စိတ်ချ . . စိတ်ချ . . စရံဗျာ . . ဘယ်လောက်ယူမလဲပြော . . ဆယ်သိန်း . . ဟုတ်လား . . တော်ပြီလား . . နက်ဖြန်တပည့် . . မောင်ထွေးကို လွှတ်လိုက် . . မှုတ်ဘူးလေ . . အမြဲရေသန့်ဗူးထဲမှာ အရက်ထည့်ထည့်သောက်နေတဲ့ နွားကြီးမောင်ထွေးကိုပြောတာ . . စက်အဖွဲ့က . . ဘယ်သူ စံသိန်း၊ ကျော်ညွန့်၊ ပြည်စိုး၊ ဖထီး၊ လှသိန်း၊ ကျော်သူစိုး . . . "

". . . . . . . . . . . . . . . "

"ဟာ . . တစ်ယောက်မှ မကြိုက်ဘူး . . ဒို့ပြင် မီးထိုး၊ မှန်ထိုးတွေ မရှိတော့ဘူးလားကွ . . လူချိန်းစမ်းပါ . . အေး . . ဟုတ်ပြီ . . ဟုတ်ပြီ . . ငါ့မင်္ဂလာဆောင်က ဟဲဗီးနော် . . .

www.foreverspace.com.mm

ဟဲဟဲဗီး . . . ”

ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ခါးထောက်ပြီး ရပ်ပြောနေတဲ့ ဘထွန်းကို ပြုံးစေ့စေ့နဲ့ တစေ့တစောင်း လူတွေက ကြည့်ကြည့်သွားတာကို အဟုတ်ကြီးမှတ်လို့ . . . .

ဖုန်းချပြီး ပြန်ထွက်မယ်အလုပ် . . ဖုန်းက ထပ်မြည်ပြန်ရော . . စားပွဲထိုးချာတိတ်က . . ပြေးကိုင်ပြီး . . . .

“ဦးဘထွန်း . . ဖုန်းတဲ့ . . ရော့ . . . ”

နီးစပ်ရာ ကုလားထိုင်တစ်လုံး ယူထိုင်လိုက်ပြီး ဟန်ပါပါနဲ့ . . .

“ဟဲလို . . ပြောပါ . . သတို့သားလောင်း ဘထွန်းပါ”

“. . . . . . . . . . . . . . . . . ”

“ဟာ . . မခေါ်ပါဘူး . . သတို့သားအရံ ဖြိုးငွေစိုး၊ ပြေတီဦး . . နိမ့်တယ် . . နိမ့်တယ် . . မလိုဘူး . . မခေါ်ဘူးလို့ ပြောလိုက် . . အလကားဆိုရင်တောင် စဉ်းစားဦးမယ် . . တခြားစဉ်းစားကြည့်လိုက်ပါဦးကွာ . . ဟုတ်ပြီလား . . အေး . . အေး . . ဒါပဲ . . ”

ဦးစံမြင့်က ကောင်တာကနေပြီး . . .

“ဘထွန်းရေ . . ဖုန်းဖိုးက မနည်းတော့ဘူးနော် . . သုံးရက်ဆက်တိုက် . . . ”

“အိုကေပါ . . ဦးစံရယ် . . ပြီးတော့ ပေါင်းရှင်းမယ် . . သုံးသိန်းမကျော်ပါဘူး . . ”

ပြောပြီး လှည့်အထွက် . . လက်ဖက်ရည်ဆိုင်ထဲကို ဖြတ်ဝင်လာတဲ့ သူထူးစံဆိုက်ကားနဲ့ . . . .

www.foreverspace.com.mm



"ဖုန်း . . . ဝုန်း . . . "

"အမရေး . . တေပါပြီ . . "

ဆိုက်ကား ခြေနင်းခုံနဲ့ . . ဘထွန်း ခြေသလုံး . . မဟာမိတ်ဖွဲ့လိုက်တယ် . . ခွေခွေလေး ဖင်ထိုင်လျက်လဲနေတဲ့ ဘထွန်းကို ဆိုက်ကားဆရာ သူထူးစံက ဆွဲထူပေးလိုက်ပြီး . . .

"ရှင်ပြုခါနီး . . သတိထားလေ . . မြစ်ထဲ၊ ချောင်းထဲ ရေမကူးရဘူး. . သစ်ပင်အမြင့်တွေ မတက်ရဘူးတဲ့ . . မှတ်ထား"

"တောက် . . အမှောင့်ပယောဂတွေ. . "

ထော့နင်း ထော့နင်းနဲ့ထွက်သွားရာ လက်ဖက်ရည်တစ်ဆိုင်လုံး ပွဲကျသွားပါတော့သည်။

**(စာကြွင်း)** သူထူးစံဟု ခေါ်ဆိုခြင်းမှာ သူ့ကိုယ်သူ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတွေ အရှည်ထားပြီး သူထူးစံကားမှန်သမျှ လက်မလွှတ်တမ်း ကြည့်သောကြောင့် ရပ်ကွက်ကပေးထားသော နာမည်ဖြစ်ပါသည်။

www.foreverspace.com.mm

## အခန်းစဉ်(၂၅)

ဘထွန်းနဲ့မမီးမီးတို့၏ မင်္ဂလာပွဲကြီးစတင်ပါပြီ။

၃. ၅. ၂၀၀၈ရက်နေ့။

မင်္ဂလာပွဲတည်ရှိရာအရပ်ကတော့ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းရှေ့တည့်တည့် မနီးမဝေး ပိန္နဲကုန်းကျေးရွာ မင်္ဂလာမဏ္ဍပ်ပုံစံက တစ်မျိုး၊ ထမင်းစားသော ကြွေပန်းကန်ပုံစံမျိုး၊ ဘေးပတ်ပတ်လည်က ပန်းခက်တွေ အော်တိုမစ်တစ်မီးလုံးတွေနဲ့ ဝန်းရံထားပြီး မင်္ဂလာစတိတ်၊ ဇာတ်ခုံက အလယ်တည့်တည့်မှာ ဒီဇိုင်းဆရာက မှတ်တမ်း၊ ဗီဒီယိုတွေရိုက်ကူးမည့် အကယ်ဒမီကျောက်ဖြူ၏ အဆက်အသွယ်နဲ့ ရုပ်ရှင်ကားကြီးတွေ ဒီဗီဒီ၊ ဗီဒီယိုတွေမှာ ဆက်တင်(ရုပ်ရှင်အခေါ်) လိုက်လုပ်ပေးသော မောင်မျိုးမင်း (ဒါရိုက်တာမဟုတ်ပါ)၏ လက်ရာ . . ရွာမှာရှိနေသော ကလေး၊ လူကြီးတွေက ဝိုင်းပြီးကြည့်နေကြသည်။ ကြည့်မှာပေါ့ . . တစ်ခါဘူးမှ မမြင်ဖူးသော မင်္ဂလာမဏ္ဍပ်ဖြစ်နေတာကိုး . . .

"ကိုဘထွန်း . . ရိုက်ကူးရေးအဖွဲ့တွေ ရောက်ပြီနော် . . စာသင်ကျောင်းမှာ ခဏနေရာချထားပေးလိုက် . . ဒံပေါက်တွေ

www.foreverspace.com.mm

လည်း ရောက်တော့မယ်တဲ့ ဖုန်းဆက်ထားတယ် . . ဒေါ်ရီတို့ ရန်ကုန်က ဦးစံမြင့်တို့အဖွဲ့နဲ့ အတူတူထွက်လာပြီတဲ့ . . . ”

တိုက်ပုံတကားကားနဲ့ သတို့သားဘထွန်း . . ဟိုပြေး ဒီလွှားပေါ့ . . လက်ထဲမှာကလည်း ဟန်းဖုန်းနဲ့ သူငယ်ချင်းဖြစ်သူ အောင်ငွေ ခဏငှားပေးထားတာ . . ဖုန်းကိုအဖွင့်နဲ့အပိတ်ပဲ လုပ်တတ်သည်။ ကျန်တာ ဘာမှမလုပ်တတ်။

“လူကြီးမင်း ဖုန်းလာနေတယ် . . . ”

“လာရင် ပြောပေါ့ကွ . . ”

ချာတိတ်တစ်ယောက်က အူကြောင်ကြောင်နဲ့ ဘထွန်းကို ကြည့်ပြီး ခါးတို့ကာ . . .

“ဦးလေး ခါးမှာချိတ်ထားတဲ့ ဖုန်းက ပြောနေတာလေ”

“သြော် . . ဟုတ်သားပဲ . . ဟဲလို . . အေး . . ပြော . . သြော် . . အောင်ငွေလား . . ကိစ္စရှိလို့ မလာဖြစ်ဘူး . . ဘာ . . လာမယ် . . သြော် . . သြော် . . နည်းနည်းနောက်ကျမယ် . . ရပါတယ်ကွာ . . . ”

လေညှင်းလေး နည်းနည်းတိုက်ခတ်လာသည်။ မိုးစက်လေးတွေ တစ်ပေါက်စ၊ နှစ်ပေါက်စ ကျလာသည်။ ပြဿနာပဲ။ မိုးရွာရင်တော့ . . အရေးထဲ သတို့သမီးက မိတ်ကပ်လိမ်းနေတာ မပြီးသေးဘူးတဲ့ . . .

“မဏ္ဍပ်အဖွဲ့နဲ့ ရိုက်ကူးရေးအဖွဲ့တွေ ထမင်းကျွေးထားလိုက်မယ် . . ”

“ဟုတ်ပြီ . . သြော် . . နေဦး . . ဒံပေါက်တွေ မကျွေးနဲ့နော် . . ”

“ရွာက ကာလသားတွေက ဝိုင်းကူညီလုပ်ပေးရလို့တဲ့ . .

www.foreverspace.com.mm

နည်းနည်းပါးပါး 'ဒါ' လုပ်ချင်တယ်တဲ့ သတို့သားကြီးရေ . . "

ပါးစပ်နားကပ်ပြီး လက်မနဲ့တေ့ပြတယ် . . . ဘထွန်း သဘောပေါက်သွားတယ် . . ချိုင်းကြားညှပ်ထားတဲ့ ပိုက်ဆံအိတ် တစ်တောင်သာသာကြီးထဲက ထောင်တန်ငါးရွက် ထုတ်ပေးလိုက်တယ် . . ။

"ကားတစ်စီး လာတယ်ဟေ့ . . လမ်းရှင်းပေးလိုက်ဦး"

"ဟာ . . ငါတို့ သတို့သမီးက အပျံစားပဲဟ . . ဟေ့ . . မိညက်ကို လာကြည့်ကြစမ်း . . . "

ရွာထဲက မိန်းကလေး ယောကျာ်းလေး တချို့ဝိုင်းလာပြီး တစ်ယောက်တစ်မျိုး ပေါက်ပေါက်ဖောက်သလို . . 'မိညက်'တဲ့။ သူ့ ငယ်နာမည်ခုမှသိရတယ် . . .

"ဘိသိက်ဆရာ . . ကိုရန်ပိုင်စိုးကို ခေါ်ခိုင်းလိုက်တော့ . . အစီအစဉ်စမယ်လို့ . . ဟို မှတ်မယ့်ဟာကြီးပါ တစ်ခါတည်း ယူခဲ့လို့ . . . "

"ခရုသင်းလို့ ထည့်ပြောစမ်းပါ . . "

လေကုပိုပြီး ပြင်းထန်လာပြီး မိုးကနည်းနည်းပိုသည်းလာပြီ . . ပြဿနာပါပဲ . . ဟော့ . . ဟော့ . . ဘိသိက်ဆရာ . . ကိုရန်ပိုင်စိုးလာနေပြီ . . .

"ဟာ . . "

"ဖုန်း . . . "

"ဖိုင်း . . အမရေး . . တေပါပြီ . . . "

နောက်က လေအရှိန်ပြင်းတော့ သူဝတ်လာတဲ့ ချိတ်ပုဆိုး . . လူတစ်ယောက် လက်နဲ့နောက်က ဆွဲလှန်လိုက်သလိုမျိုး . . ဖြစ်သွားပြီး . . သူ့ခေါင်းကို စွပ်ကာ . . ရှေ့က ရွှံ့ဗွက်အိုင်ထဲ

www.foreverspace.com.mm

ဝမ်းလျားမှောက်ပစ်လဲတော့သည်။

အဲဒီ့အချိန်မှာပဲ လေရော မိုးပါ ပိုပြင်းထန်လာပြီး အုန်းသီးတွေကြွေကျ . . အုန်းလက်တွေ ပြုတ်ကျ . . ဘယ်က လွင့်လာမှန်း မသိသော ဓနိလက်တွေ ဝဲပျံလာသဖြင့် သတို့သားလောင်း သတို့သမီးကို လက်ဆွဲ၍ ရွာလမ်းအတိုင်း ပြေးမိပြေးရာပြေးတော့သည်။

"ဝုန်း . . ဖြုန်း . . "

သွားပြီ . . မင်္ဂလာမဏ္ဍပ် တစ်စစီ . . ဟိုဟာလွင့် . . ဒီဟာလွင့်ထွက် . . ဟိုဟာပြိုကျ . . ဒီဟာပြိုကျနဲ့ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်ပြီ . . .

ပြေးရင်းလွှားရင်း ခြံစည်းရိုးတစ်ခု၏ အစွန်းထွက်နေသော ဝါးလုံးတစ်ခုနဲ့ ပုဆိုးငြိကာ ဓားနဲ့ ထက်ခြမ်းခွဲလိုက်သလို ဖြစ်ပြီး ဝမ်းလျားမှောက်ခုံကြီးအတိုင်း ရွံ့ထဲ ဗွက်ထဲ လျှောဆင်းလို့ သွားလေရဲ့ . . ပြေးတဲ့အရှိန်ရယ် . . တွဲထားတဲ့ လက်အရှိန်ရယ်၊ တိုက်မိတဲ့အရှိန်ရယ် . . အရှိန်သုံးရှိန်လောက် ပေါင်းလိုက်တော့ . . သတို့သမီးက သတို့သားလက်ထဲမှ လွတ်ထွက်သွားပြီး နီးစပ်ရာ သစ်ပင်နဲ့ မျက်နှာထပ်ပြီး မိတ်ကပ်လိမ်းလိုက်တော့သည်။

"ထုံး . . . "

"အမ . . . "

'အမလေး' ကိုတောင် ဆုံးအောင် မအော်နိုင်ရှာပါ။ ပုံလျက်သားလေး . . ဒီကြားထဲ မိုးထဲလေထဲမှာ မမြင်မစမ်းနဲ့ . . အခမ်းအနားမှူးဘိသိက်ဆရာကြီးကလည်း သူ့ပုဆိုးလိုက်ဖမ်းရင်းနဲ့ သတို့သမီးကို ကျောပေါ်တက်နင်းသွားပြီး . . သတို့သား

www.foreverspace.com.mm



လောင်းပုံစံအတိုင်း ရွှံ့တွေ ဗွက်တွေနဲ့ . . ဒိုင်ဗင်ထိုးသလို ကုန်းဆင်းအတိုင်း လျှောခနဲ ဆင်းသွားကာ . . သတို့သားကုန်းအထ . . ဖင်တည့်တည့်ကိုမှ ခေါင်းနဲ့ပြေးဆောင့်လိုက်ရာ အတွင်းခံဘောင်းဘီတိုလေးနဲ့ ကျွန်တော်တို့မင်းသားကြီး သတို့သားလောင်းဘထွန်း နီးစပ်ရာ ခြုံတစ်ခုထဲ အုန်းပင်စိုက်သလိုမျိုး ခေါင်းစိုက်နေပါတော့သည်။

“ကယ်တော်မူကြပါဗျို့ . . ဟိုး . . ဟိုး . . ”

ဂျပန်ခေတ် . . လေယာဉ်နဲ့ဗုံးကြဲသလိုမျိုး ဟိုပြေး ဒီပြေးနဲ့ . . တစ်ညလုံးမှ တစ်ညလုံး ဖိတ်စာတွေကတော့ လေထဲရေထဲမိုးထဲ ဗွက်တွေထဲမှာ ပလူပျံလို့ နေပါတော့သည် ခင်ဗျာ . . . ။

www.foreverspace.com.mm

# အခန်းစဉ် (၂၆)

"ဟိုကျင်းမရရင် ဒီကျင်း ××× ဒီကျင်းမရရင် ဟိုကျင်း ××× အားမလျှော့ပါဘူး ×××"

လို့ ဆိုတဲ့အတိုင်း ကျောက်တူးသမားလေး သီချင်းထဲက လို . . ဘထွန်းတစ်ယောက် နီးစပ်ရာဝတ်စုံတွေငှား . . မျက်နှာက ဒဏ်ရာ ဒဏ်ချက်တွေနဲ့ ရွာက ကလေး စာသင်ကျောင်းမှာပဲ မင်္ဂလာ မရရရအောင် ဆောင်မယ်ပေါ့ . . ။

သတို့သမီးကို နီးစပ်ရာ တပ်တွင်း ဆေးခန်းတစ်ခုမှာ သွားပြပြီး . . မင်္ဂလာပွဲ ဆင်နွှဲမယ် . . အခမ်းအနားမှူး ဘိသိက်ဆရာကတော့ ဆေးရုံတင်ထားလို့တဲ့။

ကံကောင်းချင်တော့ ရန်ကုန်က ကားနဲ့လာတဲ့ ဘထွန်း အမေ . . ဒေါ်ရီနဲ့တကွ . . လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးစံမြင့်တို့ ဘာမှ သိပ်ထိခိုက်မှုမရှိလိုက်ကြဘူး . . ဒီတော့ . . .

"ဦးစံမြင့် . . ခင်ဗျား တိုက်ပုံ . . ကျွန်တော့်ငှား . . ရော့ . . ခင်ဗျားက ဒါဝတ် . . အစ်မကြီး . . နင့်အင်္ကျီနဲ့ထဘီ သတို့သမီးကို ခဏပေးလိုက် . . "

www.foreverspace.com.mm

"ဟဲ့ . . ငါက ဘာဝတ်ရမလဲ . . ပြီးတော့ နင့်သတို့သမီး က မမနဲ့သာသာ . . ငါ့ခန္ဓာကိုယ်က ကြုံကြုံသင်းပုံစံနဲ့ . . .

"ကဲဗျာ . . အင်္ကျီပဲ ပေးလိုက် . . . ငါ . . ငါ . . ဘာ ဝတ်ရမှာလဲဟဲ့ . . ဒုက္ခပါပဲတော် . . ."

"ရော့ . . ရော့ . . အစ်မ ကျွန်တော့်ဟာ ဝတ်ထား"

ကင်မရာမင်းက သူ့ရှပ်အင်္ကျီချွတ်ပေးလိုက်တယ် . . ကြည့်ကောင်းလိုက်ပါ့ . . အပေါ်က ယောကျ်ားလေးရှပ်အင်္ကျီ၊ အောက်က ကြိုးကြီးချိတ်ထဘီ . . သတို့သားက တိုက်ပုံလက်တို နဲ့နဲ့ . . သတို့သမီးက အောက်က ကြိုးကြီးချိတ်ထဘီအစုတ် . . အပေါ်က မတော်တရော် တော်တော်လေးပွနေတဲ့ အင်္ကျီနဲ့ . . ။

ပြီးတော့ နောက်ကလူတစ်ယောက်က ကိုင်ထားပေးရ သေးတယ်။ ဒစ်(စ်)ပုလင်းနဲ့ ပိုက်နဲ့အပ်တန်းလန်း . . နှာခေါင်းက သစ်ပင်နဲ့ဆောင့်ထားလို့ တော်တော်ကြီးယောင်ယမ်းပြီး နှုတ်ခမ်း ကကွဲသွားသဖြင့် ပလာစတာကပ်ထားပေးရသည်။ ကျောကုန်း တက်နင်းခံထားရသောကြောင့် ခါးကရှေ့သို့ အနည်းငယ်ကော့ ကော့ကြီးဖြစ်နေသေးသည်။

"မင်းနှယ်ကွာ . . ရက်ရွှေ့ပြီး နောက်မှမင်္ဂလာဆောင် လည်း ဖြစ်တဲ့ဥစ္စာ . . ."

"ဟုတ်သားပဲ . . သတို့သားမျက်နှာ တစ်ခုလုံးလည်း နွား ချေးပုံ ကျွဲတက်နင်းထားတဲ့ ပုံစံနဲ့ . . . "

"သူ့သာပြောတာ . . . သတို့သမီးလည်း ကြည့်ဦးလေ . . အပ်တန်းလန်း . . ပုလင်းတန်းလန်းနဲ့ . . နကုန်းနကော့နဲ့ လမ်းလျှောက်နေရတာ . . ."

တစ်ယောက်တစ်မျိုး ဝိုင်းပြောကြပေမယ့် ရွှံ့တွေ ဗွက်

www.foreverspace.com.mm



တွေ ပေကျံနေသော ဖိတ်စာအစုတ်လေးကို တယုတယကိုင်ထားသော ဇာတ်လိုက်ကျော်ကြီး သတို့သား ဘထွန်းကတော့ တစ်ပြားသားမှမလျှော့ . . .

"နောက်တစ်ခါဆိုရင် မိုးကြိုးပါပစ်သွားနိုင်တယ်ဗျ . . ကျွန်တော့် ဖိတ်စာလေးတော့ ဒီတစ်ခါ အပျက်မခံနိုင်တော့ဘူး . . မဖြစ် ဖြစ်တဲ့နည်းနဲ့ရအောင်ကို မင်္ဂလာဆောင်မယ်ဗျာ . . ဦးစံမြင့် ဒံပေါက်မှာပါဗျာ . . ကိုးလုံးကွင်းကိုသွား . . အများသုံး ဖုန်းနဲ့ဆက်ပါ . . မိုးတွေထဲမှာ . . ဒီက လူတွေကိုလည်း ကုသိုလ်ဖြစ် ကျွေးရတာပေါ့ . . . "

ဒီလိုနဲ့ပဲ . . ရွာက စာသင်ကျောင်းလေးထဲမှာ ဆိုင်းမပါ ဗုံမပါ . . လူသံတွေ ဆူဆူညံညံနဲ့ သွပ်ပြားလန်ပြီး ဟာလာလင်းလင်းဖြစ်နေသော နေရာလေးမှာပဲ မင်္ဂလာဆောင်ပါပြီ . . .

"ဟေ့ . . မိညက် . . နင်ကတော့ အပျော်ကြီးပျော်နေတယ်ပေါ့ . . . နင်တို့ ငါတို့ရဲ့အမေ . . အိမ်ပြိုပြီး . . ဆေးရုံတင်ထားတာတောင် လာမကြည့်နိုင်ဘူး . . ဟုတ်လား . . "

တော်တော်လေး မူးနေပုံရသော ချာတိတ်တစ်ယောက် သူ့နောက်မှာလည်း ချာတိတ်တွေ အားလုံးက မူးနေကြသည်။

"ဟဲ့ . . ဒါပြီးရင် ငါလာကြည့်မှာပေါ့ . . မနေ့တည်းက တွေ့ပြီးသား . . ဘာမှ မစိုးရိမ်ရပါဘူး . . အိမ်က ပြိုတာ မှတ်ပါဘူးဟယ် . . ခေါင်မိုးခနိတွေ လွင့်ထွက်ကုန်တာပါ . . . "

မြင်ဖူးပါတယ် . . ဒီကောင့်ကို ဘယ်မှာမြင်ဖူးပါလိမ့်လို့ စဉ်းစားနေတာ . . ဩော် . . ခုမှ သတိရတယ် . . ဟိုတစ်ခါ ပန်းခြံက အထွက်မှာ . . မီးမီးပိုက်ဆံပေးလိုက်တဲ့ ချာတိတ် . .

"ဟား . . ဟား . . လန့်သွားလား . . သက်သက်လာဖြ

www.foreverspace.com.mm

တာပါ . . ကဲ . . ပေး ဂဲဖိုး . . ငါတို့ ဒါသွားချမလို့ . . . ”

သတို့သမီးက သတို့သားလောင်းဘက် လှည့်ကြည့်လိုက်တယ် . . ဘထွန်းက အလိုက်သိပြီးသား . . ရွှံ့ဗွက်တွေ ပေရေနေတဲ့ တစ်တောင်သာသာပိုက်ဆံအိတ်ကြီးထဲက ငါးရာတန် ရှစ်ရွက်ထုတ်ပေးလိုက်တယ် . . .

“ရှိပူရသေး . . ကုန်မှအေးပေါ့နော် . . မဟုတ်ဘူးလား”

ဝိသာခါတို့ ဝေဿန္တရာမင်းကြီးတို့တောင် ဘထွန်းကို မမီဘူးထင်တာပဲ . . ခေတ်သစ် ဝေဿန္တရာလက်သစ် ဘထွန်း . . ဖိတ်စာတစ်ခုအရင်းပြုမှုကတော့ ပေးဆပ်ရမယ့် အကြွေးတွေလည်း မနည်းပါလား . . ရွာလုံးကျွတ်နီးပါး မှာထားတဲ့ ဒံပေါက်မလောက်ဘူး . . နီးစပ်ရာ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်တွေ၊ မုန့်တွေပါထပ်မှာ . . ထပ်ကုန် . . ဗီဒီယိုကင်မရာမင်းကျော်ဖြူက အနားကပ်လာပြီး တိုးတိုးလေးပြောလိုက်တယ်။

“သတို့သား . . ကျန်တာတွေတော့ ရိုက်ပြီးနေပြီ . . ခင်ဗျားက သတို့သမီးကို ဒံပေါက်ခွံ့ကျွေးနေတာလေး ရိုက်ချင်တယ် . . ”

သတို့သားက ဦးစံမြင့်ကို လက်ဟန်ခြေဟန်နဲ့ လုပ်ပြလိုက်တယ် . . ဦးစံမြင့်ထွက်သွားတယ် . . တအောင့်လောက်ကြာတော့ ပြန်ရောက်လာပြီး လက်ခါပြတယ် . . ဒုက္ခပါပဲ . . ဘာဆက်လုပ်ရပါ့ . . .

ကင်မရာမင်း ကျော်ဖြူ ပျောက်သွားတယ် . . ဟိုရှာဒီဖွေနဲ့ . . ကျောင်းဘေးနားရေကန်ပေါင်ဘေးမှာ ဒံပေါက်အကြွင်းအကျန်တွေ ပုံထားတာတွေ့တော့ စိတ်ကူးတစ်မျိုးရသွားတယ် . . ဦးစံမြင့်ကို တိုးတိုး တိုးတိုးနဲ့ ကပ်ပြောပြီး . . .

www.foreverspace.com.mm

"ကဲ . . သတို့သားရေ . . ရပြီ . . ဟောဒီဇွန်းလေးနဲ့ ခွံ့ကျွေးလိုက် . . . ရယ်ဒီ . . ရိုက်မယ်နော် . . . "

"အိုကေ . . "

ပုံစံအမျိုးမျိုး၊ ရှုထောင့်အဖုံဖုံနဲ့ မှတ်တမ်းရိုက်နေချိန်မှာပဲ . . .

"ဟေ့ကောင် . . သတို့သား . . . "

အသံလာရာကို ကြည့်လိုက်တော့ နေ့ခင်းက ပိုက်ဆံတောင်းသွားတဲ့ချာတိတ်နဲ့အဖွဲ့ . . . .

"ကောင်လေး မရိုင်းနဲ့လေ . . မင်းကို ငါဘာလုပ်မိလို့ဆဲတာလဲ . . "

လက်ထဲမှာလည်း သစ်ကိုင်းအကျိုးအပဲ့၊ တုတ်တွေနဲ့မူးတာလည်း တော်တော်လေး မူးနေကြသည်။

"ငါရိုင်းတာပဲ ပြောတယ် . . မင်းတို့အဖွဲ့ ရိုင်းတာကပိုဆိုးတယ်ကွ . . "

"ဒါဆိုလည်း ပြီးမှပဲ ပြောပါကွာ . . နော် . . "

"မပြောနိုင်ဘူးကွ . . . "

ပြောလည်းပြော . . ဝင်လည်း ရိုက် . . .

"ခွမ်း . . ချလွင် . . . "

ရန်းရင်းဆန်ခတ်ဖြစ်ကုန်ပြီး မူးပြီးဝင်ရမ်းတာတော့ဘယ်ထွန်းလက်မခံနိုင်ဘူး . . နှစ်ဦးနှစ်ဖက် ပိုပြီးတင်းမာလာကြပြီး

"ဟေ့ကောင် . . ငါတို့ ဘာရိုင်းတာလဲ ပြောလေကွာ"

"ဘာရိုင်းရမှာလဲ . . ငါ့အစ်မမိညက်ကို ဒံပေါက် လက်ကျန်တွေကိုမှ ရွေးပြီး ခွံ့ကျွေးနေလို့ကွ . . သိပြီလား . . . "

"ဘယ်သူကျွေးတာလဲ . . "

www.foreverspace.com.mm

"မင်းကျွေးတာ . ."

"ဝေါ့ . . ဝေါ့ . . ."

သတို့သမီးက အန့်ပါလေရော . . .

"ဘယ်သူ ယူပေးတာလဲ . . မင်းမြင်လို့လား . ."

"ဘယ်သူ ယူပေးရမှာလဲ . . ဟော ဟိုက ဗီဒီယိုရိုက်နေတဲ့ လူ . . သူကအပုံထဲက ရွေးခပ် . . ဟိုလူကြီးက ပန်းကန်ပြားတစ်ချပ်ဆေးပြီး ငုတ်တုတ်ထိုင်ထည့်တယ် . . ငါက အပေါ့သွားမလို့လုပ်တုန်း တွေ့လိုက်ရတာ . . ဘာများလုပ်မလဲလို့ . . လိုက်ကြည့်တာ . . တော်တော်ညစ်ပတ်တဲ့လူတွေ . . ."

ဘထွန်းက ကင်မရာမင်းကို လှမ်းကြည့်လိုက်တော့ . .

"မရှိရှိတာ လုပ်ရတာလေ . . ဆက်တင် . . ဆက်တင်"

"ပြေးနိုင်မှ လွတ်မယ် . . ."

မိုးရွာပြီးကာစ ရွှံ့တွေ ဗွက်တွေထဲမှာ ရှေ့က ဗီဒီယိုရိုက်ကူးရေးအဖွဲ့ . . နောက်က သတို့သားနဲ့သတို့သမီးစုံတွဲ . . သူ့နောက်ကမှ သတို့သားအဖွဲ့ . . နောက်ဆုံးကတော့ တုတ် ဓားမျိုးစုံနဲ့ . . လိုက်နေတဲ့ လူအုပ်ကြီးကတော့ သတို့သမီးရဲ့ အမျိုး . . . ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းပဲ ဖြစ်ပါတော့သည် ခင်ဗျာ . . . .

**ဆက်လက်ကြိုးစားပါဦးမည်။**

**ကျော်ထူး**

**အထွေထွေသရုပ်ဆောင်**


ဟာသ သရုပ်ဆောင်
ကျော်ရိုး
၏
လုံးချင်းဝတ္ထု